
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပဉ္စ ဂုဏံ အဟံ ဝန္ဒာမိ

မင်းစက္ကု – နှစ်ဘာဝချစ်သူ

အပုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၀၂၀၆၁၁
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၆၄၀၃၁၁
ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၁-ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၃၀၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ - မြူစင်ပုံနှိပ်တိုက်
ဦးဌေးအောင် (၀၈၃၂၅)
အမှတ် (၂၀၄) ၃၁-လမ်း၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးလှနိုင် (မြတ်စာပေ)
အမှတ်-၆၆၊ ဗိုလ်ဥက္ကမလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖြန့်ချိရေး - မြတ်စာပေ (ဖုန်း-၇၀၄၄၉၀)
၂၂၁၊ ၃၁-လမ်း(အထက်)၊ ရန်ကုန်။
စီစဉ်သူ - ကိုလှနိုင် (မြတ်)
အထက်မြန်မာပြည် - နဂါးစာပေ (မန္တလေး)
ဖြန့်ချိရေး - ထွန်းဦးစာပေ (မန္တလေး)

၈၉၅.၈၃
မင်းစက္ကု
နှစ်ဘာဝချစ်သူ/မင်းစက္ကု - ရန်ကုန်
မြတ်စာပေ ၊ ၂၀၁၀ ။
၂၂၄ - စာ ၊ ၁၃ x ၂၀.၅ စင်တီ။
(၁) နှစ်ဘာဝချစ်သူ

# မင်းစက္ကု

# နှစ်ဘာဝချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

# နှစ်ဘဝချစ်သူ

## အခန်းစဉ်


၁။ ရေအောက်မြို့ဟောင်း

၂။ အိပ်မက်လား တကယ်လား

၃။ ရှေးဟောင်းနှောင်းဖြစ်

၄။ ဒဏ္ဍာရီပုံပြင်

၅။ နယ်စားမလေး မနော်ဟရီ

၆။ ထူးဆန်းသောရသေ့ကြီး

၇။ လျှို့ဝှက်ဝင်ရောက်လာသူ

၈။ ပဟေဠိဖော်လေပြီ

၉။ ကညင်ပင်ပေါ်က မင်းသမီးလေး

၁၀။ အိပ်မက်ထဲက မင်းသမီးလေး

၁၁။ ထူးဆန်းသော အိပ်မက်တူ

၁၂။ ရေအောက်မြို့တော်

၁၃။ ခြသေ့်ခေါင်းစကားဝှက်

၁၄။ ထူးဆန်းသောဂူကြီး

၁၅။ ထူးဆန်းသောပုရပိုက်

၁၆။ ညအိပ်မက်နဲ့ ညအရိပ်

၁၇။ ဆရာမလေး နေရီနှင့် ဆုံတွေ့ချိန်

၁၈။ ခရီးစထွက်ခြင်း

၁၉။ ချစ်စခင်စ ကြင်နာစ

၂၀။ နွယ်ရှင်တောင်




BURMESE CLASSIC .com

## အခန်း (၁)

# ရေအောက်မြို့ဟောင်း



www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိုလန်းဆန်းနေသော တောင်တန်းဒေသလေး တစ်ခုသည် အရှေ့မှအနောက်သို့ သွယ်တန်းနေသည်။ ၄င်းတောင်တန်းအနီးရှိ ရေကန်လေးတစ်ခုက ငြိမ်သက်နေ သည်။ ပတ်ဝန်းကျင်ရှိအသံများကလည်း ငြိမ်သက်နေသည်။

တစ်ခါတစ်ခါ ... ကျေးငှက်များအော်သံကို ကြား နေရသည်။ ၄င်းနေရာကို သူရောက်လာသည်မှာ မကြာသေး ပါ။ တကယ်တော့ ဒီနေရာလေးကို သူ့အနေဖြင့်ရောက်ချင်၍ ရောက်လာခဲ့ခြင်းမဟုတ်ပါ။ သူရဲ့စိတ်ကလှုံ့ဆော်မှုကြောင့် သာ သူရောက်လာခဲ့ခြင်းဖြစ်ပါသည်။



BURMESE CLASSIC .com



နေသူရိန်တစ်ယောက် မိမိနှင့်တစ်ပါတည်းပါလာခဲ့ သော ကျောပိုးအိတ်ကိုအောက်သို့ချလိုက်သည်။ ၄င်းအိတ် ထဲမှပစ္စည်းများကိုတစ်ခုချင်းထုတ်ကာ ဘေးၓွိစုပုံထား လေသည်။ ပစ္စည်းများက ... ရေငုပ်ရာတွင်သုံးသောပစ္စည်း များဖြစ်လေသည်။ မိမိဝတ်ထားသော အဝတ်အစားများနှင့် လဲကာ ... ရေငုပ်အဝတ်အစားများ ဝတ်ဆင်လေသည်။

ပြီးနောက် ... မိမိ၏အဝတ်အစားများကို ကျော ပိုးအိတ်ထဲပြန်ထည့်ကာ ခြုံတစ်ခုတည်း၌ဝှက်ထားခဲ့လေ သည်။ ပြီးနောက် ရေအောက်သို့ဆင်းခဲ့လေသည်။

နေသူရိန်တစ်ယောက် ရေကန်ထဲသို့ ဆင်းလာခဲ့လေ သည်။ တဖြည်းဖြည်းနှင့် ရေနက်ပိုင်းသို့ရောက်လာသည်။ နေ၏ အလင်းရောင်ကြောင့် ... ရေအောက်သို့အလင်းပေါက် နေသည်။ သူ့အနေ ဖြင့် ယခုအချိန်ထိတော့ ဘာအန္တရာယ်မှ မတွေ့ရသေးပါ။ လက်ထဲမှာတော့ မြားသေနတ်တစ်ခု၊ လက်



www.burmeseclassic.com

www.burmeseclassic.com



နိုပ်ဓာတ်မီးတစ်လက်လည်းပါလာသည်။ ဒီလိုနှင့် ရေကန်၏ အလယ်သို့ ရောက်လာသောအခါအဆောက်ဦးပျက်တစ်ခုလို လို လှမ်းမြင်နေရသည်။

ထိုအချိန်တွင် နေသူရိန်က ငှင်းအဆောက်အဦနား ကပ်သွားပြီး အခြေအနေကိုစောင့်ကြည့်လိုက်သည်။ ခဏ အကြာတွင် ငှင်းအဆောက်အဦထဲမှ ရှည်မျောမျောလေးတစ် ကောင်ထွက်လာခဲ့သည်။ ထို့ကြောင့် သူသည်ကျောက်တုံး တစ်တုံးနားကပ်ပြီး ပုန်းနေလိုက်ရသည်။ ငှင်းရှည်မျောမျော ကောင်လေးသည် သူရိန်နားမှကပ်ပြီးသွားလေသည်။ ရှေ့နား က ကျောက်တုံးနှစ်တုံးကြားသို့ ဝင်ရောက်ပျောက်ကွယ်သွား လေသည်။ သူရိန်လည်း နောက်ထပ်ဘာတွေ ထွက်လာဦး မလဲဟု ခဏစောင့်ကြည့်နေလိုက်သည်။

မကြာလိုက်ပါ... နောက်ထပ်တစ်ကောင်ထပ်ထွက် လာပြန်သည်။ သည်တစ်ခါ ထွက်လာသည့်အကောင်၏





ပါးစပ်တွင် ကြိုးလိုလိုအစကလေးတစ်စ ကိုက်လာသည် ကိုတွေ့ရလေသည်။

သို့ဖြင့် သူရိန်လည်း သူ့နားမှဖြတ်သွားသော အကောင်လေး၏ ပါးစပ်မှာပါလာသောအရာကို သေသေ ချာချာကြည့်လိုက်သောအခါ ရွှေဆွဲကြိုးလေးဖြစ်နေသည်ကို တွေ့ရလေသည်။ သူရိန်လည်း အံ့သြသောအကြည့်ဖြင့် ရှည်မျောမျောအကောင်လေးကို သေသေချာချာလိုက်ကြည့် နေမိသည်။ အဆောက်အဦထဲတွင် တစ်ခုခုတော့ရှိလိမ့်မည်၊ သိချင်သောစိတ်ဖြင့် အထဲကိုဝင်ကြည့်ချင်သည့်စိတ်က ထိန်း မရအောင်ဖြစ်နေမိသည်။

ထို့ကြောင့် ဘာပဲဖြစ်ဖြစ်ဆိုကာ အထဲသို့အရဲစွန့်ပြီး ဝင်လိုက်လေသည်။ အဆောက်အဦထဲရောက်လျှင် နေရောင် မရဘဲ မည်းမှောင်နေလေသည်။ သူရိန်လည်း ဓာတ်မီးထိုး ကာ အထဲသို့ဝင်ခဲ့လေသည်။ အဆောက်အဦမှာ နန်းဆောင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပုံစံမျိုးဖြစ်နေသည်။ သို့သော် နှစ်ပေါင်းကြာခဲ့ပြီဖြစ်၍ ရေးမှုများမပျက်ဘဲ ရှိနေလေသည်။

သူရိန်သည် ပတ်ဝန်းကျင်ကို လျှောက်ပြီးဓာတ်မီးဖြင့် လိုက်ထိုးကြည့်လိုက်သည်။ ထိုအခါ အခန်းတစ်ခုထဲမှ အလင်းတန်းလေးတစ်ခု တန်ပြန်ထွက်လာသည်ကို တွေ့လိုက်ရသည်။ သူရိန်လည်း ဘာဖြစ်မှန်းမသိ၍ ထိတ်လန့်သွားသည်။

BURMESE CLASSIC .com

၄င်းအခန်းနားသို့ကပ်သွား ပြီး အခန်းထဲသို့ လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်လိုက်သောအခါ အခန်းထဲ၌သေတ္တာနှစ်လုံးကိုတွေ့လိုက်ရသည်။ အနားသို့တိုးပြီးကပ်ကြည့်လိုက်သောအခါ ရှေးဟောင်း သေတ္တာဖြစ်နေသည်ကို တွေ့ရလေသည်။ သေတ္တာ၏ပတ္တာရှေ့တွင် ခြင်္သေ့ခေါင်းပုံနှင့် ခြင်္သေ့ခေါင်း၏နှာခေါင်းတွင် သံကွင်းတစ်ခုတပ်ထားလေသည်။





၄င်းသေတ္တာမှာ အဖုံးပွင့်နေ၍... အထဲတွင်ကျောက်သံပတ္တမြားနှင့် ရှေးဟောင်းရွှေတွေဖြစ်နေသည်။ ၄င်းအထဲမှ စိန်တစ်လုံး၏အလင်းပြန်မှုကြောင့် အလင်းတန်းတစ်ခုထွက်ပေါ်လာခြင်းဖြစ်ကြောင်းတွေ့ရသည်။

သေတ္တာနောက်တစ်လုံးကို ဖွင့်ကြည့်ချင်သည့်စိတ်ကြောင့် မနေနိုင်တော့ဘဲ မိမိတွင်ပါလာသော သံကောက်လေးထုတ်ကာ သော့ပေါက်ကိုကလန့်ပြီးဖွင့်လိုက်သည်။

သေတ္တာလည်းပွင့် ...မမျှော်လင့်ဘဲ မြင်လိုက်ရသောမြင်ကွင်းကြောင့် ...

အား ... အား ...

သူရိန်တစ်ယောက် အိပ်ရာမှလန့်ပြီးအော်ကာ နိုးလာခဲ့လေသည် ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

## အိပ်မက်လားတကယ်လား





နေသူရိန်တစ်ယောက် တကယ်လား၊ အိပ်မက်လား ဆိုသည်ကိုဝေခွဲ၍ မရနိုင်ဘဲဖြစ်နေသည်။ အဘယ့်ကြောင့် ဆိုသော် သူရောက်နေသောနေရာဒေသကလည်း အိပ်မက်ထဲ ကနေရာဒေသ ဖြစ်နေသောကြောင့်ပင် ... သည်အိပ်မက်မျိုး မြင်မက်ခဲ့သည်မှာ သုံးလေးကြိမ်မကတော့ပေ။ အိပ်မက်မြင် မက်တိုင်းလည်း ၄င်းနေရာမှာပင် အဆုံးသတ်သွားခဲ့သည် ချည်းပင်။ ထို့ကြောင့် နေသူရိန်တစ်ယောက် အိပ်ရာထဲမှ မထသေးဘဲ စဉ်းစားနေမိသည်။ ၄င်းနေရာသို့ မိမိသွားချင် စိတ်ဖြစ်ပေါ်နေမိသည်။ စိတ်ထဲမှလည်း တိုက်တွန်းနေသလို



www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရလေသည် ။

ငါသွားရင် ... တပည့်မောင်အေးကို ခေါ်သွားမှဖြစ်မယ်၊ ငါတစ်ယောက်တည်း ... အဖော်မပါဘဲသွားရင် မကောင်းဘူး ... မောင်အေးကလည်း ဒီနယ်သားဆိုတော့ သူနဲ့မှအဆင်ပြေမှာပါ၊ သူရိန်တစ်ယောက် စိတ်ထဲမှတွေးရင်း အိပ်ရာမှထလာခဲ့လေသည် ။





## မြိုင်ချေမြို့

မိမိမှာ သည်ဒေသသို့ သစ်တောအရာရှိလေးဘဝဖြင့် ရောက်ရှိလာခဲ့သည်မှာ မကြာသေးပါ။ ရောက်ရောက်ချင်းပင် ပတ်ဝန်းကျင်အားလုံးကို လှည့်လာခဲ့ပြီးဖြစ်သည်။ ၄င်းမြို့သည် မြဝတီမြို့သို့သွားရာလမ်းတွင် ရှိလေသည်။ တောင်ခြေနှင့် လည်းနီးသည်။ တစ်ဖက်နိုင်ငံ မဲဆောက်မြို့သို့ သွားရာလမ်း ပေါ်တွင်ရှိသည်။ ၄င်းဒေသသည် လူသူအရောက်အပေါက် နည်းလေသည်။ သစ်တောများထူထပ်၍ ဤဒေသမှလူများ သည် သစ်ခုတ်၊ ဝါးခုတ်အလုပ်များသာ လုပ်ကိုင်ကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သည်ဒေသကို မိမိရောက်နေသည်မှာ (၆)လပင်ပြည့်တော့မည်။ သည်ဒေသကို မရောက်မီ ... ရန်ကုန်မှာနေစဉ်ကလည်း သည်ဒေသ၏ပတ်ဝန်းကျင်အကြောင်းကိုအိပ်မက်ထဲတွင် မကြာခဏမက်လေ့ရှိသည်။ ယခုတော့... သည်ဒေသကို မိမိအမှန်တကယ်ရောက်ရှိနေခဲ့ပြီမဟုတ်ပါလား။

အလုပ်တာဝန်ဖြင့် ပြောင်းရွှေ့လာခဲ့ရသော်လည်း အိပ်မက်ထဲမှဒေသဖြစ်နေသည်။ နေသူရိန် အံ့ဩနေမိသည်။ ငါ့ရဲ့ မသိစိတ်ကများနှိုးဆော်နေလို့များလား၊ ဒါမှမဟုတ် မိမိကံကြမ္မာကြောင့်ပဲလားမသိ၊ သည်ဒေသကို တွန်းပို့နေသလိုဖြစ်နေပြီလားဟု ထင်မိသည်။

'ဆရာလေး ... ဆရာလေး ...'

ဗိုလ်တဲ၏အရှေ့ဖက်မှ သူ့အားလှမ်းခေါ်သံကြားလိုက်ရသည်။ ဒီအသံကို သူမှတ်မိနေသည်။ မောင်အေးရဲ့အသံပဲ ...





'မောင်အေး ... ဘာဖြစ်လို့လဲ၊ မနက်အစောကြီးပါလား၊ ငါလည်းနိုးနေပါပြီကွာ'

'ဆရာလေး ... ဒီမှာ ဧည့်သည်လာပို့တာပါ'

မောင်အေး ပြောလိုက်သောစကားကြောင့် အံ့ဩသွားသည်။ ဒီတောဒီတောင်ထဲမှာ ငါ့မှာအသိမရှိပါဘူး၊ ဘယ်ကများပါလိမ့် ...

သူရိန်တစ်ယောက် ကိစ္စများပြီးပြတ်အောင်လုပ်ပြီးနောက် အိမ်ရှေ့သို့ထွက်လာခဲ့သည်။ အိမ်ရှေ့ရောက်တော့ ဧည့်သည်ကိုတွေ့လိုက်ရသောအခါ ပိုပြီးအံ့ဩသွားရလေသည်။ဧည့်သည်မှာ မိန်းကလေးတစ်ယောက်ဖြစ်နေသည်။ အဝေးကလှမ်းမြင်နေရသည်မို့ သဲကွဲစွာမမြင်တွေ့ရသေးပါ။

တကယ်တော့ မိမိဗိုလ်တဲနှင့် ဂင်းတံခါးခြံက အနည်းငယ်အလှမ်းဝေးသောကြောင့် သေသေချာချာ သဲကွဲစွာမမြင်ရသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



'မောင်အေး ... ဘယ်ကလဲကွ'

'အဲဒါတော့ ကျွန်တော်လည်း မသိဘူး၊ ဆရာလေး နာမည်မေးနေလို့လာပို့တာပါ'

'ခေါ်ခဲ့လေကွာ'

'ဟုတ်ကဲ့'

မောင်အေးလည်းပြောပြီး မိုလ်တဲ၏ခြံနားသို့သွားပြီး ရပ်နေသောမိန်းကလေးကို သွားပြောလေသည်။

မောင်အေးက ရှေ့မှဦးဆောင်ပြီး အမျိုးသမီးကိုခေါ်ခဲ့ လေသည်။ အနားကိုရောက်သောအခါ ...

အင်း ... တော်တော်လှတာပဲ၊ ဒီဒေသကိုရောက် ကတည်းက တစ်ခါမှမမြင်မိပါလား၊ ကိုယ်လုံးကိုယ်ပေါက်နဲ့ အရပ်အမောင်းက ကြည့်ကောင်းနေသည်။ အင်း ... စိုးမြနန္ဒာ လိုကိုယ်လုံးနဲ့အရပ်မောင်းကြောင့် ကြည့်လို့ကောင်းကောင်း ဖြင့် ကြည့်နေလိုက်သည်မှာ ...





'ဒီက ... အစ်ကို ... အစ်ကို'

သူမ ခေါ်နေသည်ကိုမကြားဘဲ ကြည့်နေသည်မှာ မည်မျှကြာသွားမှန်းမသိတော့ပါ ... နောက်ဆုံးခေါ်လိုက် သောအသံကြောင့် လန့်သွားပြီး ...

'ဟုတ်ကဲ့ ... ပြောပါခင်ဗျာ၊ ကျွန်တော်ဘာများကူ ညီပေးရမလဲ'

မိမိအနားသို့ရောက်လာသော ဧည့်သည်အမျိုးသမီး ကို နေသူရိန်က ခရီးဦးကြိုနှုတ်ဆက်လိုက်လေသည်။

'ကျွန်မက ဒီနားကရွာကပါ ... ကျွန်မလည်း ဧည့် ညီပါပဲ၊ ကျန်းမာရေးဆရာမပါ'

'ကျွန်မ ... ဒီကအစ်ကိုကို မြင်လိုက်ရတာ ကိုယ့် ကိုယ်ကိုအရမ်းအံ့ဩမိတယ်၊ ကျွန်မနာမည်က မနေရီပါ၊ ဒီနားတစ်ဝိုက်မှာ ရန်ကုန်ကဧည့်သည်တစ်ဦးရောက်နေတယ် ကြားလို့ ကျွန်မရဲ့အသိထဲကများဖြစ်နေမလားလို့ လာပြီး



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်တာပါ၊ အခုလို ကျွန်မအပေါ် အရေးတယူဧည့်ခံတာကို ကျေးဇူးတင်ပါတယ် '

နေရီတစ်ယောက် ကျေးဇူးတင်စကားပြောပြီး စိတ်ထဲတွင် အရင်းနှီးဆုံးလူတစ်ယောက်နှင့် ပြန်တွေ့ရသလိုခံစားနေမိသည်။ ဘာကြောင့်လဲဆိုသည်ကိုတော့ ပြောမပြတတ်ပေ။

နေသူရိန်မှာလည်း မိန်းကလေးပြောတာကို နားထောင်ပြီး စိတ်ထဲမှာတော့ သူ့ကိုအရင်းနှီးဆုံးသူတစ်ဦးကို တွေ့ဖူးသလိုခံစားနေရသည်။ သူမကိုတော့ဖွင့်မပြောပါ။ သို့သော် မပြောဘဲလည်းမနေနိုင်ဖြစ်နေသဖြင့် ...

'ဒီက ညီမကို ... အစ်ကို တစ်နေရာမှာတွေ့ဖူးသလို ခံစားနေရတယ်၊ ဘယ်မှာလဲဆိုတာကိုတော့ စဉ်းစားလို့ မရဘူး '

'ဟုတ်တယ်အစ်ကို၊ ညီမလည်းဒီအတိုင်းပဲ ခံစားရတယ်၊ ဘယ်မှာတွေ့ခဲ့သလဲဆိုတာ စဉ်းစားမရဘူးဖြစ်နေ





တယ် '

'တစ်ယောက်နဲ့တစ်ယောက် နာမည်တွေမိတ်မဆက်ရသေးဘဲ စဉ်းစားနေလို့မပြီးသေးဘူး ... ကျွန်တော်ကပဲစပြီး မိတ်ဆက်ပါ့မယ် '

'ကျွန်တော့်နာမည် ... နေသူရိန်ပါ၊ ဒီနယ်ကို ပြောင်းလာတဲ့ သစ်တောအရာရှိပါ၊ ကျွန်တော်ရောက်တာ (၆)လ မပြည့်သေးပါဘူး၊ ရန်ကုန်က ပြောင်းလာတာပါ၊ မိဘတွေကတော့ ရန်ကုန်ဇာတိပါ၊ ကျွန်တော့်အကြောင်းကတော့ ဒါပါပဲခင်ဗျား ...'

'ကျွန်မကနေရီပါ ဒီနယ်ကိုရောက်နေတာတော့ ကြာပါပြီ၊ကျန်းမာရေးမှူးပါ၊ ဇာတိကတော့ပုသိမ်ဇာတိပါပဲ၊ မိဘတွေကတော့မရှိတော့ပါဘူး .. ဒါဆိုရင်ရလောက်ပါပြီနော် '

'အစ်ကို့ကို မြင်မြင်ချင်း အစ်ကိုရင်းတစ်ယောက်လို စိတ်ထဲမှာ ခင်မင်မိတယ်၊ မိတ်ဆွေဟောင်းတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေ့ရသလိုမျိုးလည်း စိတ်ထဲမှာခံစားရတယ်၊ အရမ်းလည်းဝမ်းသာမိပါတယ် '

သူရိန်တစ်ယောက် နေရီပြောနေသည်ကို နားထောင်နေသော်လည်း စိတ်ကမူတစ်နေရာကိုရောက်နေသလို ခံစားနေရသည်။

နေသူရိန်တစ်ယောက် သတိပြန်ဝင်လာပြီး ...

'ဪ ... ဟုတ်ကဲ့ပါ၊ ကျွန်တော်လည်း မနေရီလိုပါပဲ၊ တွေ့ရတာဝမ်းသာမိပါတယ်၊ ဘာပဲဖြစ်ဖြစ်လေ ... ကျွန်တော်တို့နှစ်ယောက်စလုံး ဧည့်သည်တွေဆိုတော့ တစ်ယောက်ကိုတစ်ယောက် ကူညီရမှာပေါ့၊ ဒီက မနေရီလည်းလိုအပ်တာရှိရင် ... အကူအညီလိုရင်ပြောပါ '

'ရွာထဲကဆိုတော့ ဒီကောင် မောင်အေးလည်းရှိနေတာပဲ၊ မှာလို့ရပါတယ် ...'

'ကျွန်တော်ကတော့ ရွာပြင်ဗိုလ်တဲမှာအမြဲရှိပါတယ်'





'ဟုတ်ကဲ့ ... အခုလိုကြားရတာ ကျွန်မဝမ်းသာပါတယ်၊ နောက်မှပဲလာပြီး စကားတွေအများကြီးပြောတော့မယ်၊ အခုတော့ မိတ်ဆက်ရလို့ဝမ်းသာပါတယ်၊ ကျွန်မလည်း အလုပ်ရှိလို့ရွာထဲပြန်လိုက်ဦးမယ် ... ကိုသူရိန် '

မောင်အေးတစ်ယောက် ဆရာမလေးပြောနေသော စကားများကိုနားထောင်ရင်း ခြံထိပ်မှစောင့်နေသည်။ ဆရာမလေးကို သူလိုက်ပို့ရဦးမယ် မဟုတ်ပါလား ။

ဆရာမလေးပြန်လာသည်နှင့် မောင်အေးက ...

'ဆရာမလေး ... ပြန်တော့မလား '

'ဟုတ်ကဲ့ ... '

'ကျွန်တော် ပြန်လိုက်ပို့ပေးပါ့မယ် '

ထိုအချိန်တွင် သူရိန်က ဆရာမလေးကိုလှမ်းပြီး ခေါ်လိုက်သည်။

'မနေရီ ... မနေရီ ...'



www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေးက သူရိန်ခေါ်သံကြား၍ လှည့်ကြည့်လိုက်သည်။

'မနက်ဖန်တနင်္ဂနွေဆိုတော့ ကျွန်တော်လာခဲ့မယ်'

နေရီက သူရိန်လှမ်းပြောလိုက်သောစကားကို သူရိန်အားနှစ်လိုဖွယ်အကြည့်ဖြင့်ကြည့်လိုက်ရင်း ခေါင်းညိတ်ပြလိုက်သည်။

သူရိန်တစ်ယောက် မနေရီပြန်ကြည့်လိုက်သောအကြည့်ကို အဓိပ္ပါယ်ပါသောမျက်လုံးဖြစ်ကြောင်းသိလိုက်သည်။ နေရီအား မျက်စိအောက်မှပျောက်ကွယ်သွားသည်အထိကြည့်နေမိသည်။

ယခုမှတွေ့ရသော နေရီတစ်ယောက်ကို ကာလကြာမြင့်စွာက တွေ့ခဲ့ရသောသူတစ်ယောက်လို စိတ်ထဲမှာခံစားမိသည်ကို သူမှလွဲ၍မည်သူက သိနိုင်ပါမည်နည်း ။

♥♥♥♥♥





## အခန်း (၃)

## ရှေးဟောင်းနှောင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဒီည မောင်အေးကို ဗိုလ်တဲသို့ခေါ်ထားသည်။ သူ့ကို ဒီကိုလာရန်အတွက် အစားအသောက်နှင့် မျှားခေါ်ရလေသည်။ ဒီနေ့ အမဲရထားသည်၊ ညကျရင် စကားပြောရင်း စားကြရအောင် ... ဒီညလာခဲ့ဖို့ မှာထားလေသည်။ တကယ်လည်း သူအမဲပစ်ထွက်ခဲ့သည်။ အမဲပစ်ရင်းနှင့် သူမမျှော်လင့်သောနေရာလေးတစ်ခုသို့ရောက်ခဲ့လေသည်။

ဒီနေရာလေးကို သူဘယ်လိုရောက်သွားမှန်းမသိလိုက်ပါ။

သူ့အဖြစ်က ဒီလို ... ဒီလို ...





သူရိန်က အလုပ်သမား ၄/၅ ယောက်ကို ကြိုတင်ခေါ်ထားလေသည်။ အဘယ့်ကြောင့်ဆိုသော် ဒီနေ့တောထဲသွားပြီး သစ်များကိုတိုင်းတာမည်၊ ခုတ်သင့်သည့်အပင်ကို ခုတ်လှဲပြီး မခုတ်သင့်သည့်အပင်များကို ခြံခတ်သင့်လျှင် ခြံခတ်ရန်အတွက်ပင်ဖြစ်သည်။

သူရိန်တစ်ယောက် အလုပ်သမားများကို စောင့်နေရင်း ...

အတွေးရေယာဉ်ကြော၌ နစ်မျောနေမိသည်။

'ဆရာလေး ... ဆရာလေး ... ကျွန်တော်တို့ရောက်ပြီ၊ ခြံဝမှာ အလုပ်သမားတွေစောင့်နေတယ်'

အလုပ်သမားတစ်ယောက်လာခေါ်မှပင် သူသတိဝင်မိသည်။

'ဩော် ... အေး ... အေး ...'

သူ့အားလာခေါ်နေသူမှာ မောင်ကြိုင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြိုင်မှာ အလုပ်သမားခေါင်းဆောင်တစ်ယောက်ဖြစ်လေသည်။ အလုပ်သမားများလိုချင်လျှင် မောင်ကြိုင်ကိုပြောလိုက်ရုံသာဖြစ်သည်။

မောင်ကြိုင်လာခေါ်မှ ... သူ့အတွေးစကိုဖြတ်လိုက်ပြီး ယူစရာပစ္စည်းများကိုယူပြီး တံခါးများပိတ်ကာ မောင်ကြိုင်နှင့်အတူ တောထဲဝင်ခဲ့လေသည်။

ရှေ့မှသွားနေသူမှာ အလုပ်သမားတစ်ယောက်ဖြစ်ပြီး၊ သည်တောကိုကျွမ်းကျင်ပြီးသားဖြစ်သည်။ တစ်နေရာအရောက်တွင် သူရိန်တစ်ယောက် သစ်ပင်တစ်ပင်ကိုလှမ်းကြည့်လိုက်သောအခါ အလွန်ထူးခြားပြီး အလွန်ကြီးမားသောအပင်တစ်ပင်ဖြစ်နေလေသည်။

၄င်းအပင်မှာ ကညင်ပင်ကြီးဖြစ်လေသည်။ အပင်ကြီးမှာ လူလေးငါးယောက်ဖက်စာမျှ ကြီးမားလှသည်။ သို့သော် ... အပင်၏ ခါးလည်လောက်မှ အောက်ခြေအထိ





တစ်ဝက်ထိချိုင့်ဝင်နေသည်ကိုတွေ့ရလေသည်။ ချိုင့်ဝင်နေသည်ကလည်း ဓားနှင့်ချိုင်ထားသလိုမျိုး သို့မဟုတ် ရေတိုက်စား၍ချိုင့်ဝင်နေသည်မျိုး ဖြစ်နေပေသည်။

သည်အပင်ကြီးကိုကြည့်ပြီး သူရိန်တစ်ယောက် စိတ်ဝင်တစားကြည့်နေမိလေသည်။ ထိုအခါ မောင်ကြိုင်က ...

' ဆရာ ... ဒီအပင်က နှစ်တစ်ရာကျော်ပြီ၊ အခုထိဒီအတိုင်းပဲ၊ ဒီအပင်က ရာဇဝင်ရှိတယ်၊ ဒီအပင်ကို ဘယ်သူမှ မခုတ်ကြဘူး၊ ခုတ်လည်း မခုတ်ရဲကြဘူး '

' ဘယ်လို ရာဇဝင်ရှိတာလဲ ... အစ်ကို့ကို သိသလောက်ပြောပြပါလား '

' ဒီလိုဆရာ ... အရင်က သစ်တောအရာရှိတစ်ယောက်ရောက်ဖူးတယ်၊ ဒီအပင်ကိုခုတ်ဖို့ဆိုပြီး အလုပ်သမားတွေကို တာဝန်ပေးတယ်၊ အလုပ်သမားတွေက နယ်ခံဆိုတော့ ဒီအပင်အကြောင်းကိုသိတယ်၊ ဒါပေမဲ့ ... ဆရာရဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားကိုမလွှန်ဆန်နိုင်လို့ ဘာမှပြန်မပြောကြဘူး၊ ဒါပေမယ့် အလုပ်သမားခေါင်းဆောင်က သူ့ဆရာကိုသတိတော့ပေးတယ်၊ ဒီအပင်အကြောင်းကို နည်းနည်းပါးပါးပြောပြတာပေါ့၊ ဒါကိုသူ့ဆရာက မယုံဘူးလေ …၊ ဒါနဲ့ နောက်တစ်နေ့ အပင်ကိုခုတ်ဖို့အလာမှာ ရှေ့ဆုံးကအလုပ်သမားက သူ့ရှေ့ ၁၀ပေအကွာလောက်မှာ ရွှေရောင်အဆင်းရှိတဲ့ မြွေကြီးတစ်ကောင်ကိုတွေ့တယ်၊ အဲဒီမြွေက ရှေ့ဆုံးကသွားတဲ့လူကိုပေါက်လိုက်တယ်၊ ဒါကို ကျန်တဲ့လူတွေကမြင်တော့ ရွှေရောင်အဆင်းရှိတဲ့မြွေကြီးကို သိနေတာကြောင့် အားလုံးလာရာလမ်းအတိုင်း ပြန်ပြေးကုန်ကြတယ်။ သစ်တောအရာရှိလေးလည်း သူကိုယ်တိုင်မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် တုန်လှုပ်ချောက်ချားပြီး ဒီအပင်ကိုမခုတ်ဖြစ်လိုက်ဘူး၊ နောက်တော့ သစ်တောအရာရှိလေးလည်း ဒီကပြောင်းသွားတော့တာပဲ ’





မောင်ကြိုင်က နေသူရိန်အားဆက်ပြီးပြောလိုက်သည်။

‘ ဒီအပင်မှာ အစောင့်ရှိတယ်ဆိုတာ … တစ်ရွာလုံးသိကြတယ်၊ အဲဒီကတည်းက ဒီအပင်ကိုဘယ်သူမှ မခုတ်ကြတော့ဘူး၊ ဒီနေ့ထိပါပဲဗျာ … ’

နေသူရိန်တစ်ယောက် ဒီအပင်ကိုကြည့်ပြီး စိတ်ထဲမှတစ်ဦးတစ်ယောက်ကိုမြင်ရသလို အာရုံထဲ၌ အတိတ်ဘဝကိုပြန်ပြီးမြင်ယောင်နေသလိုမျိုး ခံစားနေရသည်။ တစ်ခဏတာစိတ်အာရုံလွင့်မျောမှုကို အသိစိတ်ကပြန်လည်ထိန်းချုပ်နိုင်၍သတိပြန်ဝင်လာကာ အနားတွင်ရှိနေသော တပည့်များအားကြည့်လိုက်မိသည်။

တပည့်များက သူတို့ဆရာ အပင်ကြီးကိုကြည့်ပြီးစိတ်ဝင်တစားကြည့်နေသည်ကို တွေ့လိုက်ရသည်နှင့် မေးမြန်းခြင်းမပြုကြဘဲ ဆရာ့ထံမှထွက်ပေါ်လာမည့်စကားကို



www.burmeseclassic.com

www.burmeseclassic.com



သာမျှော်လင့်နေကြလေသည်။ ဒါကို ...နေသူရိန်တစ်ယောက် သတိထားမိသဖြင့် –

"ကဲ... မောင်ကြိုင် မင်းတပည့်တွေကို တာဝန်တစ်ခုပေးလိုက်ပါ... ဒီအပင်ကိုခြံခတ်ပြီး စာတန်းတစ်ခုချိတ်ဆွဲလိုက်ပါ။ (**မည်သူမျှ ဒီအပင်ကိုမခုတ်ရ**) လို့ "

'ဟုတ်ကဲ့ပါ ဆရာလေး ...'

ကျန်အပင်များကို ဆက်ပြီးလှဲလာ၍ လုပ်စရာရှိသည်များကို လုပ်ကိုင်လိုက်ရသောကြောင့် ပင်ပန်းပြီးဆက်လုပ်ချင်သည့်စိတ်များမရှိတော့သဖြင့် စောစောအလုပ်သိမ်းကာ ပြန်ခဲ့ကြလေသည်။

နေသူရိန်တစ်ယောက် ဗိုလ်တဲသို့ပြန်ရောက်သောအခါ စိတ်ထဲကမလန်းဆန်းဘဲ ဖြစ်နေသည်။ တောထဲတွင်တွေ့ခဲ့ရသည့် သစ်ပင်ကြီးကို စိတ်ထဲမှာတစ်မျိုးဖြစ်နေမိသည်။ ဒီအပင်ကို မိမိရင်းနှီးစွာတွေ့မြင်ဖူးသူတစ်ယောက်လို ခံစား





နေရသည်။ သို့သော် မည်သည့်အချိန်ကဖြစ်သည်ကိုတော့ ပြောမပြတတ်ပါ။

'ငါ ဘာဖြစ်လို့များ ဒီအပင်ကြီးကို စိတ်ဝင်စားနေပါလိမ့်၊ ဒီအပင်ကို တွေ့လိုက်ရတဲ့အချိန် စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ အေးလေ ဒါတွေသာတွေးနေရင် ငါရူးသွားနိုင်တယ်၊ ဒီတော့ မတွေးတာပဲကောင်းပါတယ်၊ ဒီနေ့ည မောင်အေးလာရင် ဒီအပင်အကြောင်းကိုမေးကြည့်ရမယ်၊ မောင်အေးက ဒီရွာချက်မြှုပ်ဆိုတော့ ...သူသိနိုင်တယ် '

'မောင်အေးခေါ်လာတဲ့ ဆရာမလေး ...နေရီကိုလည်း မြင်ကတည်းက စိတ်ထဲမှာတစ်မျိုးပဲ၊ သူကလည်း ဘာကြောင့် ငါ့ကိုတွေ့ချင်ရတာလဲ ...'

ဒါတွေကိုတော့ မောင်အေးလာမှမေးကြည့်တော့မည်။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

## ဒဏ္ဍာရီပုံပြင်





တောင်ခြေရွာလေးဖြစ်၍ ညနေ ၅နာရီဆိုလျှင် မှောင်လာသည်။ နေသူရိန်တစ်ယောက် မောင်အေးအလာကို မျှော်နေမိသည်။ ဒီနေ့ မောင်အေးလာအောင်လည်း သူကမက်လုံးပေးပြီး ခေါ်ထားလေသည်။

ဆတ်သားမ်းဖုတ်နဲ့ . . . ရမ် အရက်တိုက်မည်ဟုပြောထားသည်။ မောင်အေးက ဆရာမက်လုံးပေးပြီး ခေါ်မှန်းသိနေသည်။ သို့သော်လည်း သူ့ဆရာခေါ်သည့်အခါတိုင်း လာနေကျမို့ ဆရာဘာပဲပြောပြော လာရမည်မဟုတ်ပါလား

မောင်အေးရောက်လာသည် ။

'ဆရာ ... ဆရာ ... ကျွန်တော်ရောက်ပြီ '



www.burmeseclassic.com

www.burmeseclassic.com



မောင်အေးက ခြံဝမှလှမ်းပြီးအသံပေးလိုက်သည်။

' မောင်အေးလား ...လာလေ၊ ငါစောင့်နေတယ် '

အချိန်မှာ ညနေ(၆)နာရီထိုးတော့မည်။ ပတ်ဝန်းကျင်ကလည်း မှောင်နေပြီ၊ အအေးဓာတ်ကလည်း လွှမ်းခြုံလာပြီ၊ ဒီအလိုအချိန်မျိုးတွင် ဆတ်သားမီးဖုတ်နှင့် ရမ်လေးတစ်ပက်နှစ်ပက်လောက်ချလိုက်ရလျှင် အတော်ပဲမဟုတ်လား ။

ယခု မောင်အေးလာပြီဆိုတော့ သူရိုန်တစ်ယောက် ရေနွေးအိုးထဲသို့ ရေနွေးများထည့်နေသည်။

မောင်အေးဝင်လာပြီး ...

' ဆရာ ဘာတွေလုပ်နေတာလဲ '

' မင်းလာရင်စားဖို့ ဆတ်သားမီးဖုတ်နေတယ်လေ၊ ရေနွေးလည်းထည့်ထားတယ်၊ ဒီမှာ ရမ်လည်းဝယ်ထားတယ် '

' အာ ...ဆရာကလဲ ဒါတွေမလိုပါဘူးဗျာ၊ ဖယ်





ဖယ် ၊ ကျွန်တော်လုပ်လိုက်မယ်၊ ဆရာသာ အပြင်မှာသွားထိုင်နေပါ၊ ဒါတွေ ကျွန်တော့်တာဝန်ထားလိုက်ပါ '

' အေးပါကွာ ...မင်းလာမှပဲ ငါနားရတာပေါ့၊ ငါအပြင်ကပဲ စောင့်နေတော့မယ် '

သူ့ဆရာက ပြောပြီးထွက်သွားသည်။ မောင်အေးတစ်ယောက်သာ အလုပ်လုပ်ကိုင်ရင်းကျန်ခဲ့သည်။

သူရိုန်လည်း ဝရံတာတွင် အဆင်သင့်ချထားသော ကုလားထိုင်တွင်ဝင်ထိုင်ရင်း အရှေ့သို့ငေးကြည့်နေမိသည်။ မိမိ၏ဗိုလ်တဲကလေးက တောင်ခြေရင်းတွင်ရှိနေ၍ ပတ်ဝန်းကျင်မှာတိတ်ဆိတ်နေ၏။ အိမ်ရှေ့တွင် မီးပုံးလေးတစ်ခုထွန်းထားလေသည်။ မောင်အေးလာလျှင် ထိုင်ရင်းစကားပြောရန်အတွက် စောင့်ဆိုင်းနေလေသည်။

ခဏအကြာတွင် မောင်အေးတစ်ယောက် လင်ပန်းတစ်ချပ်ဖြင့် ရေနွေးအိုးကိုကိုင်ကာ ထွက်လာသည်ကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

'ဆရာ ပျင်းနေပြီလား ...'

'မပျင်းပါဘူးကွာ၊ မင်းရောက်နေပြီပဲ၊ ငါ့မှာစကား ပြောဖော်ရပြီပဲ'

'အားလုံးပြီးခဲ့ပြီလား ...လာ ...လာ ...ဆရာကူ ပေးမယ်'

သူရိန်တစ်ယောက် မောင်အေးယူလာသော လင်ပန်းနှင့် ရေနွေးအိုးကိုလှမ်းယူလိုက်ပြီး မိမိအနားတွင်ရှိသော စားပွဲပေါ်သို့ တင်ပေးလိုက်သည်။

နောက် သူကအခန်းထဲဝင်သွားပြီး ရမ်တစ်လုံးယူလာခဲ့လေသည်။ ရမ်ကတော့ သူကြိုက်လှသည်မဟုတ်ပါ၊ ဧည့်သည်များလာလျှင် ဧည့်ခံရန်အတွက်ဖြစ်သည်။ ယခုတော့ မောင်အေးကို ဧည့်ခံရမည်မဟုတ်ပါလား ။

နေသူရိန်တစ်ယောက် မောင်အေးဘေးနားက ထိုင်ခုံ





တွင်ဝင်ထိုင်လိုက်သည်။

'ဆရာလေး ... ဒီနေ့တစ်နေ့လုံး ဘာဖြစ်နေတာလဲ၊ မျက်နှာလည်းမကောင်းပါလား'

'အေးကွ၊ ငါလည်း ကိုယ့်ကိုယ်ကို ဘာဖြစ်နေမှန်း မသိဘူး၊ တစ်ခုခုကို သိချင်နေသလိုပဲ'

'ဆရာက ဘာသိချင်နေတာလဲ ... ကျွန်တော်ပြောပြမယ်လေ'

'မင်းကို ဆရာတစ်ခုမေးမယ်၊ ဒီရွာဟာ အရင်က ဘာရွာလို့ခေါ်သလဲ'

'တောင်သာရွာလို့ခေါ်ပါတယ်'

'ဒီနေရာ၊ ဒီဒေသကို ငါ့စိတ်ထဲမှာသိနေသလိုပဲ၊ အရင်ကရောက်ဖူးတယ်လို့လည်း ခံစားနေရတယ်။ ပြီးတော့ ဟိုကညင်ပင်ကြီးရယ် ၊ ရေအိုင်ရယ် ... ဒါတွေကိုလည်းသိနေသလိုပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဆရာ အရင်ကရောက်ဖူးလို့လား၊ ဒါမှမဟုတ် ကလေးဘဝတုန်းက ရောက်ခဲ့လို့လား '

'အဲဒါတွေ တစ်ခုမှမဟုတ်ဘူး၊ ငါ့စိတ်ထဲမှာတော့ ဒီဒေသဟာ မစိမ်းသလိုပဲ '

'ဒါဆို ဆရာက အရင်ဘဝတုံးက ဒီရွာသားဖြစ်လိမ့်မယ် '

မောင်အေးက နောက်ပြောင်သည့်သဘောမျိုးဖြင့် ပြောလိုက်သည်။ ဒါကိုပင် သူ့ဆရာက ...

'အေး ဖြစ်နိုင်တယ်၊ မင်းပြောတာ '

သူရိန်က ထောက်ခံစကားပြောလိုက်သည်။

'ဒါပေမယ့် မင်းပြောသလိုမျိုး ဒီရွာသားမဟုတ်ဘူးကွ၊ ဒါတွေထားလိုက်ပါတော့ကွာ၊ ဒီအကြောင်းပြောရင်း ဝေ့လည်လည် ဖြစ်နေလိမ့်မယ်၊ ဆရာ သိချင်တာတစ်ခုတော့ မင်းပြောပြပါ '





'ကျွန်တော် ငယ်ငယ်တုန်းက အဘိုးခဏခဏပြောပြတာတော့ရှိတယ်၊ ပုံပြင်လိုလိုပေါ့ ...၊ ဒါပေမယ့် အဖိုးကခဏခဏပြောပြတော့ ကျွန်တော်မှတ်မိနေတယ်၊ ဆရာ့အနေနဲ့ ယုံချင်ယုံ၊ မယုံချင်ရင်တော့ ပုံပြင်လို့ပဲမှတ်လိုက်ပေါ့ '

ထိုအခါ သူရိန်က ...

'မောင်အေးရာ ... ပြောမှာသာပြောစမ်းပါ၊ မင်းဘာပဲပြောပြော ငါယုံပါတယ် '

မောင်အေးက ရေနွေးကြမ်းခွက်ထဲသို့ ရေနွေးကြမ်းများထည့်ကာ သူရိန်ထံသို့လှမ်းပေးလိုက်သည်။ သူကိုယ်တိုင်လည်း တစ်ခွက်ငှဲ့ကာ လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီးမှ ...

'ဒီလိုဆရာရဲ့ ကျွန်တော့်အဘိုးကပြောတာကတော့'

ဟု အစချီ၍ပြောလိုက်တော့သည် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

# နယ်စားမလေးမနော်ဟရီ





ဟိုးတစ်ချိန်က သည်နယ်မြေကလေးမှာ နန်းစိုက်သည့်မြို့ကြီးတစ်မြို့ဖြစ်ခဲ့ပြီး နယ်မြေကိုအုပ်စိုးသူမှာ ဘုရင်မတစ်ယောက်ဖြစ်သည်။

ဤနယ်မြေသည် အရင်ကရွှေ၊ငွေစသည့်ရတနာများထွက်ရှိခဲ့သည်။ ကျောက်သံပတ္တမြားလည်းထွက်ရှိသဖြင့် အခြားတိုင်းပြည်များက လိုချင်နေကြသည်။

သည်လိုနှင့်တစ်နေ့တွင် ...

အခြားတိုင်းပြည်တစ်ပြည်မှ ဘုရင်နန္ဒသူသည် အိမ်နီးချင်း တိုင်းပြည်ကြီး(၃)ခုကို စစ်ပွဲဆင်နွှဲတိုက်ခိုက်သိမ်း



www.burmeseclassic.com

www.burmeseclassic.com



ပိုက်နိုင်ခဲ့သလို သူ၏တိုင်းပြည်ကိုလည်း ငြိမ်ဝပ်အောင်လုပ်ဆောင်နိုင်ခဲ့သည်။

သို့သော်သူ၏ခမည်းတော် မသေဆုံးခင်ကတည်းက ထောင်ထားခြားနားခဲ့သော နယ်စားမလေးမနော်ဟာရီအုပ်စိုးသည့် အေသင်မြို့ကလေးကိုတော့ မသိမ်းပိုက်နိုင်ခဲ့ပေ။

ထို့ကြောင့် ဘုရင်နန္ဒသူသည် အေသင်မြို့ကို သူ၏တပ်သားများဖြင့် ဝိုင်းရံထားခဲ့သည်။ အေသင်ဘုရင်မ မနော်ဟာရီကလည်း သူ၏တပ်သားများကို ကြံ့ကြံ့ခံကာပြန်လည်ခုခံခဲ့သည်။

တစ်နေ့တွင်ဘုရင်နန္ဒသူသည် နယ်စားမလေး မနော်ဟာရီထံသို့ သံတမန်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်လိုက်ပြီး ...

နယ်စားမလေး မနော်ဟာရီထံသို့ အေသင်မြို့သူမြို့သားများ အညံ့မခံပါက မြို့ရိုးပြသာဒ်၊ မျှော်စင်၊ ရဲတိုက်





စသည်တို့ကို သမိုင်းမှပျောက်ကွယ်သွားအောင် တိုက်ခိုက်ဖျက်ဆီးပစ်မည်ဟု ရာဇသံပို့လိုက်သည်။

နယ်စားမလေး မနော်ဟာရီက ပြုံးလိုက်ပြီး သံတမန်များအား ...

မင်းတို့ဘုရင်ကိုပြောလိုက်ပါ၊ ငါ့နယ်မြေကိုလာတိုက်ရင် မင်းတို့သာဆုတ်ယုတ်မှာ၊ ငါတို့မှာ လက်နက်အင်အား၊ လူအင်အားနဲ့ သူရဲကောင်းတွေအများကြီးရှိတယ်၊ ငါစိုးမိုးအုပ်ချုပ်နေတဲ့ လပေါင်းများစွာထက် ပိုပြီးနေနိုင်တဲ့ ရိက္ခာတွေလည်း အလုံအလောက်ရှိတယ်လို့ သံတော်ဦးတင်လိုက်ပါ၊ ငါတို့ငတ်မသေဘဲ သူပဲစစ်ပန်းပြီး စစ်ရှုံးသွားလိမ့်မယ်လို့ မင်းတို့ဘုရင်ကို လျှောက်လိုက်ပါ၊ ပြီးတော့ ရဲတိုက်ကိုဖြိုနိုင်မှ မြို့ရိုးကိုဖောက်နိုင်မယ်လို့လည်း လျှောက်တင်လိုက်ပါ '

ဟု နယ်စားမလေးက အကြောင်းပြန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နယ်စားမလေးပြောလိုက်သည့်စကားကို သံတမန်များက မျက်မှောင်ကုပ်စဉ်းစားပြီးနောက် ပြုံးလိုက်ကြသည်။ သူတို့ပြုံးရသည့်အကြောင်းအရင်းက ရဲတိုက်ကတောင်ကုန်းပေါ်မှာရှိနေပြီး မြို့ရိုးက အောက်အနိမ့်မှာရှိနေ၏။ဘယ်လိုလုပ်ပြီး ရဲတိုက်ကိုအရင်ဖြိုပြီး မြို့ရိုးကိုဖောက်လို့ရမှာလဲ၊ မြို့ရိုးကိုဖောက်ပြီးမှသာ ရဲတိုက်ဆီ ရောက်မှာပေါ့လို့လည်း တွေးနေမိကြသည်။

ထို့ကြောင့် နယ်စားမလေး မနော်ဟာရီကလက်ကိုမြှောက်လိုက်ပြီး ...

' သင်ဟာ သံတမန်တစ်ဦးပါ၊ စကားအမိပွါယ်ဖော်သူတစ်ဦးမဟုတ်ပါဘူး၊ငါမိန့်တာကိုသာ သင့်ဘုရင်ကိုပြန်လျှောက်လိုက်ပါ '

ဟု ပြောလိုက်သည် ။

သံတမန်အဖွဲ့ပြန်သွားပြီးနောက် သူတို့၏ဘုရင်





နန္ဒသူထံသို့ အကြောင်းစုံကို လျှောက်တင်လိုက်ကြသည်။

ဘုရင်နန္ဒသူသည် သံတမန်များလျှောက်လာသောပထမဆုံးစကားကိုကြားရပြီး ဒေါသထွက်နေလေသည်။ နောက်ပိုင်းတွင် စကားများကသူ့ခေါင်းထဲရောက်မလာပေ။ ထို့ကြောင့် ဘုရင်နန္ဒသူသည် ဒုံးရက်တိုင်တိုင် အပြင်းအထန်တိုက်ခိုက်လေသည်။

မနော်ဟာရီ၏ ရဲမက်များကလည်း နယ်စားမလေးကတော့ ဘုရင်နန္ဒသူကို မဖြစ်နိုင်တဲ့အလုပ်ကိုလုပ်ခိုင်းလိုက်တာပဲ၊ ဒီနယ်မြေကို သူဘယ်လိုမှပေးအပ်မှာမဟုတ်ဘူးဆိုတာသူ့စကားကပြလိုက်တာပဲ၊ သူ့ဖခင်ထံမှာ တို့သစ္စာရှိရှိအမှုထမ်းခဲ့သလို အခုနယ်စားမလေး မနော်ဟာရီအပေါ်လည်းသစ္စာရှိစွာ ဆက်ပြီးအမှုထမ်းကြမည်ဟု စိတ်ဆုံးဖြတ်ထားကြသည်။

ဘုရင်နန္ဒသူသည် သုံးရက်တိုင်တိုင် အပြင်းအထန်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်သော်လည်း မအောင်မြင်သဖြင့် တစ်လကြာသောအခါ သံတမန်အဖွဲ့တစ်ဖွဲ့ ထပ်မံစေလွှတ်ပြန်သည်။

အေသင်မြို့အား ထွင်းဖောက်ဝင်ရောက်နိုင်ရန်အတွက် အပြင်မှဝိုင်းရံထားသည်မှာ နန်းစံသက်တစ်ဝက်မျှ ကုန်ချင်ကုန်သွားပါစေ၊ ဆက်ပြီးဝိုင်းရံထားမည်ဟုလည်း သံတမန်များအားပြောကြားလိုက်ပြန်သည်။ သည်အတိုင်းသာ ကြံ့ကြံ့ခံတိုက်နေရင် အေသင်မြို့တစ်မြို့လုံး အစာရေစာငတ်ပြီး ပြာကျသွားအောင်တိုက်ခိုက်မည် ဟူ၍လည်း ရာဇသံပို့လိုက်သည်။

ဘုရင်နန္ဒသူက ဒေါသတကြီးဖြင့် ရာဇသံပို့လိုက်သော်လည်း မနော်ဟရီက တစ်ခွန်းတည်းသာပြန်ကြားလိုက်လေသည်။

‘ မြို့ရိုးကိုမဖောက်ခင် ရဲတိုက်ကိုအောင်နိုင်မှဖြစ်မယ် ’ ဟူ၍သာပြောလိုက်သည်။





ထိုစကားကိုကြားရပြန်သော ဘုရင်နန္ဒသူလည်း ယမ်းပုံမီးကျ ဖြစ်ရပြန်သည်။

‘ ပမာမခန့်နဲ့ ငါ့ကို ... ရှူးရှူးမိုက်မိုက် ပဟေဠိလာဖွက်နေတယ်၊ နေစမ်းပါဦး... အဲဒီနယ်စားမလေးမနော်ဟရီက ဘယ်လိုလဲ ငါလည်းတစ်ခါမှ မမြင်ဖူးဘူး ’

ဘုရင်နန္ဒသူက သူ၏သံတမန်များကို မေးလိုက်သည်။

သည်လိုကိစ္စမျိုးတွင် စကားကြွယ်သည့် သံတမန်အရာရှိများက တုန့်ပြန်ဖြေကြားလိုက်သည် ...

‘ နေလိုအလှရွှန်းစိုပြီး၊ လလိုဣန္ဒြေသိက္ခာပြည့်ဝလှပါပေတယ် ’

‘ ပေါက်ကရတွေ ...’

ဘုရင်နန္ဒသူက ဒေါသတကြီးရေရွတ်လိုက်သည်။

သံတမန်များလည်း ခေါင်းငုံ့သွားလေသည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com



သော် မကျေနပ်ဟန်လေးများဖြင့် ရှိနေသည်။

'သူ့ စိတ်မှမှန်ရဲ့လား ...'

ဘုရင်နန္ဒသူက ဆက်ပြီးမေးလိုက်ရာ ...

'အပြည့်အဝစိတ်မှန်ပါတယ် အရှင်'

သံအရာရှိက ဖြေလိုက်သည်။

သံအရာရှိများ ထွက်ခွာသွားပြီးနောက် သူကစ်ယောက်တည်း စဉ်းစားရင်းကျန်ရစ်ခဲ့လေသည်။ ဘုရင်နန္ဒသူသည် တွေးလေစဉ်းစားလေ ခေါင်းကိုက်ကာ စိတ်ကျဉ်းကျပ်လာပြီး ဒေါသများလည်းထွက်လာပြန်သည်။ ဆက်ပြီး မစဉ်းစားတော့ဘဲ နယ်စားမလေးအား ဆုံးမရန်အတွက် သုံးကြိမ်သုံးခါတိတိ မြို့ကိုထိုးစစ်ဆင်တိုက်ခိုက်ပြန်သည်။

နယ်စားမလေးပြောသည့်အတိုင်း ရဲတိုက်အားအရင်တိုက်ခိုက်ရန်အတွက် နတ်စစ်သည်တပ်မတော်တစ်ခုရှိမှသာ ဖြစ်လိမ့်မည်ဟု ယူဆနေမိသည်။





တကယ်တမ်းတွင်မူ ဘုရင်နန္ဒသူသည် အေသင်မြို့ကို စစ်ဆင်တိုက်ခိုက်နေရခြင်းကို စိတ်ကုန်နေပြီဖြစ်သည်။ တပ်ရုပ်ကာ ပြန်ချင်စိတ်ပင်ဖြစ်မိသည်။ သို့သော် မြို့ကိုသိမ်းပိုက်ပြီးမှ ပြန်ခဲ့မည်ဟု မြို့တော်ကမထွက်ခွာမီ လူသိရှင်ကြားဟစ်ကြွေးခဲ့မိ၍လည်း အကျပ်ရိုက်နေသည်။ ဘုရင်တစ်ပါးဖြစ်နေပြီး မိမိစကားကိုမိမိရုပ်သိမ်းပြီး ပြန်လာသည်ဆိုသည်မှာ ရှက်စရာအလွန်ကောင်းလှပေသည်။

ထို့ကြောင့် ဘုရင်နန္ဒသူခမျာ အေသင်မြို့ထဲသို့လည်း မဝင်နိုင်၊ မြို့တော်သို့လည်းမပြန်နိုင်နှင့် မိမိစကားနှင့်မိမိဒုက္ခလှလှကြီး တွေ့နေရလေသည်။ ထို့အပြင် အေသင်မြို့တွင်းတွင် ပျော်ပွဲရွှင်ပွဲများကျင်းပနေသလို စားသောက်ပွဲကြီးကျင်းပပြီး အရိုးအရင်းများကို မြို့ရိုးအပြင်ဘက်သို့ ပစ်ချနေသည်များကို ကြားနေမြင်နေရသဖြင့် ဘုရင်နန္ဒသူခမျာမှာ မခံချင်စိတ်ဖြင့် ဖျတ်ဖျတ်လူးဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် နယ်စားမလေးမနော်ဟရီမှာ သူ၏ ရံရွေတော်များအလယ်တွင်ထိုင်ပြီး ပြုံးပျော်ရွှင်မြူးနေသကဲ့ သို့ တစ်ခါတစ်ရံတွင် သက်ပြင်းလေးချမိသည်။

သူပေးလိုက်သောပဟေဠိကို ဘုရင်နန္ဒသူမှာ ဘယ် တော့များမှ အဓိပ္ပါယ်ကောက်တတ်ပါ့မလဲဟုသာ တွေးမိလေ တိုင်း သက်ပြင်းအကြိမ်ကြိမ်ချမိနေသည် ။





## အခန်း (၆)

## ထူးဆန်းသော ရသေ့ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်နန္ဒသူ၏စစ်တပ်ကြီးထဲတွင် ပညာရှိရသေ့ကြီး တစ်ပါး ပါရှိလာသည်။ တစ်ညတွင် ဘုရင်နန္ဒသူသည် သူ့ စွက်ဖျင်တဲ၌ စိတ်ပျက်လက်ပျက်ထိုင်နေစဉ် ရသေ့ကြီးက သူ့ဆီသို့ဝင်ရောက်လာလေသည်။

'ရသေ့ကြီးကို တပည့်တော် မခေါ်မိပါလား'

ဘုရင်နန္ဒသူက ပြောလိုက်သည်။

'အရှင်မင်းကြီးနဲ့ နယ်စားမလေးရဲ့ ပဋိပက္ခကြောင့် စစ်သည်ရဲမက်တွေလည်း အတော်ပင်ပန်းနေပါပြီ၊ ဒါကြောင့် နယ်စားမလေးရဲ့အလိုကျ ဘုရင်မင်းမြတ်ဆောင်ရွက်စေလို ကြောင်းပါ'





ရသေ့ကြီးက ထိုသို့ပြောလိုက်သဖြင့် ဘုရင်နန္ဒသူ လည်း အံ့အားသင့်သွားလေသည်။

'ဘယ်လိုဆောင်ရွက်ရမလဲဆိုတာ မိန့်တော်မူပါ ဘုရား'

'သူက ရဲတိုက်ကိုတိုက်မှ မြို့ရိုးကိုဖောက်နိုင်မယ်လို့ ဆိုနေတယ်၊ ရသေ့ကြီးလည်း မြင်တွေ့နေရမှာပါ၊ ရဲတိုက်က သူတို့မြို့လယ်မှာရှိနေတယ်၊ မြို့ရိုးကိုဖောက်မှသာ ရဲတိုက် ကိုအောင်နိုင်မှာပေါ့'

ဘုရင်နန္ဒသူက ထိုသို့ဖြေလိုက်ရာ ... ရသေ့ကြီးက ပြန်ပြောလိုက်သည်မှာ ...

'အရှင်မင်းကြီးကို မေးခွန်းတစ်ခုလောက်မေးပါရ စေ'

'မေးပါ ရသေ့ကြီး'

'တပ်မတော်ရဲ့ ရဲတိုက်က ဘယ်မှာပါလဲမင်းကြီး'



www.burmeseclassic.com

www.burmeseclassic.com



‘ တပ်မတော်ရဲ့ ရဲတိုက်မရှိဘူးလေ၊ မြို့တော်မှာ ရှိတယ်၊ ခံတပ်ရှိတယ်၊ မြို့ရိုးကိုလည်း ကုန်းမြင့်မြင့်မှာ တည်လေ့ရှိတယ်၊ ဒါ ပေမယ့် တပ်မတော်ဆိုတာ မြေပြန့်မှာ၊ တပ်မတော်မှာ ရဲတိုက်မရှိပါဘူး ’

‘ တပ်မတော်ရဲ့ရဲတိုက်က ဘယ်မှာလဲမင်းကြီး ... ’

ရသေ့ကြီးက ထပ်မံမေးလိုက်ပြန်သည်။

‘ တပ်မတော်မှာ ရဲတိုက်မရှိပါဘူး၊ အုတ်နဲ့ကျောက်နဲ့ တည်ထားတဲ့ မြို့တော်မှာသာ ရဲတိုက်ရှိပါတယ်၊ ဒါပေမဲ့ တပ်မတော်ကို အုတ်နဲ့ကျောက်နဲ့ တည်ဆောက်ထားတာ မဟုတ်ပါဘူး၊ အသွေးအသား၊ အကြောအမျှင်၊ ဦးနှောက်၊ အသဲတွေနဲ့ဖွဲ့စည်းထားတဲ့ လူတွေသာရှိပါတယ်၊ တပ်မတော်မှာ ရဲတိုက်မရှိပါဘူး ရသေ့ကြီး ’

ဘုရင်က ထိုသို့ဖြေလိုက်ရာ ရသေ့ကြီးက တတိယအကြိမ် ထပ်မံမေးလိုက်ပြန်သည်။





‘ တပ်မတော်ရဲ့ ရဲတိုက်က ဘယ်မှာရှိပါသလဲ မင်းကြီး ’

ရသေ့ကြီးက ထပ်တလဲလဲမေးနေသည်မှာ အဓိပ္ပါယ် တစ်ခုတော့ရှိလိမ့်မည်ဟုယူဆပြီး ဘုရင်နန္ဒသူ စဉ်းစားလိုက် မိသည်။ သူသည် မိနစ်အတော်ကြာကြာ စဉ်းစားနေသည်။ ရသေ့ကြီးလည်း တဲ၏အလယ်တွင် မတုန်မလှုပ်ရပ်နေပြီး ဘုရင်ကိုသာ စူးစိုက်ကြည့်နေလေသည်။

နောက်ဆုံးတွင် ဘုရင်ကဖြေလိုက်သည်မှာ ...

‘ တပ်မတော်မှာ ရဲတိုက်ရှိပါတယ်၊ တပ်မတော်ရဲ့ ရဲတိုက်ဟာ တပ်မတော်ကိုဦးဆောင်တဲ့သူရဲ့ ကြံ့ခိုင်တဲ့နှလုံးသားပါ ... သူ့အသဲဟာ ရဲတိုက်ပါပဲ ... ရသေ့ကြီး ဟုတ်ပါသလား ’

‘ အရှင်မင်းကြီး အမှန်ကိုသိပါပြီ ... ’

ရသေ့ကြီးက ထိုသို့ပြောပြီး တဲအတွင်းမှ ထွက်ခွာ



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

ဘုရင်နန္ဒသူသည် စိတ်အားထက်သန်စွာဖြင့် ထခုန်မိမတတ်ဖြစ်သွားသည်။

'မြို့တော်တစ်ခုလည်း ဒီပုံနဲ့မခြားနိုင်ဘူး၊ အေသင်မြို့တော်မြို့ရိုးကိုမဖောက်ခင် ငါ ... ရဲတိုက်ကိုသိမ်းရမယ်'

♠♠♠♠♠





## အခန်း (၇)

## လျှို့ဝှက်ဝင်ရောက်လာသူ



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် နယ်စားမလေး၏ ရှေ့မှောက်သို့ ရဲမက်များက လူရွယ်တစ်ယောက်ကို ဖမ်းခေါ်လာခဲ့သည်။

လူရွယ်သည် ရဲမက်များ၏ဖမ်းဆီးခြင်းကို ခံလာရသော်လည်း ခပ်မာမာပုံစံပင်၊ သူ၏ဆံပင်မှာ နက်မှောင်နေပြီး မျက်လုံးကပြာလဲ့နေသည်။ ခန္ဓာကိုယ်က သွယ်သွယ်နှင့် ဖွံ့ဖြိုးမှုရှိသည်။ နယ်စားမလေးက လူရွယ်ကို တစ်ချက်ကြည့်လိုက်ပြီး ကြည့်၍မဆိုးလှဟု မှတ်ချက်ချမိသည်။

'သူ့ကို ဘယ်ကဖမ်းလာသလဲ'

နယ်စားမလေးက ရဲမက်များကိုမေးလိုက်သည်။

'မနေ့ညက တောင်ဘက်မြို့ရိုးတံခါးပေါက်ကို





ရောက်လာပါတယ် သခင်မ၊ ဘုရင်နန္ဒသူဆီကနေ ထွက်ပြေးလာပါတယ်၊ ကျွန်တော်တို့ဆီမှာ ခိုလှုံခွင့်တောင်းနေပါတယ်'

ဟု ရဲမက်များက လျှောက်တင်လိုက်သည်။

'ဒါဖြင့် တပ်ပြေးတစ်ယောက်ပေါ့'

မနော်ဟရီက မျက်မှောင်ကုတ်ပြီး မေးလိုက်လေသည်။

'ကျွန်တော်မျိုးတို့ကို ဘာတစ်ခွန်းမှ မပြောသေးပါဘူး ... သခင်မထံမှာဝင်ပြီး လျှောက်ထားလိုပါတယ်ဆိုလို့ ခေါ်လာခဲ့တာပါ သခင်မ'

'ဒါဖြင့် ပြောစေ ...'

'ကဲ ... လျှောက်တင်လိုက်စမ်း အကျဉ်းသား'

ရဲမက်တစ်ဦးက ပြောလိုက်လေသည်။

'ကျုပ်ဟာ အကျဉ်းသားဆိုရင် ကျုပ်စိတ်ကိုကျူးကျော်နိုင်လာတဲ့ အကျဉ်းသားပါ၊ ကျွန်တော်မျိုးက သစ္စာဖောက်



www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ပါဘူး၊ ဘုရင်ကို သေစေလိုတဲ့ဆန္ဒလည်း မရှိပါဘူး '

လူရွယ်ကပြောလိုက်၏။

' ဘေးမသင့်စေချင်ရင် သူတပ်ရုပ်ပြီးပြန်သွားဖို့ ဆုတောင်းလိုက်ပေါ့ '

နယ်စားမလေးက ပြောလိုက်သည်။ နယ်စားမလေး၏စကားကို ရုံးရွှေတော်များက သဘောကျနေကြပြီး သူ့ရဲ ကောင်းများကမူ ပြုံးနေလေသည်။

လူရွယ်က သူတို့ကို ဥပက္ခာပြုလိုက်ပြီး ဆက်၍ လျှောက်တင်လိုက်သည်။

' ကျွန်တော်မျိုးဟာ ဘုရင်နဲ့အတူ ဖဝါးထပ်ချပ်မကွာ လိုက်ပြီး စစ်ဆင်ရေးအားလုံးဆင်နွှဲခဲ့ပါတယ်၊ အခု အေသင် မြို့စစ်ဆင်ရေးမှာလည်း ဘုရင်မင်းမြတ်က ကျွန်တော်မျိုးကို အလွန်အားထားပါတယ်၊ ဒါကြောင့် စစ်ဆင်မှုကို ကျွန်တော်





မျိုးပဲ ဦးစီးရပါတယ်၊ သခင်မရဲ့ ပဟေဠိကိုကြားတော့ ဘုရင် မင်းမြတ်က ကျွန်တော်မျိုးကိုမေးပါတယ်၊ ကျွန်တော် မျိုးက ဒါဟာ ပမာမခန့်သက်သက်ပြောလိုက်တဲ့စကားလို့ ပြန်ဖြေ လိုက်လို့ သုံးကြိမ်သုံးခါတိတိ ထိုးစစ်ဆင်ခဲ့ပါတယ်၊ ဒါ့ ကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ပါတယ်၊ နောက်ဆုံး ပဟေဠိရဲ့အဖြေကို ကျွန်တော်မျိုးမသိရှိခဲ့ရင် ကျွန်တော်မျိုးကို သတ်ပစ်မယ်ဆိုလို့ ကျွန်တော်မျိုးဒီကိုလာခဲ့တာပါ သခင်မ'

' သင်ဒီကိုလာပြီး ဘာလုပ်ဖို့ရည်ရွယ်သလဲ '

နယ်စားမလေးက မေးလိုက်လေသည်။

' အဲဒီ ပဟေဠိရဲ့အဖြေကို ကျွန်တော်မျိုးဘာသာ ကျွန် တော်မျိုးအဖြေရှာကြည့်နိုင်အောင် ဒီမှာခဏနေထိုင်ခွင့်ပြုစေ လိုပါတယ် '

လူရွယ်လေးဆီက အဖြေစကားကြားလိုက်ရ သောအခါ ...



www.burmeseclassic.com

www.burmeseclassic.com



သူရဲကောင်းများက ရယ်မောလိုက်ကြသည်။ ရုံရွှေတော်များကမူ ယခုကဲ့သို့ ချောမောလှပသည့် လူရွယ်တစ်ယောက် ဒုက္ခရောက်နေသည်ကိုကြည့်ကာ ဂရုဏာသက်နေကြသည့်ပုံ သက်ပြင်းလေးများ ရှိုက်နေကြသည်။

သခင်မလေးမှာ တွေးတွေးဆဆဖြင့် ခေါင်းငုံ့ကာ စဉ်းစားနေသည်။ ပြီးမှ ခေါင်းမော့လိုက်ကာ သူ့အားစူးစူးစိုက်စိုက်ကြည့်နေသည့် လူရွယ်နှင့်အကြည့်ချင်းဆုံသွားသည်။

လူရွယ်၏ ပြာလဲ့နေသောမျက်လုံးများက ရွှန်းလဲ့တောက်ပနေသလို သခင်မလေး၏ပါးပြင်မှာလည်း ပန်းနုရောင်လေးပြေးသွားသည်။

'သင်ဟာ ဒီမှာ ခုနစ်ရက်နဲ့ခုနစ်ညနေခွင့်ရမယ်၊ ဒါပေမယ့် အဲဒီ ခုနစ်ရက်ကုန်လွန်တဲ့အခါမှာ ဒီကရဲမက်တွေက သင့်ကိုသင်တို့ ဘုရင်ထံကိုပြန်ပို့မယ်၊ အဲဒီအချိန်မှာ သင်





ဟာပဟေဠိရဲ့အဖြေကိုသိနေခဲ့ရင် သင့်ဘုရင်နဲ့သင့်အတွက် ကောင်းတာပေါ့၊ အဲဒီအချိန်ထိမှ မသိခဲ့ရင်တော့ သင်ရော သင်တို့ဘုရင်ပါ လားရာကောင်းပါစေလို့ပဲ ဆုတောင်းလိုက်ပါတယ်၊ သင်ဘယ်လို သဘောရသလဲ ...'

'ကျွန်တော်မျိုးလက်ခံပါတယ်'

လူရွယ်က ပြန်ဖြေလိုက်သည်။

မနော်ဟာရီက သက်ပြင်းလေးချလိုက်သည်။ လူရွယ်အား ခေါ်သွားရန်အချက်ပြလိုက်ပြီး ကျန်လူများပါထွက်သွားစေလိုက်သည်။ နောက်တော့ မနော်ဟာရီတစ်ဦးတည်းသာ အတွေးလွန်ကာ ကျန်နေခဲ့သည်။

လူစိမ်းလူရွယ်သည် အေသင်မြို့တော်တွင် ခုနစ်ရက်နှင့် ခုနစ်ညတိုင်နေထိုင်ခဲ့လေသည်။ သူသည် နေ့စဉ်နေ့တိုင်း ညီလာခံခန်းမထဲတွင် အခြားရုံရွှေတော်၊ စစ်သည်တော်းမှူးမတ်၊ သူရဲကောင်းများ ရှေ့မှောက်တွင်ပင် သခင်မမနော်



www.burmeseclassic.com

www.burmeseclassic.com



ဟာရီနှင့်စကားများပြောဖြစ်ခဲ့သည်။ သီးခြားနှစ်ယောက်တည်းလည်း စကားပြောဖြစ်ခဲ့ကြသည်။

လူရွှယ်သည် ဘုရင်ကြီးအကြောင်း၊ ပိုင်စိုးခဲ့သောဒေသများ၊ ကြွယ်ဝချမ်းသာသည့် စည်းစိမ်များအကြောင်းကိုပြောပြသည်။ သို့သော် ၎င်း၏အကြောင်းကို မေးမြန်းလျှင်လက်မခံဘဲငြင်းဆန်လေ့ရှိသည်။

ကျွန်တော်မျိုးဟာ ဘုရင်မရှိတော့ရင် ဘာမှမဟုတ်တဲ့လူတစ် ယောက်ပါပဲဟုသာ ပြောလေ့ရှိသည်။ ထိုသို့ မသိရလေမနော်ဟာရီက သိချင်လေဖြစ်နေသည်။ သူ့အကြောင်းကိုသာတွေးတောစဉ်းစားနေမိသည်။ ထိုအချိန်တွင် ဘုရင်နန္ဒသူ၏တပ်များမှာလည်း မြို့ရိုးအ ပြင်ဘက်တွင် အေးအေးဆေးဆေးအနားယူနေကြသည်။

တတိယနေ့တွင် မနော်ဟာရီက လူရွှယ်ကိုမေးလိုက်ပြန်သည်။





'သင့်ရဲ့ဘုရင်မင်းမြတ်က ဘာဖြစ်လို့သူ့နိုင်ငံကြီးတစ်ခုလုံးကိုလစ်လျူရှုထားပြီး ငါတို့ရဲ့မြို့တော်လေးကိုတိုက်ခိုက်နေတာလဲ'

'မင်းကြီးဟာ ငြိမ်းချမ်းမှု၊ စည်းရုံးမှုနဲ့အင်အားပြည့်စုံအောင် စစ်ပြုနေတာပါ၊ သုံးနှစ်တာကာလအတွင်းမှာသူဟာတစ်နိုင်ငံလုံးကို ငြိမ်းချမ်းစေခဲ့ပါတယ်၊ ဒီမြို့တော်တစ်ခုပဲကျန်ပါတော့တယ်၊ မိတ်ဆွေကြားကရန်သူ၊ သစ္စာခံသူတွေကြားကပုန်ကန်သူ၊ အင်အားကြားက ပျော့ကွက်တစ်ခုဖြစ်နေပါတယ်၊ တိုင်းပြည်မရှိရင် မြို့တော်ဟာ ဘာမှမဟုတ်ဘူး၊ မြို့တော်မရှိရင် တိုင်းပြည်အင်အားမပြည့်ဘူး'

မနော်ဟာရီက မျက်မှောင်ကြုတ်လိုက်ပြီး လူရွှယ်၏စကားကိုနားထောင်နေသည်။ ခဏကြာသောအခါ ...

'တကယ်လို့သာ ဘုရင်ကြီးဟာ အစကတည်းကဒီစကားမျိုးနဲ့သာ သံတမန်စေလွှတ်ခဲ့ရင် ကျွန်မနားထောင်ရင်



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ခဲ့မိမယ်၊ ခုတော့ ရာဇသံပဲပို့ခဲ့တယ်၊ ကျွန်မရဲ့ မြို့တော်ကို ဘုရင်မင်းကြီးထံ အပ်နှံအရှုံးပေးခဲ့ရင် အောသင်မြို့ ရဲ့သခင်မဖြစ်တဲ့ ကျွန်မအနေနဲ့ ဘာဖြစ်နိုင်မလဲ '

' မင်းကြီးက သခင်မကိုအမြတ်တနိုးနဲ့ တလေးတစားရှိပါလိမ့်မယ် '

လူရွှယ်က ပြန်ဖြေလိုက်သည် ။

' ကျွန်မ မင်းကြီးရဲ့မြတ်နိုးမှုကို မလိုချင်ပါဘူး '

' ဘုရင်မင်းမြတ်ရဲ့ မြတ်နိုးမှုကို သခင်မ မသိသေးပါဘူး '

လူရွှယ်က ညင်သာစွာရေရွတ်လိုက်လေတော့သည်။

ပဥ္စမနေ့တွင် ... မနော်ဟာရီက လူရွှယ်ကိုဆင့်ခေါ်လိုက်ပြန်သည်။

' တကယ်လို့ ကျွန်မက ကျွန်မရဲ့မြို့တော်ကိုအပ်နှံပြီး ဒီတိုင်းတစ်ခွင်မှာ ကျွန်မ ဖခမည်းတော်လက်ထက်က ငြိမ်း





ချမ်းမှုမျိုးထပ်မံရှိလာမယ်ဆိုရင် ဘုရင်မင်းမြတ်က ဘာလုပ်မလဲ '

' သူဟာ တိုင်းပြည်ကိုကြွယ်ဝအောင် ဆောင်ရွက်မယ်၊ သာယာဝပြောအောင်လုပ်မယ်၊ လုံခြုံမှုရှိအောင် ကွပ်ကဲထားမယ် '

' သင်ကရော ဘာလုပ်မလဲ '

' ကျွန်တော်မျိုးက ... ကျွန်တော်မျိုးရဲ့ဘုရင်အပါးမှာခစားပြီး အခါအခွင့်သင့်တိုင်း အကြံကောင်းတွေပေးနေပါ့မယ် '

' ဘုရင်မင်းမတ်က သင့်ကိုထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်လိမ့်မလား '

' ဒီပဟေဠိကို ဖြေနိုင်တာနဲ့ ဂုဏ်မှန်သမျှ ကျွန်တော်မျိုးအတွက် ဖြစ်ပါပြီ '

' ပဟေဠိအဖြေကို မသိသေးဘူးလား '



www.burmeseclassic.com

www.burmeseclassic.com



'သခင်မရဲ့ မျက်လုံးကိုဖတ်ကြည့်ပြီးမှ သိရလိမ့်မယ် ထင်ပါတယ် ...'

လူရွယ်ကရဲတင်းစွာ ပြန်ဖြေလိုက်သည်။

မနော်ဟရီသည် ပဟေဠိအဖြေကို သူရွတ်ဖတ်မိမှာ စိုးတဲ့ပုံစံနဲ့ တစ်ဖက်ကိုလှည့်သွားသည်။

ခုနစ်ရက်မြောက်သောနေ့ညနေတွင် သခင်မလေးသည် လူငယ်ကိုထပ်မံဆင့်ခေါ်လိုက်ပြန်သည်။ သူ၏ရံရွေတော်များနှင့် ရဲမက်များတစ်ယောက်မှ မသိအောင်ဆင့်ခေါ်လိုက်ခြင်းဖြစ်သည်။ သူထိုင်နေခဲ့သော ခန်းမကြီးထဲတွင် မီးရောင်မှိန်မှိန်လေး ထွန်းထားသည်။ မနော်ဟရီ၏မျက်နှာ၊ ဆံပင်နှင့် အဖြူရောင်ဝက်ရုံလေးသာ အမှောင်ထဲတွင် ထင်ရှားစွာမြင်နေရသည်။ လူရွယ်မှာ သခင်မလေး၏ရှေ့တည့်တည့်တွင် ရပ်နေလိုက်သည်။

'မနက်ဖန်နေထွက်ရင် ကျွန်မတို့သဘောတူထားတဲ့အတိုင်း သင့်ကို သင့်ဘုရင်မင်းမြတ်ဆီကို ပြန်ပို့ပေးရမယ်၊ သူ့ဒေါသကို ပြေပျောက်သွားအောင် သင်ဘာများပြန်လည် သယ်ဆောင်သွားပေးမှာလဲ ...'





သခင်မလေး မနော်ဟရီက မေးမြန်းလိုက်သည်။

'ကျွန်တော်မျိုးရဲ့လက်ထဲမှာ ရဲတိုက်ရဲ့ပဟေဠိ အဖြေကို သယ်ဆောင်မသွားနိုင်ရင် အချည်းနှီးပါပဲ'

လူရွယ်က ပြန်ဖြေလိုက်သည်။

သူတို့နှစ်ဦး အတန်ကြာငြိမ်သက်နေကြပြီး ခန်းမကြီးမှာ အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်နေသည်။ လူရွယ်သည် သခင်မလေး၏အနားသို့ တိုးကပ်ပြီးရပ်လိုက်သည်။

'သခင်မလေးကို နှုတ်ဆက်ခဲ့ပါတယ်'

သခင်မလေးက အသာယာမော့ကြည့်လိုက်ပြီး ဘီးတိုးလေး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



‘ နှုတ်ဆက်ပါတယ် ’

‘ ကျွန်တော်မျိုးတို့ ပြန်ဆုံကြဦးမှာပါ ’

‘ ဘယ်တော့လဲ ... ’

‘ နောက်တစ်ရက်အကြာ မြို့ရိုးအပြင်မှာ ဆုံကြမယ် ’

‘ မြို့ရိုးအပြင်မှာ ... ’

‘ ဟုတ်ပါတယ် ’

လူရွယ်သည် မနော်ဟရီ၏ရှေ့တွင်ဒူးထောက်ပြီး သခင်မ၏လက်ကို နမ်းလိုက်သည်။ နောက်ပြီးမှ ...

‘ မြို့တော်ရဲ့ ရဲတိုက်ဟာ မြို့တော်ရဲ့အရှင်သခင်မရဲ့ နှလုံးသားပါ ’

မနော်ဟရီသည် ရုတ်တရက်မတ်တတ်ရပ်လိုက်ကာ စကားပြောရန်ဟန်ပြင်လိုက်စဉ်မှာပင် လူရွယ်ကဟန့်တား လိုက်သည်။

လူရွယ်က မနော်ဟရီကိုကြာရှည်စွာ စိုက်ကြည့်





လိုက်ပြီး နောက်လှည့်ထွက်သွားတော့သည်။ အခန်းထဲတွင် မနော်ဟရီတစ်ယောက်သာ ကျန်ရစ်ခဲ့လေသည်။ မနော်ဟရီသည် လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး လူရွယ် ထွက်သွားသော တံခါးပေါက်ဘက်သို့ တမေ့တမောကြည့် နေမိသည်။

‘ အို ... ငါ့အသဲနှလုံးက သူ့သခင်ကိုသိတယ်၊ ငါဟာ ငါ့အရှင်သခင်နဲ့ စကားပြောဆိုနေခဲ့ပါလား ’

မနော်ဟရီတစ်ယောက် တီးတိုးလေးရေရွတ်လိုက် မိသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

# ပဟေဠိကိုဖော်လေပြီ





နောက်တစ်နေ့တွင် တိုင်းရေးပြည်ရာကိစ္စဖြင့် ခရီးထွက်သွားသည့် ဘုရင်နန္ဒသူသည် သူ့တပ်စခန်းသို့ ပြန်ရောက်လာပြီး သူ့တပ်ကို စုစည်းလိုက်သည်။ ထို့နောက် အင်အားအလုံးအရင်းဖြင့် တောင်ဘက်မြို့ရိုးတံခါးသို့ ချီတက်သွားလေသည်။

'ကျွန်တော်တို့ မြို့ရိုးကိုတိုက်ကြဦးမှာလား'

အခြေအနေကို ရပ်ကြည့်နေသည့် ရသေ့တစ်ပါးအား စစ်သည်တစ်ယောက်က မေးလိုက်သည်။

'မဟုတ်ဘူး ... ဘုရင်မင်းမြတ်က ရဲတိုက်ကိုသိမ်းပိုက်တော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရသေ့ကြီးက ဤသို့ပြောလိုက်သည်ကိုပင် ရသေ့ကြီးက အရွှန်းဖောက်သည်ထင်မှတ်ပြီး အနီးအနားရှိစစ်သည်ရဲမက်များက ရယ်မောလိုက်ကြသည်။

ဘုရင် နန္ဒသူသည် မြို့ရိုးနှင့် ကိုက် ၂၀၀ အကွာတွင် သူ၏ မြင်းအားရပ်တန့်လိုက်သည်။ သူ၏တပ်ကိုထားရစ်ခဲ့ပြီး သံတော်ဆင့်တစ်ဦးနှင့်အတူ ရှေ့သို့ဆက်လက်ချီတက်သွားခဲ့သည်။

ဘုရင် နန္ဒသူသည် မနော်ဟာရီ၏ မူးမတ်ဗိုလ်ပါ စစ်သည်ရဲမက်များ အဆင့်ဆင့်အစစ်ခံရန် နေရာယူထားသည့် မြို့ရိုးအောက်နားတွင် ရပ်တန့်လိုက်ပြီး မနော်ဟာရီကို ဘုရင်နန္ဒသူကိုယ်တိုင် တွေ့ဆုံစကားပြောဆိုလိုကြောင်း သံတော်ဆင့်မှတဆင့် ကြေညာနိုင်းလိုက်သည်။

သည်ကြေညာချက်ကို ကြားလိုက်ရသည့်အတွက် မြို့ရိုးထက်တွင် အတော်လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။





နာရီဝက်ခန့်ကြာသွားသည့်တိုင် ဘုရင်နန္ဒသူသည် သူ၏မြင်းကြီးပေါ်၌ စိတ်ရှည်လက်ရှည်စောင့်ဆိုင်းနေလေသည်။

မကြာမီ မြို့ရိုးတံခါးပွင့်သွားပြီး မနော်ဟာရီသည် အနီရောင်ဝတ်စုံကိုဆင်မြန်းကာ အဖြူရောင်မြင်းကြီးကိုစီးလျက် ရံရွေတော်များ၊ သူရဲကောင်းများ ခြံရံပြီးထွက်လာသည်။

'ဒါမြို့ရိုးကို တိုက်တာမဟုတ်ပါလား'

စစ်သည်တော်အိုကြီးတစ်ယောက်က ရေရွတ်လိုက်သည်။

'ဒါပေမယ့် မကြာခင်မှာ မြို့ရိုးကိုဖောက်နိုင်လိမ့်မယ်ထင်တယ်'

ရသေ့ကြီးက ပြောလိုက်သည်။

ဘုရင်နန္ဒသူသည် သူ့မြင်းကို မနော်ဟာရီ ရပ်စောင့်နေသည့် နေရာထိစီးနင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မနော်ဟာရီဟာ ဘုရင်ကိုတွေ့သည်နှင့် မျက်လုံးလေးများတွင် အရောင်များလက်သွားသည်။ သို့သော် အံ့ဩရိပ်တော့မှု မပြပေ။

' ငါ့အသည်းက သိခဲ့ပါတယ် '

မနော်ဟာရီ၏ ပြောဆိုသံကိုကြားလိုက်ရသည့် သူမ၏ ရုံရွှေတော်များနှင့် သူရဲကောင်းများက တအံ့တဩဖြစ်ကြရသည်။

ဘုရင်ကသူမကို ဦးညွှတ်လိုက်သည်။

' ဘယ်ဆီကိုသွားမှာလဲ သခင် '

မနော်ဟာရီက မေးလိုက်သည်။

ဘုရင်က သူမ၏ခါးလေးကိုဖက်ပြီး သူ့မြင်းပေါ်သို့ဆွဲတင်လိုက်သည်။

ကွင်းပြင်ထဲမှ စစ်သည်တော်များနှင့် မြို့ရိုးထက်မှ စစ်သည်တော်များက သောင်းသောင်းဖြဖြ အော်ဟစ် ထော





ပနာပြုကြသည်။

' ငါ ရဲတိုက်ကိုအောင်နိုင်ပြီ၊ ခုမြို့ရိုးကိုဖောက်မယ်'

ဘုရင်နန္ဒသူက ဩဇာအာဏာသံအပြည့်ဖြင့် ဟစ်ကြွေးလိုက်သည်။ ထို့နောက် ဝမ်းသာအားရဟစ်ကြွေးနေကြသည့် အသံများကိုနားထောင်ရင်း နှစ်ဦးသားမြို့တော်တွင်းသို့ဝင်ခဲ့လေသည်။

ဘုရင်နန္ဒသူနှင့် နယ်စားမလေး မနော်ဟာရီတို့သည် တိုင်းပြည်ထဲတွင် အေးချမ်းပျော်ရွှင်စွာနေထိုင်ရင်း တစ်နေ့တွင် လေကြီးမိုးကြီးကျရောက်လာသည်။ မြို့၏အထက်ဘက်မှ တောင်တစ်ခုပြိုကျခဲ့သည်။ အပေါ်ဘက်တွင်တည်ရှိသော ရေကာတာကြီးကျိုးပေါက်သွားလေသည်။ တာကျိုးပေါက်မှုကြောင့် ရေများမြို့ပေါ်သို့ လျှံကျစီးဆင်းလာကြသည်။

စီးဆင်းလာသောရေများမှာ အေသင်မြို့လေးတစ်မြို့



www.burmeseclassic.com

www.burmeseclassic.com



လုံးကို တိုက်စားပြိုပျက်သွားစေသည်။ အသေင်မြို့ကလေးမှာ တောင်များကြားတွင် တည်ဆောက်ထားသောကြောင့် လူအများမှာလည်း ပြေးပေါက်မရှိဘဲ အားလုံးရေနစ်သေဆုံးကုန်ကြလေသည်။

မြို့ကြီးတစ်ခုလုံး ရေလွှမ်းနစ်မြုပ်မည်ကို ကြိုတင်သိထားခဲ့သော ဘုရင်နန္ဒသူက –

'ကဲ ...နှမတော် ...မောင်တော်တို့ မလွတ်မယ့်အတူတူ ငွေတိုက်ထဲဝင်ပြီး အလုံပိတ်နေကြတာပေါ့၊ နှစ်ဦးသားသေလည်းအတူတူ ...သစ္စာဆိုကြတာပေါ့ '

ပြောပြီးသစ္စာဆိုကြလေသည်။

'နောင်ဘဝတွင် လူသားပြန်ဖြစ်လျှင် မိမိတို့၏ ရွှေငွေရတနာပစ္စည်းများအား ပြန်လည်ရယူပြီး အတူပေါင်းသင်းရပါလို၏ 'ဟု သစ္စာပြုလိုက်ကြသည်။

ထိုနောက်ချစ်သူနှစ်ဦးသည် တစ်ဦးကိုတစ်ဦးဖက်





ကာ ရေနစ်သေဆုံးသွားလေတော့သည်။ အသေင်မြို့တစ်ခုလုံးလည်း ရေအောက်သို့ရောက်သွားကာ တောင်ကြားတစ်လျှောက် ရေကန်ကြီးတစ်ကန်အဖြစ် ပေါ်ထွန်းလာကာ အသေင်မြို့လေးမှာ ပျောက်ကွယ်သွားလေတော့သည် ။ ။

'ပုံပြင်လေးကတော့ ဒီအတိုင်းပါပဲ ဆရာ ...'

' ကျွန်တော့် အဘိုးကတော့ ခဏခဏပြောပြလို့ ဒီပုံပြင် လေးကို အမြဲသတိရနေတာပါ၊ လပြည့်နေ့တိုင်းတော့ ရေကန်ထဲကနေပြီး အလင်းရောင်နှစ်ခု ထွက်နေတာတော့ တစ်ခါတစ်ခါ မြင်ရတတ်တယ်၊ ဒါကလည်း တွေ့ကြုံခဲ့တဲ့လူတွေက ပြောပြတာပါ၊ ဒီရေကန်ကရွာနဲ့ဝေးတော့ ဘယ်သူမှ မသွားကြဘူး၊ တစ်ခါတစ်ခါ တောပစ်ထွက်တဲ့လူတွေ လပြည့်နေ့နဲ့ကြုံတဲ့နေ့မှာ တွေ့ခဲ့ကြတဲ့လူတွေက ပြန်ပြောပြလို့ သိရတာပါ၊ ကျွန်တော်ကတော့ တစ်ခါမှမရောက်ဖူးဘူး၊ အခုလည်း ဆရာခေါ်ပြီးမေးလို့သာ ပြောပြရတာပါ ...'



www.burmeseclassic.com

www.burmeseclassic.com



သူရိန်တစ်ယောက် ကပည့်ဖြစ်သူမောင်အေးပြောပြသော ဒဏ္ဍာရီလိုလိုပုံပြင်လိုလို အဖြစ်ပျက်လေးကိုနားထောင်ရင်း ရင်ထဲတွင် အရှမ်းခံစားရလေသည်။ မိမိကိုယ်တိုင်လည်း ဒီပုံပြင်ထဲက မင်းသားလေးများဖြစ်နေမလားဆိုသည်ကို မိမိကိုယ်ကိုမိမိ မသိအောင်ဖြစ်နေမိသည်။

'ဒါနဲ့ ... မောင်အေး၊ ဟို့ ဒီရေကန်ထဲဆင်းကြည့်ရအောင်'

'ဆရာ့သဘောပဲလေ ... ကျွန်တော်ကတော့ အဆင်သင့်ပဲ'

'ဒါနဲ့ ဆရာက ရေကူးတတ်လို့လား'

'တတ်တာပေါ့ကွ၊ ကျောင်းတုန်းက ရေကူးအသင်းမှာနည်းပြလေ၊ အလုပ်ရလို့သာ ဒီကိုရောက်လာတာ ...'

'ဒါဆိုရင် ကျွန်တော်ဘာအကူအညီပေးရမလဲ ပြောပါ'





'မင်းကို တစ်ခုပြောမယ်၊ ဒီအကြောင်းတွေအားလုံး ဘယ်သူ့ကိုမှ မပြောရဘူးလို့ ကတိပေးပါ'

'ပေးပါတယ် ဆရာ ...'

သူရိန်တို့နှစ်ဦးမှာ စကားပြောကောင်းနေကြသဖြင့် ညဥ့်အတော်နက်သွားလေသည်။

'ကဲ ညဥ့်လည်းနက်လှပြီ၊ မနက်ဖြန် အလုပ်ဆင်းဦးမယ်၊ အိပ်ရေးပျက်လို့မဖြစ်ဘူး၊ အိပ်ကြစို့'

နေသူရိန်ကပြောလိုက်သဖြင့် နှစ်ယောက်သားစကားဖြတ်ကာ အိပ်ရာဝင်ခဲ့ကြလေတော့သည်။

◇◇◇◇◇



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

# ကညင်ပင်ပေါ် ကမင်းသမီး





သူရိန်တစ်ယောက် ညဥ့်နက်မှအိပ်ရသောကြောင့် မနက်(၈)နာရီထိုးမှ နိုးလေသည်။ ထိုအချိန်တွင် ...

'ဆရာလေး ... ဆရာလေး ... မထသေးဘူးလား'

ဗိုလ်တဲခြံဝမှ အော်ခေါ်လိုက်သံများကြားရသည်။ ခေါ်သံများကြောင့် သူရိန်တစ်ယောက် အိပ်ရာမှထလာခဲ့ရလေသည်။

ဗိုလ်တဲတံခါးကိုဖွင့်ကြည့်လိုက်သောအခါ ...

အလုပ်ခွင်ဝင်ရန်အတွက် အလုပ်သမားများ ရောက်လာကြသည်။ အားလုံး(၅)ယောက်ခန့်ရှိပေမည်။



www.burmeseclassic.com

www.burmeseclassic.com



'လာကြလေကွာ ... ခဏလေးထိုင်ကြဦး၊ မျက်နှာသစ်လိုက်ဦးမယ်'

သူရိန်လည်း အိပ်ဆောင်ဖက်သို့ဝင်သွားပြီး မျက်နှာသစ်လိုက်သည်။ မောင်အေးလည်း အပြင်မှအသံများကြောင့် ထွက်လာခဲ့သည်။

'ဟာ ... ကိုအေးလည်း ဆရာ့ဆီမှာအိပ်တာလား'

'ဟုတ်တယ်၊ ညက ဆရာနဲ့စကားပြောရင်း ညဉ့်နက်သွားလို့ ရွာထဲမပြန်တော့ဘဲ ဒီမှာပဲအိပ်လိုက်တယ်၊ ခုတော့ ဒီကနေပဲ အလုပ်ထဲသွားရတာပေါ့'

'မောင်ကြိုင် ... မောင်ကြိုင်ရေ၊ ခဏလာပါဦးကွ'

နောက်ဖေးဘက်မှ သူရိန်၏ခေါ်သံကြောင့် မောင်ကြိုင်တစ်ယောက် အပြေးတစ်ပိုင်းဖြင့် ပြေးဝင်လာသည်။

'ဆရာ ... ကျွန်တော်ဘာလုပ်ပေးရမလဲ'

'ဒီမှာ ကော်ဖီထုပ်နဲ့ ရေနွေးဇန်းလေးကို မ,သွားစမ်းပါ၊ အလုပ်သမားတွေကို ငါ ... ကော်ဖီတိုက်မလို့ပါ'





'ဟုတ်ကဲ့ပါ ဆရာ'

မောင်ကြိုင်တစ်ယောက် ကော်ဖီထုပ်နှင့် ရေနွေးဇန်းလေးမ,လာရင်း အပြင်သို့ထွက်လာခဲ့လေသည်။ အပြင်သို့ရောက်သောအခါ ရေနွေးပုဂံထဲသို့ ရေနွေးများငှဲ့ထည့်ရင်း ကော်ဖီထုပ်များဖောက်ကာထည့်လိုက်လေသည်။ အလုပ်သမားများရှေ့သို့ တစ်ခွက်စီလိုက်ချကာ ...

'ဟော့ ... အားလုံးသောက်ကြ၊ ငါတိုက်တာတော့ မဟုတ်ဘူးနော်၊ ဆရာတိုက်တာ'

မောင်ကြိုင်က အရွှန်းဖောက်ကာပြောလိုက်၏။

သူရိန်တစ်ယောက် အလုပ်သမားများကို ကော်ဖီတိုက်ရင်း အလုပ်ကိစ္စအကြောင်း ပြောကြသည်။

မောင်ကြိုင်က ...

'ဆရာ ကျွန်တော်တစ်ခုပြောစရာရှိလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲကွ မောင်ကြိုင်'

'ဒီလိုပါဆရာ ကျွန်တော်တို့ ကညင်ပင်ကြီးကို ခြံခတ်ခဲ့တာမှတ်မိလား'

'အေးလေကွာ ... ဆရာကိုယ်တိုင်ခိုင်းခဲ့တာပဲ'

'ဟုတ်တယ်ဆရာ ... ဒီအပင်ကိုညက ကျွန်တော် အိပ်မက် မက်မိတယ်'

'ဘယ်လို မက်တာလဲကွ ...'

'ဒီလိုဆရာ... ကျွန်တော် ကညင်ပင်ကြီးကိုခြံခတ်ဖို့ အလုပ်သမားတွေကိုပြောပြီး ခြံခတ်နေတာ... အပင်ရဲ့အပေါ်မှာ မင်းသမီးလိုလို ...ဥစ္စာစောင့်လိုလိုအမျိုးသမီးက ကျွန်တော့်ကိုပြုံးပြီး ကြည့်နေတယ်။ အလုပ်သမားတွေဘက်ကိုကြည့်လိုက်တော့ တစ်ယောက်မှမမြင်ကြဘူးထင်တယ်၊ သူတို့အလုပ်ကို သူတို့ဆက်လုပ်နေကြတယ်၊ ဒါဆို ကျွန်တော်တစ်ယောက်တည်းပဲမြင်တယ်ဆိုတာ သေချာသွားပြီ





ဒါနဲ့ ကျွန်တော်လည်းကြောက်သွားပြီး အိပ်ရာကလန့်နိုးသွားတယ်၊ အဲဒါ ဆရာ့ကိုပြောပြမယ်လို့ စိတ်ထဲမှာမှတ်ထားတာ၊ အခု ဆရာ့ဆီရောက်လို့ ပြောပြတာပါ'

သူရိန်တစ်ယောက် မောင်ကြိုင်ပြောသော အကြောင်းအရာကြောင့် စိတ်ထဲတွင်တစ်မျိုးကြီး ဖြစ်သွားလေသည်။

'ကဲ ... စားသောက်ပြီးရင် အားလုံးအလုပ်ခွင်ကို သွားကြရအောင် ...'

သူရိန်ကစပြီး စကားဖြတ်ကာ လုပ်ငန်းခွင့်ရှိရာသို့ ထွက်ခွာသွားကြလေသည်။

သူရိန်တို့အဖွဲ့ လုပ်ငန်းခွင်သို့ထွက်လာကြသည်မှာ နာရီဝက်ကျော်ကြာခဲ့လေပြီ၊ ကညင်ပင်ကြီးနားသို့ ရောက်သော် သူရိန်တစ်ယောက် မောင်ကြိုင်ပြောပြသော အိပ်မက်ကိုသွားသတိရမိသည်။ ဤသို့ဖြင့် ကညင်ပင်ပေါ်သို့မော့ကြည့်လိုက်မိသည်။ ဘာမှမတွေ့ပါ၊ သူ့စိတ်ထဲတွင်တော့



www.burmeseclassic.com

www.burmeseclassic.com



သည်ကညင်ပင်ကြီးနားရောက်လျှင် စိတ်ထဲတစ်မျိုးဖြစ်နေမိသည်။ မောင်ကြိုင်တို့အုပ်စု ခြံခတ်ထားသည်မှာ သေချာမှုရှိမရှိ ထပ်မံစစ်ဆေးလိုက်သည်။ ထို့နောက် ကညင်ပင်ကြီးကိုကျော်ကာ အခြားအပင်များကို လုံးပတ်တိုင်း၊ နံပါတ်မှတ်၊ အရေအတွက်ဖြည့်ကာ နေ့လည်စာစားရန်ပြင်ဆင်ကြလေသည်။

သူတို့အုပ်စုမှာ အရိပ်ကောင်းသောအပင်အောက်ကိုရွေးကာ ချက်ပြုတ်စားသောက်ကြရန် ပြင်ဆင်ကြလေသည်။ အလုပ်သမား ခေါင်းဆောင် မောင်ကြိုင်က ... ကျန်အလုပ်သမားများထဲမှနှစ်ယောက်ကို ရေခပ်ရန်တာဝန်ပေးလေသည်။ ကျန်လူများမှာ ထမင်းဟင်းချက်ရန် ထင်းကောက်သူက ကောက်ကြလေသည်။ မောင်အေးက ...

' ဆရာ ... ကျွန်တော်ဟင်းစားလေး ရလိုရငြား ရှာကြည့်လိုက်ဦးမယ် '





မောင်အေးနောက်သို့ အလုပ်သမားတစ်ယောက်လိုက်ပါသွားလေသည်။ မောင်အေးမှာ သည်အနီးအနားတွင်သာ ရှာဖွေရန်ထွက်ခဲ့ခြင်းဖြစ်သည်။ သို့သော် အမဲကမရပါ၊ တောကြက်မပြောနှင့်၊ ယုန်တစ်ကောင်ပင်မတွေ့ပါ၊ သို့ဖြင့် သူတို့နှစ်ယောက် ရေ့သို့ဆက်လျှောက်လာခဲ့လေသည်။ ရှေ့နားသို့ ၅မိနစ်ခန့် လျှောက်လာသောအခါ ချောင်းငယ်လေးတစ်ခုကို တွေ့လေသည်။ မောင်အေးက

' မောင်သီရေ ... တို့ဒီနားကပဲ တောကောင်ရေသောက်တာကို ချောင်းရအောင် '

' ဟုတ်ကဲ့ အစ်ကို '

မကြာပါချေ၊ သမင်နှစ်ကောင် ရေသောက်လာနေသည်ကို တွေ့ရလေသည်။ သမင်နှစ်ကောင်မှာ သူတို့ရန်သူရှိနေသည်ကိုမသိဘဲ ရေသောက်ရန်သာအာရုံစိုက်နေလေသည်။ ထိုအချိန်တွင် မောင်သီက ...



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို ... ဟိုမှာ သမင်နှစ်ကောင်ရှေ့သောက်နေတယ်'

'ဘယ်မှာလဲကွ ...'

'ချောင်းစပ်မှာလေ'

မောင်သီပြော၍သာ ချောင်းစပ်သို့ကြည့်လိုက်သည်။ သမင်မပြောနှင့် ယုန်တစ်ကောင်ကြောင်တမြီးမှ မတွေ့ရပါ။

'ဒီကောင်တော့ တောချောက်ခံနေရပြီနဲ့တူတယ်'

မောင်အေးက ချောင်းစပ်နားသို့ မျက်တောင်မခတ်တမ်းကြည့်နေလေသည်။ မောင်သီက အားမလိုအားမရဖြစ်ကာ ...

'အစ်ကို ...ပစ်လေ၊ ပစ်ကွင်းထဲရောက်နေပြီ'

မောင်သီက ကောင်းစွာမြင်နေရသော်လည်း မောင်အေးမှာ ဘာမှမမြင်ရသောကြောင့်မပစ်ပါ၊ ထို့ကြောင့် မောင်သီက သူ့တွင်ပါလာသော ဒူးလေးဖြင့်ချိန်ရွယ်ပြီး ပစ်





လိုက်လေသည်။

'ဒုတ် ...'

မောင်သီမှာ ဟင်ကနဲဖြစ်ကာ အံ့သြစိတ်ဖြင့်ကြည့်နေမိသည်။ အဘယ့်ကြောင့်ဆိုသော် သူပစ်လိုက်သော မြားသည် သစ်တုံးတစ်တုံးကို ထိလိုက်သည့်အသံဖြစ်နေသောကြောင့်ပင်။ သူကိုယ်တိုင် သေချာမြင်ပါလျက်နှင့် အဘယ့်ကြောင့် သစ်တုံးဖြစ်သွားရသည်ကို စဉ်းစားမရဖြစ် နေသည်။

သို့ဖြင့် သူတို့မှာသားကောင်မရဘဲ ပြန်ခဲ့ကြလေသည် ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

# အိပ်မက်ထဲက မင်းသမီးလေး





နေသူရိန်တစ်ယောက် ပင်ပန်းသည့်စိတ်ကြောင့် သစ်ပင်အောက်တွင် မေးကနဲအိပ်ပျော်သွားသည်။ မောင်အေးတို့ရောက်လာသည်ကိုပင် မသိလိုက်ချေ။ မောင်အေးလည်း သူတို့ပြန်ရောက်သည့် အခါ ,သူတို့ဆရာအိပ်ပျော်နေသော ကြောင့်မနှိုးဘဲ သူတို့တွင်ပါလာသည့် စားစရာများကိုသာ ကျက်ပြုတ်စားသောက်ကြလေသည်။

ခဏအကြာတွင် သူရိန်တစ်ယောက် အိပ်ရာမှလန့်နိုးလာသည်။ သူနိုးလာသောအခါ သူ့တပည့်များမှာ စားစရာများ အဆင်သင့်ပြင်ထားသည်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ ... မင်းတို့အမဲသွားရှာတာ ဘာမှလည်းမရပါလား'

'ဟုတ်ကဲ့ဆရာ၊ ကျွန်တော်တို့လည်း တောခြောက်တာလား၊ ကျွန်တော်တို့ပဲ အမြင်မှားတာလားမသိဘူး၊ ပြန်လာခဲ့ရတယ်'

မောင်အေးက သူတို့ဖြစ်ပျက်ခဲ့သည်များကို အစအဆုံးပြောပြလိုက်သည်။

'ဒါဆို မင်းတို့ကို အမဲမပစ်စေချင်လို့ ဒီလိုပြတာလားမှမသိတာ၊ ကောင်းပါတယ် တို့မှာလည်း စားစရာတွေပါလာတာပဲ၊ မင်းတို့ပဲ အမဲစားချင်တယ်ဆိုလို့သွားကြတာမဟုတ်လား'

'ဟုတ်ပါတယ် ဆရာ ...'

'စားစရာရှိတာ စားကြ၊ အချိန်မရှိတော့ဘူး၊ ညနေစောင်းတော့မယ်'





သူရိန်သည် တပည့်များကို မှာစရာရှိသည်များကို မှာကြားပြီး အလုပ်သိမ်းရန် ပြင်ဆင်ခိုင်းလိုက်သည်။ သို့ဖြင့် သူရိန်တို့အားလုံး ညနေစောင်း၍ အိမ်ပြန်ခဲ့ကြလေသည်။ ဗိုလ်တဲသို့ပြန်ရောက်ပြီး သူရိန် နားနေလေသည်။ နားနေရင်း နေ့ခင်းကသစ်ပင်အောက်တွင် မေးကနဲအိပ်ပျော်သွားစဉ် သူ့နားထဲသို့ အသံတစ်ခုကြားလိုက်ရသည်။ ထိုအသံကို လည်း ရင်းရင်းနှီးနှီးကြားဖူးလေသည်။ သို့သော် ဘာသံလဲဆိုသည်ကိုတော့ စဉ်းစားမရခဲ့ပေ။ ဆက်မစဉ်းစားတော့ဘဲ ရေချိုး ထမင်းစားရန် ပြင်ဆင်လေတော့သည်။

ညရောက်တော့လည်း အိပ်ရာထဲတွင် တော်တော်နှင့် အိပ်မပျော်ဘဲ အတန်ကြာ ဟိုလူးဒီလှည့်ဖြင့်သာ မကြာမီအိပ်ပျော်သွားလေတော့သည် ။

နေ့သူရိန်တစ်ယောက် အိပ်မောကျသွားစဉ် သူ့အခန်းနားသို့ အမျိုးသမီးတစ်ယောက် ရောက်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို ... အစ်ကိုရေ'

နေသူရိန်မှာ ခေါ်သံကြားလိုက်ရ၍ အိပ်ရာမှထကာ ဘယ်သူကများ ခေါ်နေသလဲလို့ ထလာခဲ့လေသည်။ ထိုအခါ အံ့ဩစွာပင် အမျိုးသမီးတစ်ဦးဖြစ်နေလေသည်။ သူ့အနေဖြင့် တစ်ခါမှမတွေ့ မမြင်ဘူးသောကြောင့် အံ့ဩနေမိသည်။ သူတွေးနေစဉ်မှာ သတိပြန်ဝင်လာပြီး ...

'ပြောလေ ... ညီမကို အစ်ကိုဘာများအကူအညီ ပေးရမလဲ'

'ဘာမှ အကူအညီမလိုပါဘူးအစ်ကို ... အစ်ကို့ကို ပြစရာတစ်ခုရှိလို့ပါ၊ မနော်ဟာရီနဲ့ခဏလိုက်ခဲ့ဖို့ လာခေါ်တာပါ'

သူရိန်မှာ ဘယ်ကမှန်းမသိသည့် အမျိုးသမီးက ပြစရာရှိ၍ လာခေါ်နေသည့်အခါ နည်းနည်းတော့ ကြောက်နေမိသည်။ ပြီးတော့ သည်တောသည်တောင်ထဲမှာ ဥစ္စာ





စောင့်များဖြစ်နေလျှင် ဘယ်လိုလုပ်မလဲဟု တွေးမိလေသည်။ သူတစ်ခုခုဖြစ်သွားလျှင် ဘယ်လိုလုပ်မလဲ၊ အနားတွင်လည်း မည်သူမျှမရှိတော့ လိုက်သွားရန်အတွက် စိုးရိမ်နေမိလေသည်။ သူရိန်စိုးရိမ်နေသည်ကို သိသည့်အတွက် အမျိုးသမီး က ...

'ဘာမှမစိုးရိမ်ပါနဲ့အစ်ကို၊ အစ်ကို့ကို ဘာအန္တရာယ်မှမပြုပါဘူး၊ အစ်ကို့ရဲ့ အရင်ဘဝကပိုင်ဆိုင်ခဲ့တဲ့ ပစ္စည်းတွေကို နေရာသိအောင်လိုက်ပြမှာပါ၊ ညီမကိုယုံပါ'

မနော်ဟာရီဆိုသော အမျိုးသမီးကို သူရိန်သေသေချာချာကြည့်လိုက်မိသည်။ နေရီ၏မျက်နှာလေးနှင့်တူနေသည်ကိုတွေ့ရသည်။ သို့ဖြင့် နေသူရိန်တစ်ယောက် သိလိုစိတ်ဖြင့် အမျိုးသမီးခေါ်ဆောင်ရာ နောက်သို့လိုက်ခဲ့မိလေသည်။

မနော်ဟာရီဆိုသောအမျိုးသမီးမှာ ရှေ့ကသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



သူရိန်မှာ နောက်မှလိုက်ခဲ့သည်။ သို့ဖြင့် ရေကန်နားသို့ရောက်သောအခါ နောက်သို့လှည့်ပြီး ... သူရိန်ကိုလှမ်းခေါ်လိုက်သည်။

သူရိန် မနော်ဟာရီနားသို့ရောက်သောအခါ ...

' ဘယ်မှာလဲ ညီမပြမယ်ဆိုတာ ... ရေကန်နားတောင်ရောက် လာပြီ '

' ဟုတ်ကဲ့ပါ အစ်ကို ... ရောက်တော့မှာပါ၊ ညီမနဲ့အတူသာလိုက်ဆင်းခဲ့ပါ '

မနော်ဟာရီဆိုသောအမျိုးသမီးမှာ ရှေ့မှနေ၍ ရေကန်ထဲသို့ ဆင်းသွားလေသည်။ သူရိန်လည်း နောက်မှလိုက်၍ဆင်းခဲ့လေသည်။ ရေအောက်သို့ရောက်သောအခါ ခမ်းနားထည်ဝါလှသည့် ရေအောက်နန်းတော်ကြီးပမာ ဝင်းဝါတောက်ပလျက်ရှိလေသည်။ သူရိန်လည်း အံ့သြသည့်စိတ်ဖြင့် နန်းတော်ကြီးတစ်ခုလုံးကို လှည့်ပတ်ကြည့်နေမိသည်။





မနော်ဟာရီဆိုသောအမျိုးသမီးက အခန်းလေးတစ်ခန်းနားသို့ ရောက်သောအခါ တံခါးကိုဖွင့်လိုက်လေသည်။ အခန်းထဲတွင် ရွှေရောင်တောက်ပလျက်ရှိသော သေတ္တာသုံးလုံးကိုတွေ့လိုက်ရသည်။ အနားသို့ရောက်သောအခါ သေတ္တာများကိုဖွင့်ကြည့်လိုက်သောအခါ အထဲ၌ရွှေငွေကျောက်သံပတ္တမြားအစုံအလင်ကို တွေ့လိုက်ရလေသည်။ ထို့နောက် အရိုးစုနှစ်စု မျက်နှာချင်းဆိုင် ထိုင်လျက်ရှိနေသည်ကိုတွေ့လိုက်ရသည်။ ၎င်းအရိုးစုများကို နေသူရိန်တွေ့လိုက်ရသဖြင့် ကြောက်စိတ်မဝင့်ဘဲ အလိုလိုဝမ်းနည်းသလိုပင်ခံစားလိုက်ရသည်။ ဒါကိုသိနေသော မနော်ဟာရီက ...

'အစ်ကို ... ဒီအရိုးစုတွေက ဘယ်သူတွေလို့ထင်သလဲဟင် '

' အစ်ကို ဘယ်သိပါ့မလဲ '

' ဒါဆို မနော်ဟာရီပြောပြမယ်၊ ဒီအရိုးစုနှစ်ခုဟာ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုနဲ့ညီမတို့ရဲ့ အရိုးစုတွေပဲ '

'ဟင် ...'

နေသူရိန်တစ်ယောက် အံ့သြသောစိတ်ဖြင့် အရိုးစုနှင့်အမျိုးသမီးကို မယုံနိုင်သောအကြည့်များဖြင့် တလှည့်စီကြည့်လိုက်မိသည်။

ကြည့်နေရင်းမှနေ၍ မနော်ဟာရီဆိုသော အမျိုးသမီးလေးမှာ တဖြည်းဖြည်း မင်းသမီးလေးအသွင်ပြောင်းသွားကာ နေသူရိန်အားစိုက်ကြည့်နေလေသည်။

နေသူရိန်မှာ မင်းသမီးလေးကိုကြည့်ရင်း တဖြည်းဖြည်းနှင့် မျက်နှာမှာကြောက်စရာအသွင်သို့ ပြောင်းလဲသွားသောကြောင့် ကြောက်ရွံ့ထိတ်လန့်စိတ်များ ဖြစ်ပေါ်လာကာ ...

'အား ... အား ...'

နေသူရိန်တစ်ယောက် ထိတ်လန့်ပြီးအော်လိုက်သော





အသံကြောင့် အိပ်ပျော်နေသောမောင်အေးမှာ အိပ်ရာမှကပျာကရာ ထလာလေသည်။ နေသူရိန်အား ကုတင်ပေါ်တွင် ထိုင်လျက်သား တွေ့လိုက်ရသည်။

'ဆရာ ... ဆရာ၊ ဘာဖြစ်တာလဲ'

မောင်အေးကမေးလည်းမေး၊ ရေတစ်ခွက်လည်းခပ်လာပြီး သူ့လက်ထဲသို့ပေးလိုက်လေသည်။ နေသူရိန်ရေတစ်ခွက်သောက်လိုက်ပြီးနောက် ...

'မောင်အေး ... ငါအိပ်မက် မက်နေတာပါ၊ အိပ်မက်ထဲမှာ ငါ့ကိုအမျိုးသမီးတစ်ယောက်က လာခေါ်ပြီး ရေကန်ထဲဆင်းသွားတယ်၊ ရေကန်အောက်က နန်းတော်ကြီးထဲကအခန်းထဲမှာ ရွှေသေတ္တာသုံးလုံးနဲ့ အရိုးစုနှစ်ခုကိုတွေ့ရတယ်၊ ငါလည်းအဲဒါတွေကို ကြည့်ပြီး ငါ့ကိုခေါ်လာတဲ့အမျိုးသမီးကိုကြည့်လိုက်တော့ နန်းဝတ်နန်းစားနဲ့ အမျိုးသမီးအသွင်ပြောင်းပြီး ကြောက်စရာကောင်းတဲ့မျက်နှာကိုမြင်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါလည်းလန့်ပြီး ထအော်လိုက်တာပါ '

'ဒါဆိုဆရာ့ကို ရေကန်ထဲဆင်းလာဖို့ လာခေါ်တာနဲ့တူတယ် '

'ငါတို့လည်း ဆင်းမယ်လို့စီစဉ်နေကြတာပဲ၊ ဒီနေ့မှပဲ တိုက်တိုက်ဆိုင်ဆိုင် ဒီအိပ်မက်က လာမက်နေတယ် '

'ဒါဆိုရင်တော့ ဆရာထင်သလိုဖြစ်နိုင်တယ်၊ ကျွန်တော်တို့ ဆင်းဖြစ်အောင်ဆင်းမယ်၊ တကယ်လို့ အိပ်မက်ထဲကလို ရတနာတွေရရင် ဆရာ ကျွန်တော့်ကိုမမေ့နဲ့နော် '

' ဆရာလည်း ရတနာတွေသာရရင် ဒီရတနာတွေကိုထုခွဲပြီး အရိုးစုနှစ်စုအတွက် စေတီလေးနှစ်ဆူ တည်မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ကျန်တာကို ဘုရားလှူမယ် '

'ဒါဆိုရင်တော့ မနက်ဖန်ကျရင် ဆရာမှာထားတာတွေကို ကျွန်တော်အမြန်ဆုံးစီစဉ်လိုက်တော့မယ်... '

◆◆◆◆◆





# အခန်း (၁၁)

# ထူးဆန်းသောအိပ်မက်တူ



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဆရာမလေး နေရီနှင့်ချိန်းထားသည်။ သူ့ဆီကို သွားရဦးမည်၊ လာမည်ဟုပြောထားသဖြင့် သူမျှော်နေတော့မည်။

နေသူရိန်တစ်ယောက် အိပ်ရာမှထကာ ရေးမိုးချိုး၊ အဝတ်အစားလဲကာ ဆရာမလေးရှိရာရွာထဲသို့ ထွက်လာခဲ့လေသည်။လမ်းတစ်နေရာအရောက်တွင် မမျှော်လင့်ဘဲ သစ်ပင်တစ်ပင်၏သစ်ကိုင်းကြားတွင် မြွေတစ်ကောင်မှာ သစ်ကိုင်းနှင့်ညပ်မိနေပြီး ရုန်းထွက်မရ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ မြွေကသူ့ကိုကြည့်နေလေသည်။ မြွေ၏ အကြည့်က သူ့ကိုကူညီပေးစေလိုသော အကြည့်မျိုးဖြစ်ပြီး





ရန်မူလိုသည့် လက္ခဏာမျိုးမတွေ့ရပေ ။

နေသူရိန်လည်း မြွေလေးကိုကြည့်လိုက်ရာ လုံးပတ်မှာကျပ်လုံးခန့်ရှိပြီး အရှည်ကငါးပေလောက်ရှိလိမ့်မည်ထင်သည်။ ထို့ကြောင့် သစ်ကိုင်းကြားတွင် ညပ်နေသောမြွေလေးကို ကူညီပေးလိုက်သည်။ မြွေလေးလည်း ဒုက္ခကြားမှလွတ်မြောက်သွား၍လားမသိ၊ အမြန်လျှောဆင်းကာ နေသူရိန်ကိုပြန်လည်လှည့်ကြည့်လိုက်ပြီး ဆက်မသွားသေးဘဲရှိနေလေသည်။ ခဏကြာမှပင် ရေကန်ဘက်သို့ဆက်သွားလေတော့သည်။

နေသူရိန်သည် ရွာလမ်းအတိုင်းဆင်းလာသောအခါ အော်သံတစ်သံကို ကြားလိုက်ရပြန်သည်။ ဘေးနားကပ်ကြည့်လိုက်သောအခါ ကျင်းတစ်ခုထဲသို့ ယုန်လေးတစ်ကောင်ကျနေပြီးပြန်မတက်နိုင်သဖြင့် လွတ်မြောက်အောင် ကူညီပေးရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲသို့ရောက်သောအခါ ဆရာမလေးနေရှိသည့် အိမ်ရှေ့တွင်ထွက်၍သူ့အားမျှော်နေသည်ကို တွေ့ရလေသည်။ သူရောက်လာသည်ကို လှမ်းမြင်လိုက်သည် ...

' လာ ... အစ်ကို၊ ညီမမျှော်နေတာ၊ အစ်ကိုလာမှလာပါ့မလားလို့ '

' လာမှာပေါ့ ကျွန်တော်လာမယ်လို့ပြောလိုက်တာပဲဗျာ၊ ကျွန်တော်လည်း ဆရာမလေးနဲ့တွေ့ပြီး ထူးဆန်းတဲ့ အိပ်မက်တွေမက်နေလို့ ... '

' ဘာအိပ်မက်တွေများ မက်နေလို့လဲ၊ ညတုန်းက ကျွန်မလည်းအိပ်မက်တယ်၊ ကျွန်မကို မင်းသားလေးနဲ့တူတဲ့ လူတစ်ယောက်လာခေါ်တယ်၊ ကျွန်မလည်း ရင်းနှီးဖူးတွေ့ဖူးတဲ့သူဆိုတော့ မငြင်းလိုက်ဘူး၊ ဘာများထူးခြားလို့လဲဆိုပြီး လိုက်သွားမိတယ်၊ ကျွန်မကို ရေကန်တစ်ခုနားကို ခေါ်သွားတယ်၊ ပြီးတော့ ရေအောက်ကိုလိုက်ခဲ့ဖို့ခေါ်တယ်၊ ကျွန်မလည်းမငြင်းတော့ဘဲ ဆင်းလိုက်သွားတာပေါ့၊ ရေအောက်ရောက်တော့ နန်းတော်လိုအဆောက်အဦကြီးတစ်ခုထဲက အခန်းတစ်ခုနားရောက်တော့ တံခါးဖွင့်လိုက်တယ်၊ အခန်းထဲမှာ သေတ္တာသုံးလုံးထဲမှာ ရတနာတွေအပြည့်နဲ့၊ သေတ္တာဘေးနားမှာတော့ အရိုးစုနှစ်စုမျက်နှာချင်းဆိုင်နေတာတွေ့ရတယ်။

' ပြီးတော့ မင်းသားလေးကိုတစ်လှည့်၊ အရိုးစုတွေကိုတစ်လှည့်ကြည့်လိုက်တဲ့အခါ မင်းသားလေးမျက်နှာဟာ တဖြည်းဖြည်းနဲ့ ကြောက်စရာပုံဖြစ်လာတော့ ကျွန်မလည်း လန့်ပြီးအော်လိုက်မိတယ်၊ ဒါနဲ့ပဲ အိပ်ရာကလန့်နိုးသွားတယ် '

' ဟင် ... ဒါဆိုရင် ဆရာမနဲ့ကျွန်တော်မက်တာ အိပ်မက်တစ်ခုတည်းဖြစ်နေတယ်၊ အရမ်းထူးဆန်းတာပဲ၊ နောက်ပြီး ဆရာမကိုလည်း ကျွန်တော်ရင်းရင်းနှီးနှီးသိနေသလိုပဲ၊ အတိတ်ဘဝက ရေစက်ကြောင့်များလား ... '

' ဒါနဲ့ ဆရာမကိုပြောရဦးမယ်၊ ကျွန်တော်လည်း







BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဆရာမနဲ့ထပ်တူအိပ်မက်မျိုး မက်ခဲ့တယ်၊ အရမ်းကို တိုက်ဆိုင်မှုဖြစ်နေတယ်၊ ဆရာမစိတ်ထဲမှာ ဘယ်လိုရှိမယ်တော့ မသိဘူး၊ ကျွန်တော်ကတော့ ရေကန်ထဲကို အရမ်းဆင်းကြည့်ချင်နေတယ်၊ အိပ်မက်ထဲကလို ... ရတနာတွေရရင်တော့ ကောင်းမှာပဲ၊ ဒီရတနာတွေသာရခဲ့ရင်တော့ ကျွန်တော် ဘုရားနှစ်ဆူတည်ချင်နေတာနဲ့ အတော်ပဲ၊ ဆရာမလေးရော ဘယ်လိုသဘောရသလဲ '

' ကျွန်မလည်း ဒီရေကန်နားကို အရမ်းသွားချင်မိတယ်၊ အဲဒါ အစ်ကိုအားရင်လိုက်ပို့နိုင်မလားဟင် '

' ဆရာမလေးက ကျွန်တော့်ကိုယုံလို့လား ဟင် ... '

' ဘာဖြစ်လို့မယုံရမှာလဲ၊ ကျွန်မစိတ်ထဲမှာ အစ်ကို့ကို ရင်းနှီးပြီးသားလို ထင်နေတယ်၊ ဒါကလည်း ရေးဘဝက်ကြောင့်ပဲလို့ ဆိုရမလားပဲ၊ ညီမလေ အစ်ကို့ကိုစတွေ့တဲ့နေ့က အစ်ကို့ကိုမြင်လိုက်ရတော့ စိတ်ထဲမှာတစ်မျိုးဖြစ်သွားတယ်၊





အစ်ကိုတစ်ယောက်လိုမျိုး ခင်မင်မိတယ်၊ အဲဒါဘာကြောင့်မှန်းမသိဘူး၊ အခုလို အစ်ကိုနဲ့အတူတွေ့ရ၊ မြင်ရ၊ စကားတွေ ပြောလိုက်ရတော့ ပိုပြီးတောင်ခင်မင်မိတယ်၊ ဒီနေ့ အစ်ကို ရောက်လာမယ်ဆိုတာ သိလိုက်ရတော့ ပိုပြီးမျှော်နေမိတယ်၊ ဒါနဲ့ ... အစ်ကို၊ ရေကန်ကြီးကို ဘယ်တော့သွားမှာလဲ '

' ဆရာမလေးက အခုသွားကြည့်ချင်လို့လား ... '

' အစ်ကို ... ကျွန်မကို ဆရာမလေးလို့ မခေါ်ပါနဲ့၊ ကျွန်မမှာ နာမည်ရှိတယ်၊ ညီမနာမည်ကိုပဲ ခေါ်ပါ ... '

' ဒါဆို နေရီ ... လို့ပဲခေါ်မယ်နော် '

' အစ်ကို ကြိုက်သလိုခေါ်ပါ၊ ဆရာမလေး မဟုတ်ရင် ပြီးတာပါပဲ '

' ကောင်းပါပြီဗျာ ... ဆရာမလေး ... '

' ဟော လုပ်ပြန်ပြီ '

' အလကားစ,တာပါ ... နေရီရယ်၊ အခု နေရိုးသွား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ချင်ရင် အစ်ကိုလိုက်ပို့ပေးပါ့မယ်၊ ဒီနေ့ အစ်ကိုအလုပ်အားပါတယ် '

'ဒါဆိုရင် နေရီ အဝတ်အစားလဲလိုက်ဦးမယ် '

နေရီသည်ပြောပြီး အခန်းထဲသို့သို့ဝင်သွားလေသည်။ နေရီအခန်းထဲဝင်သွားပြီး နေသူရိန်တစ်ယောက်တည်းကျန်ခဲ့သည်။ သူသည် အခန်းထဲသို့မျက်လုံးကစားကြည့်လိုက်သည်နှင့် နံရံပေါ်တွင် မမျှော်လင့်ဘဲ ပန်းချီကားတစ်ချပ်ကို တွေ့လိုက်ရလေသည်။ ၄င်းပန်းချီကားမှာ ကျောက်နံရံတွင် ခြသေ့်ခေါင်းပုံနှင့် နှာခေါင်းဝတွင် ကွင်းတစ်ကွင်းတပ်ထားလေသည်။

၄င်းပုံကို နေရီဘာကြောင့်များဝယ်ပြီး ကပ်ထားပါလိမ့်၊ ထူးဆန်းနေသည်။ ဒီလိုပုံမျိုးကို ငါဘယ်မှာမြင်ဖူးပါလိမ့်၊ ဒီပုံကို ငါရင်းရင်းနှီးနှီး မြင်ဖူးပါတယ်၊ စိတ်ထဲမှာလည်း တစ်မျိုးပဲ ...။





ခဏအကြာတွင် နေရီအဝတ်အစားလဲကာ ထွက်လာလေသည်။

'အစ်ကို ... လာလေ သွားကြမယ် '

'ဪ ... အင်း ... အင်း '

သူရိန်မှာ ပြန်သာပြောလိုက်ရသည်။ မျက်နှာကတော့ ပန်းချီကားပေါ်မှာမခွာနိုင်သေး။

'အစ်ကို ဘာဖြစ်နေတာလဲ ... '

'ဘာမှ ...မဖြစ်ပါဘူး၊ ဒါပေမယ့် နေရီကိုတစ်ခုမေးစရာရှိတယ် '

'မေးလေ ... '

' တခြားတော့မဟုတ်ပါဘူး၊ နံရံမှာချိတ်ထားတဲ့ ပန်းချီကားပုံက ထူးခြားနေလို့ပါ၊ ဒီပုံကို ဘယ်ကရသလဲဟင် ... '

' အင်း ...ဒီပုံရတာကလည်း ထူးဆန်းတယ်၊ ဒီ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားကို နေရီရောက်ပြီး တစ်ပတ်အကြာမှာ လူတစ်ယောက်လာပေးထားတာလေ၊ နေရီသည်း ဘာကြောင့်ဒီပုံကို လာပေးတာလဲလို့မေးတော့ အဲဒီလူက ...

" တစ်နေ့ဒီပုံက သမီးကိုကူညီပါလိမ့်မယ်၊ ယုံယုံကြည်ကြည်နဲ့အိမ်ရှေ့မှာထားပါ၊ ထူးခြားတာတွေ တွေ့လာလိမ့်မယ် " လို့ ပြောသွားတယ်။

' ဟော ... ခုတော့ ပထမထူးခြားတာကတော့ အစ်ကိုပဲ၊ ဒီပုံကို အစ်ကိုမြင်တော့ နေရီကိုစမေးတော့တာပဲ၊ ဘာ့ကြောင့်ဒီပုံကို မေးရတာလဲ ...'

BURMESE CLASSIC .com

' နေရီမေးမှတော့ အစ်ကိုပြောပြရတာပေါ့၊ ဒီပုံကို အစ်ကိုမြင်ဖူးတယ်၊ ဒါပေမယ့် ဘယ်မှာမြင်ဖူးသလဲဆိုတာတော့ မစဉ်းစားတတ်အောင်ဖြစ်နေတယ်၊ ဒါပေမယ့် တစ်နေ့တော့အဖြေပေါ်လာမှာပါ၊ ခုတော့ ရေကန်နားသွားကြရအောင် လာ ...'





သို့ဖြင့် နှစ်ယောက်သား ရွာထိပ်သို့ထွက်လာခဲ့လေသည်။ ရွာထိပ်သို့ရောက်သောအခါ တောထဲသွားသည့်လမ်းဘက်သို့ဝင်သွားပြီး နာရီဝက်ခန့်လျှောက်မိသည်နှင့် ဆောင်ကုန်းများကြား၌ ရေကန်ကြီးတစ်ကန်ကို တွေ့လိုက်ရလေသည်။

နှစ်ဦးသား ရေကန်နားသို့ လျှောက်လာကြသည်။ ရေကန်မှာ ဘေးမှတောင်ထွတ်များ၊ သစ်တောများနှင့် ပတ်ဝန်းကျင်မှာ စိမ်းလန်းစိုပြေလျက်ရှိသည်။ ကျေးငှက်များ၏အော်မြည်သံများမှာ သာယာနာပျော်ဖွယ် ကောင်းလှပေသည်။

'အစ်ကို့ကို တစ်ခုမေးရဦးမယ်၊ ဒီနားမှာ သက်တမ်းရင့်နေတဲ့ သစ်ပင်အိုကြီးတစ်ပင်ရှိလိမ့်မယ်၊ သူ့ရဲ့ပင်စည်မှာ ဘစ်ဝက်လောက် ချိုင့်ဝင်နေတဲ့အပင်ကြီးတစ်ပင်ရှိသလား အစ်ကို '



www.burmeseclassic.com

www.burmeseclassic.com



'ဒါကို နေရီဘယ်လိုလုပ်သိတာလဲ '

'နေရီလည်း မပြောတတ်ဘူး၊ အိပ်မက်ထဲမှာမြင်မိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီရေကန်နဲ့ဒီအပင်ဟာတွဲပြီးမြင်မိလို့ပါ '

'နေရီပြောတာမှန်ပါတယ်၊ ရေကန်ရဲ့တောင်ဘက်နားမှာရှိပါတယ် '

'နေရီ ကြည့်ချင်လို့ပါ၊ လိုက်ပြပေးပါနော် ...'

'လာလေ ... အစ်ကိုနဲ့လိုက်ခဲ့ပါ '

နေသူရိန်က ရှေ့မှဦးဆောင်၍ခေါ်သွားသည်။ (၁၀) မိနစ်ခန့်လျှောက်သွားသောအခါတွင်မှ အလွန်ကြီးမားသောသစ်ပင်ကြီး တစ် ပင်ကိုတွေ့လိုက်ရသည်။ နေရီတစ်ယောက်ထိုအပင်ကြီးကိုမြင်လိုက်ရသောအခါ မျက်ရည်များရစ်ဝဲလာသည်။ အလိုလိုနေရင်း သတိရတမ်းတပြီး ဝမ်းနည်းလာမိသည်။





အမှတ်မထင်မြင်လိုက်ရသော နေသူရိန်မှာစိုးရိမ်စိတ်ဝင်သွားပြီး ...

'နေရီ ဘာဖြစ်လို့လဲဟင် ...'

နေသူရိန်က မေးလာသောကြောင့် နေရီ သူ့ကိုယ်သူပြန်ဆန်းစစ်မိသည်။ သူမျက်ရည်ကျတာကို နေသူရိန်မြင်သွားသဖြင့် မေးလိုက်ခြင်းဖြစ်သည်ကို သိလိုက်သည်။

'ဘာမှမဖြစ်ပါဘူး အစ်ကို၊ ဒီသစ်ပင်ကြီးကိုမြင်တော့ဝမ်းနည်းမိလို့ပါ၊ရင်ထဲမှာအလိုလိုနေရင်း ဝမ်းနည်းသလိုဖြစ်လာလို့ပါ '

'အင်း ... နေရီလည်းခံစားချက်ရှိနေပြီထင်တယ်၊ အင်းပေါ့လေ ဒီအရွယ်ရောက်နေပြီပဲ၊ ခံစားချက်တော့ ရှိမှာပေါ့၊ ဘယ်မှာကျန်ခဲ့တာလဲ ... အစ်ကိုမသိရဘူးလား '

'ခံစားချက်ရှိတာပေါ့၊ ဒါပေမယ့် သူကဒီကမဟုတ်ဘူး၊ အရင်ဘဝကပါ ...'



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



'ဟင် ...'

နေသူရိန်တစ်ယောက် နေရီစကားကြောင့် အံ့သြသွားရလေသည်။

'နေရီပြောတာ တကယ်လား၊ အစ်ကိုဝမ်းသာလိုက်တာ'

နေရီမှာ နေသူရိန်၏စကားကြောင့် ကြောင်သွားလေသည်။

'အစ်ကိုက ဘာကြောင့်ဝမ်းသာရတာလဲ'

'ဩော် ...နေရီခုနက ပြောတယ်လေ၊ ဒီဘဝမှာ ခံစားချက်မရှိသေးဘူးလို့ ဝန်ခံလိုက်တယ်လေ'

'အဲဒါနဲ့ ဘာဆိုင်လို့လဲ ...'

'အစ်ကို့အတွက်တော့ သိပ်ဆိုင်တာပေါ့'

'အစ်ကိုနော် ... ဘာတွေပြောနေမှန်းလည်းမသိဘူး၊ နေရီ နားမလည်တော့ဘူး'





'ခုတော့ နားမလည်သေးဘူးပေါ့၊ နောက်တော့ နားလည်လာပါလိမ့်မယ် ...'

နှစ်ဦးသား လာလမ်းအတိုင်းပြန်လာခဲ့ကြသည်။ လာခဲ့စဉ်က သတိမထားမိဘဲကျော်သွားခဲ့သော သစ်ပင်တစ်ပင်မှာ မထင်မှတ်ဘဲအမှတ်အသားတစ်ခုကို ယင်းကနဲ သူရိန်တွေ့လိုက်ရသည်။ သူရိန်ကဲ့သို့ပင် နေရီလည်းမြင်လိုက်ရသည်။

သစ်ပင်မှာ မိမိတို့သွားရမည့်လမ်းကို လက်ညှိုးညွှန်ပြနေသလား အောက်မေ့ရသည်။ မိမိတို့မှာ တောင်ဘက်မှဆင်းလာသဖြင့် ယခုအရှေ့ဘက်သို့ ညွှန်ပြနေသလိုဖြစ်နေသည်။

ထို့ကြောင့် နှစ်ယောက်သား အရှေ့ဘက်သို့ လျှောက်လာခဲ့ကြသည်။ မိနစ် ၂၀ ခန့် လျှောက်လိုက်သောအခါ ကျောက်တုံးကြီးတစ်တုံးကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပို၍ထူးဆန်းသည်မှာ နေရီ၏အိမ်နံရံတွင် ချိတ်ဆွဲထားသော ပန်းချီကားထဲမှ ခြသေ့်ခေါင်းနှင့်နှာကွင်းပုံဖြစ်နေသောကြောင့်ပင်။

တစ်ဦးကိုတစ်ဦးကြည့်ရင်း အံ့သြစွာဖြင့်ပင် နောက်ကြောင်းသို့ ပြန်လှည့်လာခဲ့လေတော့သည် ။





# အခန်း (၁၂)

## ရေအောက်မြို့တော်



www.burmeseclassic.com

www.burmeseclassic.com



နေသူရိန်နှင့် မောင်အေးတို့နှစ်ဦး ရေကန်နားရောက်နေကြသည်။ သူတို့ရောက်နေသည့်အချိန်မှာ ဖြနာရီခွဲလောက်ရှိနေပေပြီ။ သို့သော် တောင်ကြားထဲတွင်ဖြစ်နေသဖြင့် နေရောင်ကမရရှိသေးပါ။ ထို့ကြောင့် သူတို့နေရောင်ရသည်အထိ စောင့်နေကြသည်။

နေရီက လိုက်မည်ဟုပြောသော်လည်း သူရိန်လက်မခံခဲ့ပါ၊ သူတို့နှစ်ဦး ရေအောက်ရောက်နေချိန်တွင် နေရီတစ်ယောက်တည်း ကျန်ရစ်ခဲ့မှာမို့ စိတ်မချသည့်အတွက် မလိုက်





ရန်တားမြစ်ခဲ့ရသည်။ နေရီက သိပ်မကြည်ချင်သော်လည်း အစ်ကိုဖြစ်သူက ညီမကိုစိတ်မချ၍ ပြောသောသဘောမျိုးဖြစ်သဖြင့် ကျန်ရစ်ခဲ့လေသည်။

ရေပြင်ပေါ်သို့ နေရောင်ရောက်လာသောအခါ ရေအောက်သို့ ဆင်းရန်ပြင်ရလေသည်။

'မောင်အေး ... အဆင်သင့်လုပ်တော့ ဘို့ ရေအောက်ဆင်းရမယ်'

'ဟုတ်ကဲ့ ... အဆင်သင့်ပါပဲဆရာ'

မောင်အေးလည်း အားလုံးအဆင်သင့်ဖြစ်နေပြီး ပစ္စည်းများ ပုံလျက်သားတွေ့ရလေသည်။ နေသူရိန်သည် အဝတ်အစားများလဲကာ ရေအောက်သို့ဆင်းလာခဲ့လေသည်။

ကန်ရေဖြစ်သောကြောင့် အေးလှသည်။ ရေကို တဖြည်းဖြည်း နက်လာသောအခါ မှောင်လာသည်။ ရေ



www.burmeseclassic.com

www.burmeseclassic.com



အောက်ရောက်သောအခါ လက်နှိပ်ဓာတ်မီးကို အသုံးပြုရသည်။ မီးရောင်ကြောင့် ပထမဆုံးတွေ့လိုက်ရသည်က ကျောက်တိုင်လိုလို ကျောက်တုံးလိုလို တိုင်တစ်ခုကိုတွေ့ရသည်။ တိုင်တစ်ခုလုံးစိမ်းလျက် ရေညှိရေမှော်ပင်များပတ်နေသည်ကို တွေ့လိုက်ရသည်။

ကျောက်တုံးနံဘေးမှ ရှည်မျောမျောအကောင်းလေး တစ်ကောင်ထွက်လာသည်။ သူရိန်လည်း ဘေးနားသို့ကပ်လိုက်ပြီး ထိုအကောင်လေး၏နောက်မှ လိုက်သွားလေသည်။

ကျောက်တုံးနှစ်ခုကြားသို့ အကောင်လေးဝင်သွားသည်နှင့် သူရိန်လည်းလိုက်ဝင်သွားလေသည်။

ပထမဆုံးတွေ့လိုက်ရသည်က သံပြားချပ်လိုလို၊ ကျောက်တံခါးချပ်ကြီးလိုလိုကို တွေ့လိုက်ရသည်။ ၄င်းတံခါးနှင့်တူသောအချပ်ကြီးသည် တစ်ဖက်သို့စောင်းလျက် ဖွင့်ထားသကဲ့သို့ဖြစ်နေသည်။ သူရိန်သည် ယင်းတံခါးကြီးနား





သို့ကပ်သွားပြီး အထဲသို့ဓာတ် မီးဖြင့်ထိုးကြည့်လိုက်သောအခါ ပိုရှုံ့အံ့သြသွားရလေသည်။ မိမိအိပ်မက်ထဲတွင် မြင်ရသည့်အတိုင်း အရိုးစုနှစ်စုကိုတွေ့လိုက်ရသည်။

'ငါ့အိပ်မက်ထဲက မြင်ရတာတွေဟာ ဘာကယ်ဖြစ်နေပါလား ...ဒါဆိုရင် မောင်အေးပြောခဲ့တဲ့ ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလိုဟာ တကယ်ဖြစ်နေပါလား၊ ဘာပဲဖြစ်ဖြစ် အထဲဝင်ကြည့်ဦးမှပဲ'

အထဲသို့ဝင်ရန်အတွက် မောင်အေးအား ခြေဟန်လက်ဟန်ဖြင့် ပြလိုက်သည်။ သူရိန်ကရှေ့ကနေပြီး ဝင်သွားသည်။ ရှေ့တွင်မြင်နေရသောအရာများကို ဓာတ်မီးဖြင့်ထိုးကြည့်လိုက်ရာ အရိုးစုနှစ်စု၏ဘေးတွင် သေတ္တာသုံးလုံးကိုတွေ့လိုက်ရသည်။ သေတ္တာသုံးလုံးအနက် နှစ်လုံးမှာပွင့်လျက်သားရှိနေပြီး တစ်လုံးမှာပိတ်လျက်သားရှိနေသည်။

သေတ္တာများအနီးသို့သွားရောက်ပြီး ပိတ်နေသော



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာကို ကြည့်လိုက်ရာ သေတ္တာ၏လက်ကိုင်နေရာတွင် ခြသေ့်ခေါင်းနှင့်ကွင်းကို တွေ့လိုက်ရသည်။ ထိုခြသေ့်ခေါင်းပါ ကွင်းအားတစ်အားဆွဲပြီး ဖွင့်လိုက်သောအခါ အထဲတွင် တစ်လက်မခန့်ရှိ လုံးလုံးရှည်ရှည်အရာလေးကိုတွေ့လိုက်ရသည်။ သူရိန်လည်း ငင်းလုံးလုံးရှည်ရှည် အရာလေးကိုယူပြီး ပြန်ထွက်လာခဲ့သည်။

အနီးအနားပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သောအခါအဆောက်အဦပျက်များကို တွေ့ရလေသည်။ ဆက်ပြီး ရှာဖွေခြင်းမပြုတော့ဘဲ ရေပြင်ပေါ်သို့ ပြန်တက်ခဲ့ကြသည်။ မောင်အေး၏အဘိုး ပြောပြသောပုံပြင်မှာ တကယ်ပင်ဖြစ်နေသည်။

တောင်ကြားထဲရှိရေကန်၏ရေမှာ စီးဆင်းခြင်းမရှိဘဲတည်ငြိမ်နေခြင်းကြောင့် အဆောက်အဦများ မပျက်မစီးဘဲရှိနေခြင်းဖြစ်နိုင်သည်။ နောက်ပြီး သူရိန်တွေ့ခဲ့သည့်သေတ္တာ





၏လက်ကိုင်နေရာတွင်ရှိနေသည့် ခြသေ့်ခေါင်းနှင့်ကွင်းပုံသည် နေရီ၏အိမ်တွင်ရှိနေသည့်ပုံနှင့် အတူတူပင်ဖြစ်နေသည်။

ရေအောက်သေတ္တာတွင်ရှိနေသည့် ခြသေ့်ခေါင်းနှင့်ကွင်းပုံသည် နေရီ၏အိမ်မှပန်းချီကားနှင့် မည်ကဲ့သို့ပတ်သက်နေသည်ကို သူရိန်တစ်ယောက် မတွေးတတ်အောင်ပင်ဖြစ်နေသည်။

ကုန်းပေါ်သို့ရောက်သောအခါ အဝတ်အစားများလဲကာ ခဏနားလိုက်ကြသည်။ ထို့နောက်မိမိတို့ယူဆောင်လာသည့် ရှည်ရှည်အလုံးလေးကို ကြည့်နေမိသည်။ ထူးခြားမှုတစ်ခုခုတော့ ရှိမည်ထင်သည်။ ထိုသို့တွေးရင်း ဆရာတပည့်နှစ်ယောက် ဗိုလ်တဲသို့ပြန်လာခဲ့ကြသည်။

ဗိုလ်တဲသို့ပြန်ရောက်သောအခါ ရေမိုးချိုးပြီး မိမိတွေ့ခဲ့ရသော အကြောင်းအရာအားလုံးကို နေရီအားပြောပြချင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဖြစ်နေသည်။

ပြီးတော့ ... နေရီ၏အိမ်နံရံပေါ်က ပန်းချီကားကိုလည်း စိတ်ဝင်စားနေမိသည်။ နေရီကိုလာပေးသွားသော ပန်းချီကားပိုင်ရှင် မည်သူဖြစ်သည်၊ ဘာကြောင့်လာပေးရသည်၊ ဒီလူဟာ ဘယ်ကလဲ စသည့်မေးခွန်းများကို ရင်ထဲမှ မေးနေမိသည်။

'ငါတွေ့ခဲ့ရတဲ့ ခြင်္သေ့ပုံနဲ့နေရီအိမ်က ပန်းချီကားဟာ တစ်ထေရာတည်းတူနေတာဟာ အလွန်ထူးဆန်းတာပဲ၊ ပြီးတော့ နေရီရဲ့အိပ်မက်နဲ့ ငါ့အိပ်မက်ဟာအတူတူဖြစ်နေတာ ဘာကြောင့်လဲ၊ ဒါတွေဟာ တိုက်ဆိုင်မှုလို့ပြောရအောင်လည်း ဒီလောက်ထိမတူညီနိုင်ပါဘူး၊ ဒါတွေဟာ တစ်ခုခုကို ရည်ညွှန်းနေတာလား၊ ဒီခြင်္သေ့ပုံကို ရေကန်နားက ကျောက်တုံးပေါ်မှာလည်း တွေ့ခဲ့ရတယ်၊ ဘာကြောင့် ဒီပုံတွေဖြစ်နေရတာလဲ'





'အင်း ... ဘာပဲဖြစ်ဖြစ် ဒီအကြောင်းတွေကို နေရီနဲ့သွားပြီး ဆွေးနွေးရမယ်၊ နေရီဘာပြောမလဲ၊ ဘာအကြံများပေးမလဲဆိုတာ နားထောင်ရတာပေါ့'

သည်လိုနှင့် နေသူရိန်တစ်ယောက် နေရီဆီကို ထွက်လာခဲ့လေသည်။

ထိုအချိန် ...နေရီမှာလည်း သူရိန်ဆီကဘာများထူးခြားလာမလဲဆိုပြီး သိချင်သည့်စိတ်ဖြင့် သူရိန်ကိုအိမ်ရှေ့မှ ထွက်မျှော်နေမိသည်။ သူရိန်ရောက်လာသည်ကိုမြင်လျှင် အားရဝမ်းသာဖြင့် ဆီးကြိုလိုက်ပြီး ...

'လာ အစ်ကို၊ နေရီမျှော်နေတာ'

'အစ်ကိုလည်း အလုပ်ပြီးပြီးချင်း နေရီဆီကို တန်းတန်းမတ်မတ်လာခဲ့တာပဲ၊ နေရီလည်းသိချင်နေမှာပဲလို့ ..'

ပြောပြောဆိုဆို သူရိန်သည် အနားတွင်ရှိသည့် ကွပ်ပျစ်ပေါ်တွင် ထိုင်လိုက်သည်။ နေရီလည်း သူရိန်၏နား



www.burmeseclassic.com

www.burmeseclassic.com



တွင် ကပ်ထိုင်လိုက်ပြီး သူရိန်ဆီမှထွက်လာမည့် စကားကို မျှော်လင့်နေသည်။

'ဒီလို ... နေရီ၊ အစ်ကိုတို့ ရေအောက်ကိုဆင်းတာ၊ ရေအောက်မှာ မြို့ပျက်တစ်ခုကိုတွေ့ရတယ်၊ မြို့ပျက်လို့ ယူဆရတာပဲ၊ မြို့ပျက်ဆိုပေမယ့် သိပ်မပျက်စီးသေးဘူး၊ ဒီလိုနဲ့ ကျောက်တုံးနှစ်တုံး ကြားကနေ .........'

နေသူရိန်က သူတွေ့မြင်ခဲ့သမျှကို နေရီအားပြောပြလိုက်လေသည်။ နေရီလည်း သူရိန်ပြောသမျှကို စိတ်ဝင်တစားနားထောင်ရင်းပိုပြီးအံ့သြလာသည်။ သူရိန်သည် စကားများများပြောလိုက်ရသည့်အတွက် အာခြောက်လာသည်။

'နေရီ ... အစ်ကို့ကို ရေတစ်ခွက်လောက်တိုက်ပါလား ...'

'ဪ ... အင်း ... နေရီလည်း သိချင်ဇောအားကြီးသွားလို့ စားစရာတစ်ခုခု ကျွေးဖို့မေ့သွားတယ်'





ပြောပြီး နေရီထိုင်ရာမှထသွားသည်။ ခဏကြာသော အခါ လင်ပန်းတစ်ချပ်ပေါ်တွင် စားစရာအချို့နှင့် ရေနွေးအိုး တစ်လုံးပါလာသည်။

'အစ်ကို ဒီမှာစားစရာနဲ့ ရေနွေးသောက်ပါဦး'

နေသူရိန်က နေရီချပေးသော ရေနွေးအိုးထဲမှတစ်ခွက်ငှဲ့သောက်လိုက်ပြီး ...

'ဒါနဲ့ နေရီ့ကို အစ်ကိုမေးစရာတစ်ခုရှိတယ်၊ နေရီဘို့ အိမ်နံရံပေါ်က ပန်းချီကားလာပေးတဲ့လူရဲ့ ပုံပန်းသဏ္ဌာန်ကို မှတ်မိသလောက်ပြောပြပါလား'

'လူကတော့ လူလတ်ပိုင်းပဲ၊ တိုက်ပုံအကျီနဲ့လွယ်အိတ်တစ်လုံးကို လွယ်ထားတယ်၊ ခေါင်းကိုလည်း ခေါင်းပေါင်းထားတယ်၊ ပြီးတော့နေရီ့ကိုလည်း ဘယ်နယ်ကလဲလို့မေးတယ်၊ ဒါနဲ့ နေရီက ရန်ကုန်ကပါလို့ ပြောလိုက်တယ်၊'

နောက်ပြီး အဲဒီလူက



www.burmeseclassic.com

www.burmeseclassic.com



'တူမလေး … ပဋ္ဌာန်းဆက်ကြောင့် ဒီနယ်ကိုရောက်လာတာလို့မှတ်ပါ၊ တူမလေး ဒီနယ်မှာပဲ ဘုရားတည်ရလိမ့်မယ်၊ ဒါပေမယ့် တူမလေးတစ်ယောက်တည်းတော့ မဟုတ်ဘူး၊ တူမလေးနဲ့ပဋ္ဌာန်းဆက်ပါတဲ့လူတစ်ယောက်ပါ ပါလာလိမ့်မယ်' လို့ပြောတယ်၊ ဒါနဲ့ ညီမက 'ပိုက်ဆံမှမရှိဘဲ ဘယ်လိုလုပ်ဘုရားတည်လို့ရနိုင်မှာလဲ' လို့မေးလိုက်တော့ အဲဒီလူက …

'ဒီအတွက်ဘာမှမပူနဲ့၊ တူမလေးတို့ရဲ့ ပဋ္ဌာန်းဆက်က ဒီမှာပဲလေ၊ ဒီမှာဘုရား တည်ကိုတည်ရမယ်'

'အဲဒီလိုပြောပြီး လွယ်အိတ်ထဲက ကင်းဘတ်လိပ်တစ်လိပ်ကိုထုတ်ပြီး ညီမကိုပေးတယ်၊ အဲဒီကင်းဘတ်လိပ်ကတော့ အစ်ကို ခုတွေ့နေရတဲ့ ခြင်္သေ့ခေါင်းပုံ ပန်းချီကားပဲ၊ နေရီလည်း ဒီခြင်္သေ့ပုံကိုမြင်လိုက်ရတော့ တွေ့ခဲ့ဖူးသလိုလို ရှိတာနဲ့ ယူထားလိုက်တယ်'





အဲဒီလူက …

'ဒီပုံကို ဧည့်ခန်းထဲမှာ အမြဲထားပါ၊ တစ်နေ့ကျရင် ဒီပုံက တူမလေးကိုကူညီပါလိမ့်မယ်' လို့ပြောပြီးပြန်သွားတာပဲ ။

'ဒါဆိုရင်တော့ အတော့်ကိုထူးဆန်းတာပဲ၊ နေရီ့ကို အစ်ကိုတစ်ခုပြောမယ်၊ ဒီပုံကို အစ်ကို့ခဏပြပါလား'

'ဟုတ်ကဲ့ အစ်ကို၊ နေရီယူပေးပါ့မယ်'

နေရီသည် နံရံတွင်ချိတ်ထားသောပုံကိုဖြုတ်ပြီး သူရိန်ထံသို့ လှမ်းပေးလိုက်သည်။ သူရိန်က ပန်းချီကားကို အနီးကပ်ကြည့်လိုက်ရာ ခြင်္သေ့လည်ဆံမွေးများ ယူဆထားပုံမှာထူးခြားနေကြောင်းတွေ့ရလေသည်။ အချို့လည်ဆံမွေးများသည် လမ်းကြောင်းတစ်ခုကို ရည်ညွှန်းနေသည့် မြေပုံသဏ္ဌာန်ကဲ့သို့ထင်ရသည်။

နှာခေါင်းတွင်ချိတ်ဆွဲထားသည့် သံကွင်းပုံမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်ကျောက်တုံးပုံသဏ္ဍာန် ဖြစ်နေလေသည်။ ဒါကို သူရိန်တစ်ယောက်သာမြင်မိပြီး နေရီကတော့ ဘာမှ မထူးခြားဘူးလို့ ပြန်ပြောနေသည်။ သူရိန်သည် သူမြင်နေရသော အခြေအနေကို ပြန်စဉ်းစားမိပြီး အကြံတစ်ခုရသွားလေသည်။

ထိုအကြံကို အကောင်အထည်ဖော်ရန်ကိုလည်း ဆုံးဖြတ်လိုက်သည်။





## အခန်း (၁၃)

## ခြသေ့်ခေါင်းကျောက်ဆောင်ကားမှ



www.burmeseclassic.com

www.burmeseclassic.com



နေရီဆီမှပြန်လာပြီး ... တစ်လမ်းလုံး ခြသေ့်ခေါင်းပုံကို ခေါင်းထဲ၌စွဲထင်လာသည်။ လမ်းချိုးတစ်ခုသို့ရောက်သောအခါ မမျှော်လင့်ဘဲမြွေကြီးတစ်ကောင်က မိမိလာရာလမ်းမှ စောင့်ကြည့်နေသလို ... လှမ်းမြင်လိုက်ရလေသည်။ သတိထားမိလိုက်သော နေသူရိန်က မြွေကြီးဘာများလုပ်မလဲဟု ရပ်ကြည့်နေလိုက်သည်။

မြွေကြီးက သူရိန့်ကိုမြင်လျှင် ခေါင်းရမ်းသလိုလုပ်ပြီး အရှေ့အရပ်သို့ ထွက်သွားလေသည်။ မြွေကြီးထွက်သွားပြီးနောက် သူရိန်ကချက်ချင်းမသွားသေးဘဲ ခဏစောင့်ကြည့်





နေလိုက်သည်။ မြွေကြီးသွားရာလမ်းကို လှမ်းကြည့်လိုက်သည်။ ထိုအခါမြွေကြီးကရပ်နားနေပြီး သူရိန်ကိုဆက်ကြည့်နေသည်။ သူရိန်လည်း မြွေကြီး၏လုပ်ရပ်မှာ ထူးဆန်းသလိုဖြစ်နေသဖြင့် မြွေကြီး၏နောက်မှလိုက်သွားရန် ဆုံးဖြတ်လိုက်သည်။ ထိုအခါမှပင် မြွေကြီးကဆက်ပြီးသွားလေသည်။

၁၅မိနစ်ခန့်သွားပြီးနောက် သူရိန်သည်ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ ၁၀ပေခန့်အမြင့်ရှိသည့် ကျောက်တောင်တစ်ခုကိုတွေ့လိုက်ရသည်။ ထိုကျောက်တောင်အားမော့ကြည့်လိုက်ရာ စိတ်ထဲတွင်တစ်မျိုးဖြစ်သွားသည်။

အနားရောက်သည်နှင့် မြွေကြီးကအဆိုပါ ကျောက်တောင်အောက်သို့ ဝင်သွားသည်ကိုတွေ့ရသည်။ သူရိန်လည်းအနားသို့ကပ်သွားပြီးကြည့်လိုက်ရာ သံကွင်းတစ်ကွင်းကိုတွေ့လိုက်ရသည်။ မသင်္ကာသဖြင့် ချုံနွယ်များကို ဖယ်ရှားကြည့်လိုက်သောအခါ ဦးခေါင်းပုံစံတစ်ခုကို မြင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သေသေချာချာဖယ်ရှားကြည့်လိုက်သောအခါ ခြင်္သေ့ခေါင်းပုံဖြစ်နေသည်ကို တွေ့လိုက်ရသည်။

' ဟာ ... ဒါ နေရှိဆီမှာရှိတဲ့ ပန်းချီကားထဲကပုံပဲ၊ ဘယ်လိုများ ဆက်နွယ်နေလဲမသိဘူး၊ ဒါက ဂူကြီးများဖြစ်နေမလား၊ ဂူဆိုရင် ဖွင့်လို့ရချင်ရမယ်၊ ဒါပေမယ့် ... ဘယ်လိုဖွင့်ရမလဲ၊ ငါတစ်ယောက်တည်း ဖြစ်ပါ့မလား၊ အဖော်တစ်ယောက် ပါရင်တော့ တိုင်ပင် လို့ရတာပေါ့၊ ဘာပဲဖြစ်ဖြစ်လေ မောင်အေးကိုခေါ်ပြီး လာတာပဲကောင်းပါတယ် '

ထိုသို့စဉ်းစားမိပြီး ချုံနွယ်များကိုမူလအတိုင်း ပြန်ပိတ်ကာ အိမ်သို့ပြန်လာခဲ့လေသည်။





# အခန်း (၁၄)

## ထူးဆန်းသောဂူကြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ တနင်္ဂနွေနေ့ ...၊ နေရီ အလုပ်နားရက်ဖြစ်သည်။ နေရီ သူ့ကိုမျှော်နေမည်ထင်သည်။ သည်လိုနှင့် နေသူရိန်တစ်ယောက် နံနက်စာစားသောက်ပြီး နေရီရှိရာရွာထဲသို့ထွက်လာခဲ့သည်။ နေရီအိမ်ရှေ့တွင် စာထိုင်ဖတ်နေသည်ကိုတွေ့လိုက်ရသည်။ အမှန်တကယ်တွင် နေရီစာဖတ်နေခြင်း မဟုတ်ပါ၊ နေသူရိန်အလာကို မျှော်နေခြင်းပင်ဖြစ်သည်။

မိန်းမကြိုက်တော့ မျှော်လိုက်ရတာ ဆိုသလိုပင်





နေသူရိန်ကို နေ့တိုင်းမျှော်နေမိသည်။ ဒီနေ့လည်းလာမယ်ထင်လို့ အိမ်ရှေ့ထွက်မျှော်နေမိသည်။ မိမိက မိန်းကလေးမို့ ဘခြားလူတွေသိသွားရင် မသင့်တော်ပေ။ နေသူရိန်ကို တွေ့လိုက်ရ၍လည်း နေရီမျက်နှာပြုံးရိပ်သမ်းကာ ပီတိဖြစ်ရလေသည်။

'အစ်ကို ... နေရီ့ဆီကိုလာတယ်နော် '

'လာရမှာပေါ့ ... နေရီ့ကို ပြောစရာစကားတွေ အများကြီးရှိတယ် '

သူရိန်၏စကားကို 'တစ်မျိုးတွေးမိပြီး မျက်နှာလေးရှက်ကိုး ရှက်ကန်းဖြစ်သွားကာ နေသူရိန်၏မျက်နှာကို ရင်မဆိုင်ရဲသည့်အလား ခေါင်းလေးငုံ့ထားလေသည်။

'ဒီလို နေရီ... မနေ့က နေရီဆီအပြန်မှာ ထူးဆန်းတဲ့အရာကို တွေ့လိုက်ရတယ်၊ ဒါကိုပြောပြချင်လို့ တနင်္ဂနွေနေ့ရောက်အောင် စောင့်လိုက်ရတာ ရင်မောလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



နေရီမှာ မိမိထင်ထားသလိုစကားမျိုးမဟုတ်သဖြင့် ရှက်မိလေသည်။တကယ်တော့ သူရိန်တစ်ယောက် သူမကို ရည်းစားစကားပြောမှာပဲဟု တွေးနေမိခြင်းကြောင့်ဖြစ်သည်။

'ဘာများထူးခြားတာတွေ့မိလို့လဲ အစ်ကို '

သူရိန် နေရီဆီမှအပြန် လမ်း၌တွေ့ကြုံရသော အဖြစ်အပျက်များကို အစမှအဆုံးထိပြောပြလိုက်သည်။ ခြင်္သေ့ခေါင်းပုံနှင့် ဂူလိုလိုကျောက်တောင်လိုလိုကိုလည်း တွေ့ခဲ့ရသည့်အကြောင်း ပြောပြလိုက်လေသည်။ ၎င်းခြင်္သေ့ပုံမှာ နေရီထံတွင်ရှိနေသည့် ပန်းချီကားနှင့်ဆင်တူသည်။ နေရီဆီရောက်လျှင် ပန်းချီကားကိုပြန်ကြည့်ဦးမည်ဟု စိတ်ကူးထားသည်။

ထို့ကြောင့် –

'နေရီ နံရံပေါ်ကာပန်းချီကားကို ခဏဖြုတ်ပေးပါဦး'

'ရပါတယ်အစ်ကို '





နေရီကပြောပြောဆိုဆိုဖြင့် ပန်းချီကားကိုဖြုတ်ပေးလိုက်သည်။

နေသူရိန်သည် ပန်းချီကားကိုသေချာစွာကြည့်ရှုလိုက်ပြီး နောက်ဖက်သို့ကြည့်လိုက်မိသည်။ ပန်းချီကား၏နောက်ကျောတွင် ကတ်ထူပြားဖြင့်ကပ်ထားသည်ကို တွေ့ရသည်။ သူရိန်က မသင်္ကာသဖြင့် ခွာကြည့်လိုက်ရာ သူထင်ထားသည့်အတိုင်းပင် လျှို့ဝှက်ချက်တစ်ခုကို တွေ့ရလေသည်။

ပန်းချီကား၏နောက်ကျောတွင် လေးထောင့်စတုဂံပုံတစ်ခုကို တွေ့ရသည်။ စတုဂံပုံ၏အလယ်တွင် အဝိုင်းတစ်ခု၊ ထောင့်များတွင် ၁၊၂၊၃၊၄ တပ်ထားပြီး အလယ်တွင် ၅ဟုတပ်ထားလေသည်။ ၁မှစပြီး မြားဦးများအစဉ်လိုက်ပြထားလေသည်။ ၄ အဆုံးတွင် ၅သို့မြားဦး တည့်ထားလေသည်။ စတုဂံပုံ၏အောက်တွင် ၁၂နာရီဟုရေးထားသည်ကိုတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

'အစ်ကိုပြလို့သာတွေ့ရတယ်၊ နေရီလည်း တစ်ခါမှ သေသေချာချာ မလေ့လာခဲ့ဘူး၊ ဘာတွေဘယ်လိုတွေလဲ ဆိုတာ နေရီလည်းမသိတော့ဘူး'

နေရီက စာကိုကြည့်ပြီး ပြောလိုက်သည်။

'အစ်ကိုထင်တာကိုပြောရရင် ဒါတွေဟာ ဂူကိုဖွင့်တဲ့ လမ်းညွှန်တစ်ခုဖြစ်လိမ့်မယ် ...'

'ဒီပုံကိုပေးသွားတဲ့လူကလည်း ဒီပုံဟာ သမီးတို့ကို ကူညီပေးလိမ့်မယ်လို့ ပြောသွားတယ်၊ ဒါဆို အဲဒီလူပြောသွားတာ မှန်နေမလားပဲ၊ အစ်ကိုဘယ်လိုထင်သလဲ'

'ပုံထဲမှာ ပါတဲ့အတိုင်းလုပ်ကြည့်မယ်လေ၊ အောင်မြင်ရင်တော့ အစ်ကိုတို့ရည်မှန်းထားတာတွေ အောင်မြင်ပြီပေါ့'

'ဒါနဲ့အစ်ကို နေရီလည်းလိုက်လို့ရမလား'





'လိုက်ခဲ့လေ ... အစ်ကိုတော့ တစ်ခေါက်ရောက်ပြီးပါပြီ၊ အစ်ကိုတစ်ယောက်တည်းဖြစ်နေလို့ အစ်ကို့တပည့်လေးပါခေါ်ရအောင်ဆိုပြီး ပြန်လာခဲ့တာပဲ၊ နေရီလည်းလိုက်မယ်ဆိုတော့ ပိုအားရှိတာပေါ့၊ ပြီးတော့ နေရီနဲ့အစ်ကိုလည်း ပဋ္ဌာန်းဆက်ကြောင့်တွေ့ကြရပြီး ထူးခြားတဲ့အဖြစ်အပျက်တွေကို ဆက်စပ်ဖော်ထုတ်ရမယ်လေ၊ ကံစပ်လို့ပဲဆိုရမလား၊ ဒါမှမဟုတ်အရင်ဘဝက ရေစက် ကြောင့်လားတော့မသိဘူး၊ ဒီဘဝမှာ နေရာဒေသတစ်ခုတည်းမှာ နှစ်ဦးလာဆုံနေရတယ် မဟုတ်လား၊ နေရီတော့ ဘယ်လိုထင်မလဲမသိဘူး၊ အစ်ကိုလေ နေရီကိုစတွေ့တွေ့ချင်း အရမ်းခင်မိတယ်၊ စိတ်ထဲမှာ အရင်ကသိခဲ့တဲ့ ဆွေမျိုးရင်းချာလိုပဲ ခံစားရတယ်၊ ဒါကြောင့်လည်း နေရီဆီကိုမလာဘဲမနေနိုင်အောင်ဖြစ်မိတယ်၊ အခုလည်း နေရီကလိုက်မယ်ဆိုတော့ ပိုကောင်းတာပေါ့၊ နှစ်ဦးစလုံး တူညီတဲ့ခံစားချက်ကို မျှဝေခံစားကြတာပေါ့၊ အစ်ကို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒင်္ဂါးအဝိုင်းပြားလေးနှစ်ခုရှိတယ်၊ အစ်ကိုစကားမကြုံလို့ မပြောဖြစ်ခဲ့ဘူး၊ အဲဒီအဝိုင်းပြားလေးပါ လိုလိုမယ်မယ်ယူခဲ့မယ် ...'

'အစ်ကို ... ဘာ ... ဘာပြောတယ်၊ ဒင်္ဂါးအဝိုင်းပြားလေးနှစ်ခုဟုတ်လား၊ အရမ်းအံ့ဩဖို့ကောင်းတာပဲ၊ နေရီ့ဆီမှာလည်း ဒင်္ဂါးဝိုင်းပြားလေးနှစ်ခုရှိတယ်၊ အစ်ကို့ဒင်္ဂါးနဲ့များတူနေမလားဘဲ၊ ဒါနဲ့ ဒီဒင်္ဂါးပြားနှစ်ပြားကို အစ်ကိုဘယ်ကရခဲ့တာလဲဟင် ...'

' ဒီဒင်္ဂါးပြားနှစ်ပြားရခဲ့တာ တော်တော်ထူးဆန်းတယ်၊ အစ်ကိုဒီကိုရောက်ပြီး တစ်လလောက်အကြာမှာ အဖြူရောင်ဝတ်စုံနဲ့ ဦးသူတော်တစ်ယောက် လာအလှူခံတယ်၊ ဒါနဲ့အစ်ကကိုလည်း အမဲပစ်လို့ရထားတဲ့ ဆတ်သားခြောက်လေးလှူလိုက်တယ်၊ ဦးသူတော်က အစ်ကို့ကို လွယ်အိတ်ထဲက ဒီဒင်္ဂါးပြားလေးနှစ်ပြားကို ထုတ်ပေးတယ်၊ ဒီဒင်္ဂါးပြား





လေးတွေဟာ တစ်နေ့ကျရင် မောင်ရင်လေးအတွက် အသုံးဝင်လာလိမ့်မယ် သေသေချာချာသိမ်းထားပါလို့ ပြောပြီး ပြန်သွားတယ်၊ ဒါနဲ့ အစ်ကိုလည်းဒီဒင်္ဂါးပြားလေးနှစ်ပြားကို သိမ်းထားလိုက်တယ်၊ အစ်ကို့ဆီကဒင်္ဂါးပြားလေးနဲ့ နေရီဆီက ဒင်္ဂါးတူမတူကြည့်ရအောင်ယူလာခဲ့ပါလား၊ အစ်ကိုလည်း နောက်နေ့လာရင်ယူလာခဲ့မယ်လေ ...'

သူရိန်တစ်ယောက် နေရီနှင့်အတူ စကားတော်တော်ကြာပြောပြီး မိမိနေထိုင်ရာဗိုလ်တဲသို့ ပြန်ခဲ့လေသည်။

ဂဂဂဂဂ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

# ထူးဆန်းသောပုရပိုက်





နေရီတစ်ယောက် ဒီနေ့အလုပ်ဆင်းရမည်ကို ပျော်နေမိသည်။ အဘယ်ကြောင့်ဆိုသော် မနေ့ကသူရိန်နှင့်အတူ စကားအများကြီး ပြောခဲ့ကြသလို သူရိန်ကသူမအပေါ် မေတ္တာရိပ်များလွှမ်းနေသည်ကိုသိရသဖြင့် ပီတိဖြစ်နေမိသည်။သူမကလည်း သူရိန့်အပေါ်စိတ်ဝင်စားနေပြီး သူရိန်ဖွင့်ဟပြောလာမည့်စကားကို မျှော်နေမိသည်။

တွေ့စကပင်စိတ်ဝင်စားနေရသူမို့ သည်တစ်ခါသူရိန်က ဖွင့်ပြောမည်ဆိုပါက တစ်ခါတည်းအဖြေပေးလိုက်မည်ဟု ဆုံးဖြတ်ထားလေသည်။ ဒါတွေကိုတွေးနေလျှင် အလုပ်



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျနေဦးမည်မို့ အလုပ်ရှိရာသို့ထွက်ခွာခဲ့လေသည်။

ထိုနည်းတူစွာပင် သူရိန်တစ်ယောက်လည်း ဒီနေ့ အလုပ်ခွင်တွင် ပျော်ရွှင်နေမိသည်။ မိမိသိချင်နေသော အကြောင်းရာများကို နေရီထံမှသိခဲ့ရခြင်းကြောင့်ပင်၊ နောက်မှရေအောက်ကရလာသော လုံးလုံးရှည်ရှည်အရာလေးကို သတိရမိသဖြင့် သေတ္တာထဲမှထုတ်ယူကြည့်မိလေသည်။

၄င်းအလုံးရှည်ရှည်လေးမှာ သေသေချာချာကြည့်လိုက်သောအခါ ကြေးလုံးလေးဖြစ်နေလေသည်။ အပေါ်တွင် ကနုတ်ပန်းများ ထွင်းထုထားသည်။ ရှေးအခါက ရှင်ဘုရင်တို့၏အသုံးအဆောင်လေး ဖြစ်ဟန်တူသည်။ ထို့ကြောင့် ချေးများနှင့်ရေညှိများကို တိုက်ချွတ်လိုက်ပြီး ခေါင်းဘက်ကို ဖွင့်ကြည့်လိုက်လေသည်။ တော်တော်နှင့် ဖွင့်မရပါ။ တူလေးနှင့်ခေါက်ကြည့်လိုက်တော့မှ ခလုတ်လေးတစ်ခုကိုတွေ့လိုက်ရသည်။ ခလုတ်လေးကလည်း နှစ်ကာလကြည်ပြီမို့





အလွယ်တကူဖွင့်၍မရ၊ အတန်ကြာမှခလုတ်လေးကို တွန်းဖွင့်ကြည့်လိုက်သောအခါခလုတ်လေးပွင့်သွားသည်။

အထဲမှ သားရေဖြင့်လုပ်ထားသည့် ပုရပိုက်လေးတစ်ခု ထွက်လာလေသည်။ သားရေပေါ်တွင်တွေ့ရသည်က နေရာတစ်ခု၏အညွှန်းဖြစ်သည်။ အဝိုင်းပြားလေးခုပုံကို တွေ့လိုက်ရသည်။ အဝိုင်းပြားပေါ်တွင် ခြေသေ့ခေါင်းပုံကို တွေ့ရသည်။ မိမိထံတွင် အဝိုင်းပြားနှစ်ခု၊ နေရီထံတွင် အဝိုင်းပြားနှစ်ခု၊ ပေါင်းလိုက်လျှင် အဝိုင်းပြားလေးခု၊ ပုံမှာပါလာတာကလည်း အဝိုင်းပြားလေးခု၊ ဒီအဝိုင်းပြားလေးခုက ဘာကိုညွှန်းတာပါလိမ့်ဟု သူရိန်တွေးလိုက်မိသည်။ အောက်တွင်ရေးထားသည်ကလည်း ပါဠိလိုရေးထားသည်။ ရန်ကုန်တွင်ရှိနေသည့် သူငယ်ချင်းတစ်ယောက်ဆီပို့ပြီး ဖတ်ခိုင်းမှဖြစ်မည်ထင်သည်။ ဒါတွေကိုဖော်လို့ရရင်တော့ အလုပ်စမှဖြစ်မည်။ ထင်ထားတာတွေဖြစ်လာလိမ့်မည်ဟု ယူဆမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

'ဆရာ ... ဆရာ ...'

'ဟေး ဘယ်သူလဲကွ'

'ကျွန်တော် မောင်အေးပါဆရာ'

'အေး လာကြလေကွာ၊ ဘယ်များထူးလို့လဲ'

'လူတွေစုံပြီဆရာ၊ တောထဲသွားဖို့လာပြောတာပါ၊ တစ်နေ့က အလုပ်တွေလက်စသတ်ရအောင်'

'အေး ... ခဏစောင့်ကွာ၊ အဝတ်အစားလဲလိုက်ဦးမယ်'

သူရိန်လည်းပစ္စည်းများသိမ်းပြီး တောတိုးသည့် အဝတ်အစားများလဲကာ ထွက်လာခဲ့ကြလေသည်။ လမ်းခုလတ်သို့ရောက်သောအခါ သူရိန်က ...

'မောင်အေး ...'

'ခင်ဗျာ ... ဆရာ'





'ညနေအလုပ်သိမ်းပြီး ညကျရင်အိမ်ကိုလာခဲ့ဦး'

'ဟုတ်ကဲ့ဆရာ ကျွန်တော်လာခဲ့ပါ့မယ်'

သူရိန်နှင့် သူ့တပည့်များသည် တောထဲ၌မိမိလိုချင်သည့် သစ်ပင်များကို အမှတ်အသားလုပ်ခြင်း၊ လုံးပတ်တိုင်းခြင်း၊ ခုတ်လှဲရန်သတ်မှတ်ခြင်း၊ သတ်မှတ်ထားသော အပင်များကို ခုတ်လှဲခြင်းများ စသည်ဖြင့် အလုပ်ရှုပ်နေတော့သည်။ ထိုအချိန်တွင် ...

'ဆ ... ဆရာ ... ဆရာ'

သူ့နောက်မှခေါ်သံကြောင့် လှည့်ကြည့်လိုက်သောအခါ သူ့တပည့်လေးမောင်ရွှေသည် သူ့ကိုခေါ်ပြီးပြေးလာနေသည်ကို တွေ့လိုက်ရသည်။

'ဘာဖြစ်လို့လဲ မောင်ရွှေ'

'ဆရာ့ကို ပြစရာရှိလို့ပါ ကျွန်တော်နဲ့ခဏလိုက်ခဲ့ပါ'



www.burmeseclassic.com

www.burmeseclassic.com



သူရိန်လည်း ဘာမသိညာမသိဖြင့် မောင်ရွှေခေါ်ရာ နောက်သို့ လိုက်လာခဲ့သည်။ မောင်ရွှေက ရှေ့မှသွားပြီး ခပ်လှမ်းလှမ်းသို့ရောက်သောအခါ သက်တမ်း၁၀၀ကျော် လောက်ရှိမည်ဟုထင်ရသော အပင်ကြီးတစ်ပင်ကိုတွေ့လိုက် ရသည်။

'ကျွန်တော် ဒီအပင်ကိုတိုင်းတာ နှစ်ခါသုံးခါရှိပြီ၊ ပထမတိုင်းတာ ၁၀ပေပတ်လည်ရှိတယ်၊ မသင်္ကာလို့ပြန်တိုင်း တာ ၁၅ပေဖြစ်နေတယ်၊ တတိယပြန်တိုင်းတာ သစ်ခေါင်း ထဲက မြွေဟောက်တစ်ကောင်ထွက်လာပြီး ကျွန်တော့်ကို သေသေချာချာကြည့်နေတယ်၊ ဒါနဲ့ကျွန်တော်လည်း ကြောင် ကြည့်နေမိတယ်၊ မြွေကြီးက ခေါင်းတစ်ခုလုံး ရွှေရောင်ဖြစ် နေတယ်၊ ဒါနဲ့ ကျွန်တော်လည်းကြောက်ပြီး ဆရာ့ကိုလာ ခေါ်တာပါ'

မောင်ရွှေပြောပြသည်ကိုနားထောင်ပြီး သူရိန်သည်





အပင်ကြီးကို သေသေချာချာကြည့်လိုက်မိသည်။

'ဒီအပင်ဟာ အတော်မြင့်တာပဲ၊ အပင်ကိုကြည့်လိုက် ရင် အလယ်မှာအခေါင်းပေါက်ကြီးဖြစ်နေတယ်၊ ဒီအခေါင်း ပေါက်ကြီးထဲကနေ ရွှေရောင်ခေါင်းနဲ့ မြွေထွက်လာတယ်ဆို တော့ ထူးတော့ထူးဆန်းတယ်၊ အစောင့်အရှောက်ထားတာ ဖြစ်နိုင်တယ်၊ ဒါကြောင့် မင်းကိုမခုတ်ဖို့တားတာဖြစ်မယ်၊ ဒီအပင်ကို ကင်းလွတ်ခွင့်ပေးလိုက်ပါ။ ပြီးတော့ နောက်လူ တွေလည်းမခုတ်မိအောင် သေသေချာချာခြံလေးခတ်ထား ပေးလိုက်ပါ'

'ဟုတ်ကဲ့ ဆရာ ...'

နေသူရိန်က မောင်ရွှေအားပြောပြီး အခြားအပင်များ ကို မှတ်သားခိုင်းလိုက်လေသည်။ ဒီနေ့အဖို့ အလုပ်လုပ်ရ သည်မှာ အချိန်ကုန်မှန်းမသိ ကုန်ဆုံးသွားသည်။ ညနေ (၃) နာရီပင်ရှိသေးသော်လည်း တောရိပ်တောင်ရိပ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ပျောက်ပြီး မှောင်ရိပ်သန်းလာသည်။ ကျေးငှက်တို့လည်း အိပ်တန်းတက်ရင် ပြင်နေကြသည်။ ညနေခင်းအချိန်ရောက်လာသောကြောင့် အအေးဓာတ်ကလွှမ်းမိုးလာသည်။ ထို့ကြောင့် လုပ်လက်စအလုပ်များကို လက်စသပ်လိုက်ပြီး အလုပ်သိမ်းကာ အိမ်ပြန်ဖို့ပြင်ဆင်ရလေတော့သည် ။





## အခန်း (၁၆)

# ညအိပ်မက်နဲ့ညအရိပ်



www.burmeseclassic.com

www.burmeseclassic.com



' ဆရာ ... ဆရာ ... '

ဗိုလ်တဲရှေ့မှ မောင်အေး၏ခေါ်သံကို ကြားလိုက်ရသဖြင့် မောင်အေးရောက်လာပြီကို သိလိုက်သည်။

' လာ ... မောင်အေး၊ မျှော်နေတာနဲ့အတော်ပဲ '

နှစ်ယောက်သား ည၏အအေးဒဏ်ကြောင့် မီးဖိုဘေးတွင် ထိုင်လိုက်ကြရင်း သူ့ရိန်ကရေနွေးကြမ်းနှင့် ဆတ်သားခြောက်ကို ချပေးလိုက်သည်။

' ဆရာ ကျွန်တော့်ကိုခေါ်တာအကြောင်းရှိလို့လား '

' ရှိတာပေါ့ကွာ၊ နောက်အပတ်ထဲမှာ ခရီးတစ်ခုထွက်မယ်၊ ဒီနယ်တစ်ဝိုက်ပဲ၊ အဲဒါ မင်းကိုကြိုတင်ပြင်ဆင်





ရာရှိတာတွေ၊ စုဆောင်းထားရမှာတွေကို ပြောစရာရှိလို့ခေါ်လိုက်တာပဲ၊ ရွာထဲက ဆရာမလေးနေရီလည်းပါမယ် '

' ဟုတ်ကဲ့ပါ ... ဆရာလိုအပ်တာတွေကိုပြောပါ၊ ကျွန်တော် စုထားပါ့မယ် '

' တစ်ခုတော့ရှိတယ်၊ ဒီအကြောင်းတွေကို မင်းဘယ်သူ့ကိုမှ မပြောပြရဘူး၊ လျှို့ဝှက်ထားရလိမ့်မယ် '

' ဟုတ်ကဲ့ပါ ဆရာ၊ ဒါဆိုကျွန်တော့်ကိုခေါ်တာဒီအကြောင်းကို ပြောဖို့လား၊ ကျွန်တော်ပစ္စည်းတွေ စုဆောင်းထားပါ့မယ်၊ဆရာမနေရီကိုလည်း သွားပြီးပြောထားပေးရမလား '

' ရတယ်ပြောဖို့မလိုဘူး၊ ငါကိုယ်တိုင်သွားပြောလိုက်မယ် '

' အေး ... ရေနွေးကြမ်းနဲ့ ဆတ်သားခြောက်စားအုံးကွ၊ ညကပိုပြီးအေးလာသလိုပဲ၊ မင်းလည်း နွေးနွေးထွေးထွေး



www.burmeseclassic.com

www.burmeseclassic.com



နေဦး '

'ကျွန်တော်က ဆရာ့ကိုပြောရမှာပါ၊ ကျွန်တော်က လူငယ်လေ၊ ဆရာက အသက်ပိုကြီးတော့ နည်းနည်းဂရုစိုက်ရမှာပါ '

သူရိန်တို့စကားပြောရင်း ညဉ့်နက်လာပြီဖြစ်၍ ...

'ကျွန်တော် ပြန်ဦးမယ်ဆရာ၊ ဆရာလည်းအိပ်တော့၊ တော်ကြာ နေမကောင်းဖြစ်နေဦးမယ် '

မောင်အေးလည်း သူရိန်ကိုနှုတ်ဆက်ကာ ပြန်ခဲ့လေသည်။ အပြန်လမ်း၌ မမျှော်လင့်ဘဲ မြွေတစ်ကောင်ကို တွေ့လိုက်ရသည်။ မောင်အေးက မြွေကိုဘာမှမလုပ်ဘဲ 'မင်းလည်းမင်းလမ်းမင်းသွား၊ ငါလည်း ငါ့လမ်းငါသွားမယ်၊ မင်းကိုမနှောင့်ယှက်သလို ငါ့ကိုလည်းအန္တရာယ်မပေးပါနဲ့ ' ဟုစိတ်ထဲကပြောလိုက်သည်။ မြွေကလည်း မောင်အေးစကားကို နားလည်သည့်အလား ပါးပြင်းထောင်နေရာမှ ဝပ်သွားပြီး





ခြုံပုတ်တစ်ခုထဲသို့ဝင်ရောက်သွားတော့သည်။ မောင်အေးလည်း အခုမှသက်ပြင်းချနိုင်ခဲ့သည်။ သို့သော် စိတ်ထဲတွင်တော့ တစ်မျိုးကြီးဖြစ်နေသည်။

'ဒီမြွေ ငါသွားမယ့်လမ်းကိုပိတ်ထားတာ အကြောင်းတစ်ခုတော့ရှိမယ်၊ အရင်ကတစ်ခါမှ ဒီလိုမတွေ့ဖူးပါဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ကောင်းသောနိမိတ်ဖြစ်ပါစေလို့ပဲ ဆုတောင်းရမှာပဲ ' ဟုရေရွတ်လိုက်ကာ စိတ်လေးစွာဖြင့်ဆက်လျှောက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၇)

## ဆရာမလေး နေရီနှင့်ဆုံတွေ့ချိန်





နံနက်(၆)နာရီသာရှိသေးသည်။ နေသူရိန်တစ်ယောက်အစောကြီးနိုးနေသည်။ ဒီအချိန်ဆို နေရီတစ်ယောက်နိုးမှနိုးပါဦးမလား၊ ညကအိပ်မပျော်ခဲ့ခြင်းကြောင့် သူအစောကြီးနိုးနေသည်။ နံနက်စာစားပြီးလျှင် နေရီဆီကိုသွားရင်ကောင်းမလားဟု စဉ်းစားနေမိသည်။ ဒီအချိန်ကတော့ နည်းနည်းစောနေဦးမည်၊ (၈)နာရီလောက်မှသွားရင် ကောင်းမည်ဟုဆုံးဖြတ်လိုက်သည်။

နံနက်(၈)နာရီလောက်တွင် နေသူရိန်သည် နေရီ၏အိမ်သို့ထွက်လာခဲ့သည်။ နေရီ၏အိမ်အနီးသို့ ရောက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ နေရီတစ်ယောက် ဘာတွေအလုပ်ရှုပ်နေသည်မသိ၊ အဝေးမှကြည့်ရသည်မှာ အလုပ်ရှုပ်နေသည့်ပုံကို မြင်နေရသည်။ အနားရောက်သောအခါ ...

'နေရီ ဘာတွေလုပ်နေတာလဲ၊ ဘာတွေရှာနေတာလဲ'

'ဟော အစ်ကို ... လာ၊ အစ်ကိုလာတာနဲ့အတော်ပဲ၊ အစ်ကို့ကို ပြစရာရှိတယ်'

'ဘာများလဲ နေရီ'

'ဒီမှာစွပ်ကြောင်းတစ်ခုတွေ့တယ်၊ စွပ်ကြောင်းက နေရီတို့ ပန်းချီကားနားမှာ အဆုံးသတ်သွားတယ်၊ ပြီးတော့ ပန်းချီကားလည်းနည်းနည်းစောင်းနေတယ်၊ အဲဒါ မထူးဆန်းဘူးလား၊ ဒီစွပ်ကြောင်းက ဘာစွပ်ကြောင်းလဲ အစ်ကို'

'ဒါကတော့ မြွေတစ်ကောင်ရဲ့စွပ်ကြောင်းပဲ နေရီ'

'မြွေက ပန်းချီကားကို ဘာလာလုပ်တာလဲ ...'





'ဒါဆိုရင်တော့ ထူးဆန်းတာတစ်ခုဖြစ်တော့မယ်'

သူရိန်က စောင်းနေသောပန်းချီကားကို အောက်သို့ချကာ ကြည့်လိုက်သည်။ နောက်ကျောကိုလှန်ကြည့်လိုက်သောအခါ ပန်းချီကား၏ နောက်ကျော၌ကပ်ထားသော စက္ကူလေးကွာနေသည်ကို တွေ့လိုက်ရသည်။ ၎င်းကွာနေသောစက္ကူလေးကို ခွာကြည့်လိုက်သောအခါ စက်ဝိုင်းလိုလို ထောင့်ချွန်းပုံလိုလိုများကိုတွေ့လိုက်ရသည်။ စတုဂံပုံလေးထောင့်ကွက်၏ ထောင့်လေးထောင့်တွင် အဝိုင်းပြားလေးတစ်ခုစီကို တွေ့ရသည်။ အဝိုင်းပြားလေး၏အထဲတွင် တြိဂံပုံလေးများဖြစ်နေလေသည်။ သူနှင့်နေရီထံတွင်ရှိနေသော အဝိုင်းပြားလေးနှစ်ပြားကို ဖော်ညွှန်းသလိုဖြစ်နေသည်။ ၎င်းစတုဂံ၏အောက်တွင် သင်္ကေတများဖြင့်ပြထားလေသည်။

နေသူရိန်သည် မိမိထင်ထားသည့်အတိုင်း မြွေစွပ်ကြောင်းကို တွေ့လိုက်ကတည်းက တစ်ခုခုတော့ထူးခြားမှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲဟု ထင်ထားခဲ့သည်။ ယခုတော့ အမှန်ပင်ထူးခြားနေပေပြီ၊ သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာဝမ်းသာကျေနပ်နေမိလေသည်။ သူရိန်က ၄င်းတို့ကိုမှတ်သားလိုက်လေသည်။ နေရီက ...

'အစ်ကို ... ဒီကိုလာတာဘာကိစ္စရှိလို့လဲဟင် ...'

'အစ်ကိုလည်းပြောမလို့ပဲ၊ အစ်ကိုတို့နောက်တစ်ပတ်ထဲမှာ ခရီးထွက်မလို့လာပြောတာ၊နေရီကိုခေါ်မလို့၊ နေရီလိုက်နိုင်မလား'

'လိုက်မှာပေါ့အစ်ကို၊ အလုပ်ကိုလည်း ခွင့်ယူလိုက်မယ်'

'ခရီးကမဝေးပါဘူး၊ ဒီနယ်တစ်ဝိုက်ပဲ၊ အခုဆိုရင် အစ်ကိုတို့မှာ လိုအပ်ချက်တွေ တော်တော်လေးပြည့်စုံနေပြီ၊ ဒီနေ့ နေရီဆီကိုလာလိုက်တာ ကောင်းသွားတယ်၊ ပန်းချီကားရဲ့နောက်မှာ အချက်အလက်တွေထပ်တွေ့လိုက်ရတော့





ပိုပြီးပြည့်စုံသွားတယ်၊ နေရီလည်းလိုအပ်တာလေးတွေ စုဆောင်းထားပါ၊ သွားရမယ့်ရက်ကို ထပ်ပြီးပြောမယ်၊ အမွေးထည်လည်းယူလာဦးနော် ချမ်းနေလိမ့်မယ်'

နေရီက သူရိန့်မျက်နှာကိုကြည့်ပြီး သူ့အပေါ်ခုလို ဂရုစိုက်သည်ကိုတွေ့ရသဖြင့် ကျေနပ်နေမိသည်။

သူရိန်လည်းနေရီနှင့် လိုအပ်သည်များပြောဆိုပြီး မိမိဗိုလ်တဲရှိရာသို့ ပြန်လာခဲ့လေသည်။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၈)

## ခရီးစထွက်ခြင်း





တောရိပ်ကြောင့်လားတော့မသိ၊ နေရီတစ်ယောက် ချမ်းစိမ့်စိမ့်ဖြစ်လာသည်။ သူတို့သုံးဦးခရီးစထွက်လာခဲ့သည်မှာ ၃/၄နာရီခန့် ရှိပြီဖြစ်သည်။ နေ့လည်စာထမင်းစားရန်အတွက် သစ်ပင်ရိပ်ကောင်းကောင်းရှာလိုက်သည်။

' နေရီ ဟိုရှေ့နားကသစ်ပင်အောက်မှာ နားကြရအောင် '

သူရိုန်ညွှန်ပြသည့်အပင်ကိုကြည့်လိုက်တော့ သီဟိုဠ်သရက်ပင်ဖြစ်နေသည်။ နေရီလည်း သစ်ပင်ရိပ်အောက်ရောက်သောအခါ တာလပတ်စအခင်းလေးကို ခင်းလိုက်သည်။ မောင်အေးက ပါလာသောအိတ်ကိုချလိုက်ပြီး စားစရာ



www.burmeseclassic.com

www.burmeseclassic.com



များကိုထုတ်လိုက်သည်။ သူတို့သုံးဦး စားသောက်ရန်ပြင်ဆင်ပြီးသောအခါ နေသူရိန်က စားဦးစားဖျားများကို နည်းနည်းစီယူပြီး ဖက်ကလေးပေါ်တင်ကာ သစ်ပင်ခွကြားတွင် သွားထားပြီးတင်မြှောက်လိုက်သည်။ ပါးစပ်မှလည်း ...

'တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုးနတ်များ ကျွန်တော်မျိုးတို့၏ စားဦးစားဖျားများကို တင်မြှောက်ပါတယ်၊ ကျွန်တော်မျိုးတို့၏ ခရီးစဉ်တွင် ဘေးအန္တရာယ်မရှိဘဲ လိုရာခရီးရောက်အောင် လမ်းပြစောင့်ရှောက်ပေးတော်မူပါ' ဟုပြောဆိုတင်မြှောက်လေသည်။

နေသူရိန်က မိမိတတ်သမျှမှတ်သမျှဖြင့် တင်မြှောက်ပြီးမှ စားစရာများကို စားသောက်ကြလေသည်။ စားသောက်ပြီး ခဏနားကာဆက်ထွက်ခဲ့ကြသည်။ မောင်အေးက ရှေ့မှသွားကာ သူရိန်တို့က နောက်မှလိုက်လာကြသည်။ ဒီလမ်းဒီခရီးက သူရိန်တို့သွားနေကြမို့ သိပ်ပြီးအန္တရာယ်မရှိ





လှပေ။

'နေရီ ... ပင်ပန်းနေပြီလား၊ အစ်ကို နေရီ့ကိုခေါ်မလာသင့်ဘူး၊ အစကတော့ အစ်ကိုတို့ပဲသွားကြမလို့၊ နေရီက လိုက်ချင်တယ်ဆိုလို့သာ ခေါ်လာရတာ၊ နေရီပင်ပန်းမှာကို အစ်ကိုမကြည့်ရက်ဘူး'

' အစ်ကို့စကားကြားရတာနဲ့တင် နေရီကျေနပ်လှပါပြီ၊ နေရီကိုယ်တိုင်ကလည်း ဒီခရီးကိုအရမ်းလိုက်ချင်နေလို့ပါ '

စကားတပြောပြောဖြင့် လျှောက်လာခဲ့ကြရာ တစ်နေ့ရာအရောက်တွင် သူရိန်တို့မှတ်သားထားခဲ့သော ကျောက်တုံးလေးနားသို့ရောက်လာခဲ့သည်။ ပြီးနောက် အရှေ့ဖက်သို့ဆက်ပြီး လျှောက်ခဲ့ကြသည်။

မကြာမီ သူတို့မှတ်သားထားသော နှစ်၁၀၀သစ်ပင်ကြီးနားသို့ ရောက်လာသည်။ သစ်ပင်ကြီးနားရောက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



အပင်၏သစ် ခေါင်းပေါက်ဘေးနားတွင် အမှတ်အသားလေး တစ်ခုကိုတွေ့ရသည်။ ဒီအမှတ်အသားကို သူရိန်အရင်က တည်းက သတိထားမိသည်။ အလုပ်သမားများအား မသိစေချင်၍ ဘာမျှမမေးခဲ့သလို ဘာမျှလည်းမပြောခဲ့ပါ။ ယခု အမှတ်အသားကို သေသေချာချာကြည့်လိုက်တော့ သူ့တွင် ရှိနေသော အဝိုင်းပြားလေးထဲမှ အမှတ်အသားတစ်ခုနှင့်တူ နေသည်။

သူရိန်သည် မိမိတွင်ပါလာသောမြေပုံကို ထုတ်ကြည့်လိုက်သည်။ မြေပုံတွင်ပါသော အပင်၏အနေအထားမှာ အမှတ်အသားနှင့် တူနေသည်ကိုတွေ့ရလေသည်။ ထိုအပင်မှ ရှေ့သို့ဆက်သွားရန် ညွှန်ပြနေသည်။ ထို့ကြောင့် အပင်၏ အရှေ့ဖက်သို့ ဆက်လက်ထွက်ခွာလာခဲ့ကြသည်။

'အစ်ကိုတို့တော့ ခရီးတစ်ဝက်ကျော်ရောက်နေပြီ၊ ရှေ့ဆက် သိပ်မသွားရတော့ဘူး၊ ညနေစောင်းလောက်ဆိုရင်





ရောက်ပြီ၊ နေရီပင်ပန်းနေပြီလား၊ ခဏနားချင်သေးလား'

'မနားတော့ဘူး အစ်ကို၊ သိပ်မပင်ပန်းပါဘူး'

သည်လိုနှင့်ဆက်ထွက်ခဲ့ရာ ညနေစောင်းလောက်တွင် စေတီလေးတစ်ဆူကို အဝေးမှလှမ်းမြင်လိုက်ရသည်။

'ဟိုမှာ မြင်နေရတဲ့စေတီလေးပဲ၊ မြေပုံထဲမှာလည်း ပါတယ်၊ အစ်ကိုတို့ခရီးလမ်းဆုံးကို ရောက်တော့မှာပါ၊ ဘာအန္တရာယ်မှ မဖြစ်ပါစေနဲ့လို့ ဆုတောင်းနေရတယ်'

သို့သော် သူတို့ဆုတောင်းမပြည့်ပါ၊ ရှေ့တွင်ကျားတစ်ကောင် သူတို့သွားမည့်လမ်း၌ အစာရှာနေသည်ကိုတွေ့လိုက်ရသည်။ သူရိန်က ကျားကိုအရင်မြင်လိုက်ရသောကြောင့် ...

'မောင်အေး ... ရှေ့မှာကျားတစ်ကောင်ရှိတယ်၊ ငြိမ်ငြိမ်လေးနေနော်၊ ခြေသံမကြားစေနဲ့'

သူရိန်က မောင်အေးကိုတိုးတိုးလှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက် သစ်ပင်ကြီး၏အောက်တွင် ဝပ်နေလိုက်သည်။ ကျားကလည်း သူ့အစာကိုချောင်းနေသောကြောင့် သူရိန်တို့လူစုကို မမြင်ပေ။ ချောင်းစပ်နားတွင် ဂျီတစ်ကောင်ရေသောက်နေသည်ကို ချောင်းနေခြင်းဖြစ်လေသည်။ ထိုအချိန်တွင် ...

'ဖောင်း ... ဖောင်း ...'

သေနတ်သံကိုကြားလိုက်ရသည်။ ကျားလည်း သေနတ်သံကြားလိုက်ရသဖြင့် အစာမငမ်းနိုင်တော့ဘဲ ပြေးလေတော့သည်။ သေနတ်သံကြောင့် ကျားချောင်းနေသည့် ရေစပ်သို့ကြည့်လိုက်သောအခါ ဂျီတစ်ကောင်လဲကျနေသည်ကို တွေ့လိုက်ရသည်။သူရိန်က ...

'ဒီတောထဲမှာ တို့တင်မဟုတ်ဘူး၊ တခြားအမဲလိုက်သမားတွေလည်း ရှိနေသေးတယ်၊ ဒီကောင်တွေကို မတွေ့အောင်ရှောင်သွားမှဖြစ်မယ်၊ ခုလည်း မှောင်လာပြီ၊ ဒီနားက





သစ်ပင်ကြီးတစ်ပင်မှာ နားကြရအောင်၊ မုဆိုးရန် ကျားရန်ကရှောင်လို့ရပြီ၊ မောင်အေးက ဒီနားမှာပဲ မီးဖိုလုပ်ပြီးစားသောက်ကြရအောင်ပြင်ဆင်ပြီး ရေကတော့ ခုနကချောင်းစပ်မှာသွားခပ်ပေါ့'

'ဟုတ်ကဲ့ ဆရာ'

ပြောပြီးမောင်အေးကရေခပ်ရန် ထွက်သွားလေသည်။ သူရိန်နှင့်နေရီနှစ်ယောက်သာ ကျန်ခဲ့သည်။

'ကြောက်နေပြီလား နေရီ'

'မကြောက်ပါဘူး၊ အစ်ကိုရှိနေတာပဲဟာ'

သူရိန်က နေရီစကားကြောင့် သဘောကျပြီးပြုံးလိုက်လေသည်။

'ဘာပြုံးတာလဲ အစ်ကို'

နေရီ၏အမေးကြောင့် သူရိန်ကမလုံသော အကြည့်ဖြင့် ကြည့်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



'နေရီပြောတာကို သဘောကျလို့ပါ'

'ဘာပြောလို့လဲ'

'အစ်ကိုရှိနေတာပဲ' လို့ပြောလိုက်လို့ပါ။

'ဟုတ်တယ်လေ၊ အစ်ကိုကရှိနေတာပဲ၊ မရှိလို့လား'

'ဟုတ်ပါတယ်၊ ရှိပါတယ်၊ ဒါပေမယ့် အစ်ကိုက တစ်သက်လုံးရှိနေချင်တာ'

သူရိန်၏စကားကြောင့် နေရီတစ်ယောက် ရှက်သွေးဖြာကာ တစ်ဖက်သို့လှည့်သွားလေသည်။ အိတ်ထဲမှ စားစရာများယူသလိုလိုနှင့် စကားလမ်းလွှဲလိုက်သည်။ ဒါကို သူရိန်သိလိုက်သည်။

'နေရီ ... နေရီ ...'

ဂရုဏာသံလေးဖြင့် သူရိန်ကခေါ်လိုက်သည်။ ခေါ်သံကြောင့် နေရီက အလုပ်လုပ်နေရင်း မျက်စလေးပစ်ကာ သူရိန်ကိုလှမ်းကြည့်လိုက်သည်။





'နေရီ ... အစ်ကိုမေးတာ ဖြေဦးလေ'

'ဟော ... မောင်အေးပြန်လာပြီ' ဟု နေရီက ရှေ့ကိုလက်ညှိုးထိုးကာ ပြောလိုက်သည်။

တကယ်လည်း မောင်အေး သူတို့ရှေ့မလှမ်းမကမ်းသို့ ရောက်နေပြီဖြစ်သည်။ သူရိန်လည်း မောင်အေးလာတာကို လှမ်းမြင်လိုက်ရသဖြင့် ဘာမှဆက်မပြောတော့ဘဲ နေရီကို လက်ညှိုးထောင်ပြကာ သတိထားဆိုသည့်သဘောဖြင့် ပြုံးပြလိုက်လေသည်။

မောင်အေးအနားရောက်တော့ လက်ထဲတွင်ရေဗူးအပြင် ယုန်ကလေးတစ်ကောင်ပါ ပါလာသည်။ ယုန်လေးမှာ အရှင်ဖြစ်သည်။

'မောင်အေး ... မင်းတော်လှချည်လား၊ ယုန်ကိုတောင် အရှင်ရအောင်ဖမ်းနိုင်တယ်'

'မဟုတ်ပါဘူး ဆရာ၊ ယုန်လေးက နွယ်နဲ့ငြိပြီး



www.burmeseclassic.com

www.burmeseclassic.com



မပြေးနိုင်လို့ ကျွန်တော်က နွယ်ကိုဖြည်ပေးလိုက်တာ၊ ယုန်ကလေးက ထွက်မပြေးဘဲ ကျွန်တော့်နားမှာပဲနေ နေတယ်၊ ဒါနဲ့ ကျွန်တော်ခေါ်လာတာ '

'ဟာ ထူးဆန်းလှချည်လား၊ ဒီနားမှာပဲ ယုန်လေးကို ချထားလိုက်ပါ၊ သူသွားချင်လည်း သွားပါစေကွာ '

မောင်အေးက ယုန်လေးကိုချထားလိုက်သည်။ သို့သော်ယုန်လေးက ထွက်မပြေးဘဲ သူတို့နားမှာပဲနေလေသည်။ သူရိန်တို့လည်း ယုန်လေးကိုနေသာသလိုနေပါစေဆိုပြီး လွှတ်ထားလိုက်သည်။

နေရီနှင့်မောင်အေးတို့က စားစရာများကိုချက်ပြုတ်ပြီး ညနေစာစားသောက်ကြသည်။ ယုန်ကလေးကို ထမင်းများချကျွေးလေသည်။ နေရီက ယုန်ကလေး၏နှာခေါင်းကို သေသေချာချာကြည့်လိုက်သောအခါ ယုန်ကလေး၏နှာခေါင်းနားတွင် အဝါရောင်အမှုန့်ကလေးများ ကပ်နေသည်





ကိုတွေ့လိုက်ရသည်။ ထို့ကြောင့် ယုန်ကလေးနားသို့ ကပ်သွားပြီး အဝါရောင်အမှုန့်များကို လက်ဖြင့်ပွတ်ကြည့်လိုက်သောအခါ ...

'ဟင် ...'

အံ့သြသည့်စိတ်ဖြင့်သူရိန်ကိုလှမ်းခေါ်လိုက်သည်။

'အစ်ကို လာပါဦး၊ ဒီမှာ ယုန်ကလေးကိုကြည့်ပါဦး '

သူရိန်က နေရီဆီသို့ထလာပြီး ...

'ဘာဖြစ်တာလဲ နေရီ၊ အစ်ကို လန့်လိုက်တာ '

'ဒီမှာလေ ယုန်ကလေးရဲ့နှာခေါင်းနားမှာ အဝါရောင်အမှုန့်တွေ၊ ဘာတွေလဲမသိဘူး၊ သေချာကြည့်ပါဦး '

နေရီပြောသဖြင့် သူရိန်သေချာကြည့်လိုက်မိသည်။

'ဒါတွေဟာ ရွှေမှုန့်တွေပဲ၊ ဒီယုန်လေး ဘယ်ကလာဘာလဲ မသိဘူး၊ ဒီအတိုင်းဆိုရင် ဒီယုန်ကလေးလာတဲ့လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် တွင်းတစ်ခုထဲက တိုးထွက်ရင်း ပေလာတာလား မသိဘူး၊ ဒါနဲ့ မောင်အေးကိုမေးကြည့်ရဦးမယ် '

သူရိန်က မောင်အေးကိုလှမ်းခေါ်လိုက်သည်။

' မောင်အေး ... မောင်အေး ... '

' ဗျာ ... ဆရာ '

မောင်အေးက ထမင်းစားပြီးသစ်ပင်ကိုမှီကာ အနား ယူနေသည်။ သူရိန်ကခေါ်လိုက်သဖြင့် သူရိန်နားသို့လျှောက် လာသည်။

' ဒီလိုကွ ... မောင်အေး၊ ဒီယုန်ကလေးကို မင်း ဘယ်နားမှာတွေ့ခဲ့တာလဲ '

' စမ်းချောင်းနားက ခြုံတစ်ခုမှာ နွယ်နဲ့ငြိနေလို့ ခေါ်ခဲ့တာ '

' ဒါဆိုရင် အဲဒီခြုံကိုသွားကြည့်ကြရအောင် '

' ဟုတ်ကဲ့ ဆရာ၊ ဆရာမလည်း လိုက်မှာလား '





' အေး လိုက်မယ်၊ ဆရာမလည်း တစ်ယောက်တည်း မနေရဲဘူး၊ဒါဆိုဒီလိုလုပ်၊ ခုမောင်တော့မယ်၊ မနက်ကျမှပဲ သွားရအောင် '

နေရီက ပြောလိုက်သည်။

' ဒါလည်း ဟုတ်တာပဲ ' သူရိန်ကထောက်ခံလိုက် သည်။

မောင်အေးက မီးဖိုအတွက်ထင်းခြောက်များကောက် ရန် ထွက်သွားလေသည်။ သစ်ပင်အောက်တွင်တော့ သူရိန် နှင့်နေရီနှစ်ယောက်တည်းသာ၊ ယုန်ကလေးကတော့ သူတို့ နားကဘယ်မှမသွားဘဲ ထမင်းခြောက်များကို လိုက်၍စားနေ သည်။

' နေရီ ... နေရီ '

သူရိန်ခေါ်နေသည်ကို နေရီကမကြားချင်ဟန်ပြု နေသည်။ သူရိန်က အားမလိုအားမရဖြစ်ကာ အနားသို့ကပ်



www.burmeseclassic.com

www.burmeseclassic.com



လာပြီး

'နေရီခုနက အစ်ကိုမေးတာ မဖြေသေးဘူးနော်'

'ဘယ်တုန်းက မေးလိုက်တာလဲ'

နေရီကမျက်စလေးပစ်ကာ ပြောလိုက်သည်။

'ခုနက ပြောလိုက်တာလေ၊ အစ်ကိုက နေရီနားမှာ တစ်သက်လုံးရှိနေချင်တာလို့လေ ...'

'အစ်ကိုပြောတာတွေက အများကြီးပဲ၊ နေရီ မမှတ်မိတော့ဘူး ...'

နေရီတစ်ယောက် ရူးချင်ယောင်ဆောင်နေသည်ကို သူရိန်သိလိုက်သည်။

'ဒါဆို အစ်ကိုမေးမယ်၊ နေရီနားမှာ တစ်သက်လုံးရှိနေချင်တယ်ဆိုတာကို နေရီလက်ခံမှာလား'

သူရိန့်စကားကြောင့် နေရီဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။ ရည်းစားစကား ပြောနေတာလား၊ ချစ်တယ်





လို့လည်းမပြောဘဲနဲ့ ဘာတွေလာပြောနေတာလဲမသိဘူး၊ နေရီက သူရိန့်မျက်နှာကို ရွှန်းလဲ့သောအကြည့်ဖြင့် ကြည့်လိုက်ပြီး ...

'အစ်ကိုက နေရီ့ကို ရည်းစားစကားပြောနေတာလား'

'နေရီက ဘယ်လိုထင်နေလို့လဲ'

'သိဘူးလေ ...'

သူရိန်က နေရီ၏ သိဘူးလေဟုပြောလိုက်သော မျက်နှာလေးကို ကြည့်ပြီးပြုံးလိုက်လေသည်။ ရှေ့သို့တိုးကာ မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။ နေရီကို ရွှန်းလဲ့သော အကြင်နာမျက်ဝန်းများဖြင့် ကြည့်လိုက်ပြီး လက်ကလေးကို လှမ်းပြီး ဆုပ်ကိုင်လိုက်လေသည်။ နေရီမှာ သူရိန်၏အပြုအမူကို ငြင်းဆန်ရန်အင်အားမရှိပါ။ မျက်နှာလေးငုံ့ထားလိုက်ပြီး ငြိမ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'နေရီ့ကို အစ်ကိုအရမ်းချစ်တယ်၊ ဒီလိုနေရာမျိုးမှာ မပြောသင့်မှန်းသိပါတယ်၊ ဒါပေမယ့် အစ်ကိုမအောင့်နိုင်တော့ဘူး၊ အချိန်အခါကလည်းပေးတော့ ... ရင်ထဲမြိုသိပ်မထားနိုင်လို့ပါ၊ အစ်ကို့ကို နားလည်ပေးပါနော်၊ အခွင့်အရေးယူတယ်လို့တော့ မထင်စေချင်ဘူး၊ အစ်ကိုတို့ရည်မှန်းချက်တွေအောင်မြင်ပြီးရင် လက်ထပ်ကြမယ်နော်'

'အစ်ကို့ကို ဘယ်သူကချစ်တယ်လို့အဖြေပေးသေးလို့လဲ'

'ဟင် ... ဟုတ်သားပဲ၊ ကိုယ့်ဟာကိုမေးပြီးကိုယ့်ဟာကိုဖြေနေတယ်၊ အစ်ကိုလောကြီးသွားတယ်၊ ကဲ အခု အစ်ကိုမေးမယ်၊ အစ်ကို့ကို ချစ်လားလို့'

'အစ်ကိုဟာလေ လည်မလိုနဲ့သိပ်ကို အ,တာပဲ'

'ဘာကိုပြောတာလဲ'

'ဒီမှာကြည့်ပါဦး' နေရီက မျက်စလေးဖြင့် သူရိန်





ကိုင်ထားသော သူမ၏လက်ကလေးကို ပြလိုက်သည်။

'ဟာ ဟုတ်သားပဲ'

နေရီပြောမှ သဘောပေါက်သွားသည်။

'မိန်းကလေးတစ်ယောက်ကို လက်ကိုကိုင်ထားပြီးမှ ချစ်လားလို့မေးနေတာ လွန်နေပြီထင်တယ်'

'ဆောရီးနေရီ... အစ်ကိုသတိမထားမိလိုက်လို့ပါ'

သူကိုင်ထားသည့်လက်ကို နေရီကမရုပ်သိမ်းဘဲ ငြိမ်နေမှတော့ သူသဘောပေါက်သင့်သည်။ထိုအခိုက် ခြေသံကြားလိုက်ရသဖြင့် နှစ်ယောက်စလုံး တစ်ယောက်နှင့်တစ်ယောက် ခွာလိုက်ကြသည်။ မောင်အေးတစ်ယောက် ထင်းခြောက်များပိုက်ကာ ပြန်လာသည်ကိုတွေ့လိုက်ရသည်။

နေလည်းဝင်သွားပေပြီ။ ထင်းချောက်များကို ထင်းတုံးကြီးနှစ်တုံးပေါ်တင်ကာ မီးဖိုလိုက်သည်။ ည၏အမှောင်တော၏အရိပ်နှင့် အအေးဓာတ်က လွှမ်းခြုံလာသည်မို့ ချမ်း



www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်လာကြသည်။ မီးဖိုလိုက်တော့ အနည်းငယ်သက်သာသွားသည်။ သူရိန်က ...

'မောင်အေး၊ မင်းအိပ်တော့ ... ငါကင်းစောင့်ပေးမယ်၊ နေရီလည်းအိပ်တော့လေ '

' ဟာ ဆရာကလဲ ဆရာနဲ့ဆရာမတို့အိပ်ကြပါ၊ ကျွန်တော် စောင့်ပေးပါ့မယ် '

'ဒါဆို တို့တစ်လှည့်စီစောင့်ရအောင်၊ အိပ်ရေးပျက်ရင် ခေါင်းမူးနေအုံးမယ်၊ မနက်ကျတော့လည်း ခရီးဆက်ရဦးမှာမဟုတ်လား '

' ဟုတ်ကဲ့ဆရာ ...'

သူရိန်ကပြောပြီး အိပ်ရန်ပြင်သည်။ မောင်အေးကသူ့ ဆရာနှင့်ဆရာမအတွက် မီးဖိုဘေးတွင်ထိုင်ရင်း ကင်းစောင့်နေတော့သည်။





# အခန်း (၁၉)

## ချစ်စခင်စကြင်နာစ



www.burmeseclassic.com

www.burmeseclassic.com



ညသည် တဖြည်းဖြည်းနက်လာသည်။ တောကောင်များ၏အသံများ၊ ညဥ့်ငှက်များ၏အစာရှာသံများကို ကြားနေရသည်။ တစ်ခါတစ်ရံ တောတိုးသံလိုလို စကားပြောသံလိုလိုကြားနေရသည်။ မောင်အေးကတော့ ဒါတွေကိုရိုးနေပြီဖြစ်သည်။ တောထဲတွင်သွားလာနေကျမို့ တော၏သဘာဝကို နားလည်နေသည်။ ထိုအချိန်တွင် ...

' မောင်အေး ... မောင်အေး '

မောင်အေးက သူ့ကိုခေါ်သံကြားလိုက်သည်။ သို့သော်သူပြန် မထူးပါ၊ တောထဲတွင် နာမည်ခေါ်တိုင်းမထူးဖို့ သူ့အဖေမှာထားသည့်စကား၊ သူ့ဆရာ သူရိန်ပြောထားသည့်စကားများကို ကြားယောင်မိ၍ဖြစ်သည်။ သူ့ဆရာနှင့်





ဆရာမကတော့ အိပ်ပျော်နေလေသည်။

သို့သော် သူရိန်ကတော့ အိပ်၍မပျော်သေးပါ။ မောင်အေးခေါ်သံကို သူလည်းကြားလိုက်ရသည်။ သူအိပ်ရာမှထပြီး မောင်အေးကို လက်ယမ်းပြလိုက်သည်။ မောင်အေးက သူ့ဆရာဘာပြောသည်ကို သိလိုက်သည်။ ခဏကြာတော့ အသံများတိတ်သွားသည်။ ညဥ့်နက်လာလေလေ တောခြောက်သံများတစ်ခုပြီးတစ်ခု ကြားရသည်။ တစ်ခါတစ်ခါ ဒီးဒုတ်ငှက်များအော်သံကို ကြားရသည်။ မောင်အေးက တစ်ညလုံးမအိပ်ဘဲ မိုးလင်းခါနီးမှသာ မေးကန်ဲအိပ်ပျော်သွားလေသည်။ မောင်အေးအိပ်ရာမှထလာတော့ သူရိန်ကို မတွေ့ရဘဲ ဆရာမနေရီကိုသာတွေ့လိုက်ရသဖြင့် ...

' ဆရာမ ... ဆရာဘယ်ကိုသွားလဲ '

' အစ်ကို ရေသွားခပ်တယ် '

ဟာ ... ဆရာကလည်း ကျွန်တော့်ကိုနှိုးလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ကျွန်တော်ခပ်ပေးမှာပေါ့ ’

‘ မောင်အေးက မိုးလင်းမှအိပ်တော့ အိပ်ပါစေဆိုပြီး သူသွားခပ်တာပဲ ’

နေရီက နံနက်စာအတွက်ပြင်ဆင်ရင်း ပြောလိုက်သည်။ သူတို့နှင့်မနီးမဝေးတွင် ယုန်ကလေးက ဘယ်မှမသွားဘဲ သစ်ရွက်များစားနေလေသည်။ ထိုအချိန်တွင် နေသူရိန်တစ်ယောက် ရေခပ်ရာမှပြန်လာသည်။ ဝါးဆစ်ပူးဖြင့်ရေများခပ်လာပြီး နေရီကလှမ်းယူကာ ဘေးနားတွင်ထောင်ထားလိုက်သည်။ ပြီးနောက် စစ်သုံးဟာန်းကောချိုင့်ကိုယူပြီး ရေထည့်ကာ ရေနွေးကျိုလိုက်သည်။ အိတ်ထဲမှ ဆတ်သားခြောက်များထုတ်ပြီး မီးဖုတ်လိုက်သည်။ နံနက်စာအတွက် ဆတ်သားခြောက်နှင့် ရေနွေးသာရှိလေသည်။ နံနက်စာစားကြပြီး ပစ္စည်းများသိမ်းကာ ခရီးဆက်ထွက်ခဲ့ကြလေသည်။

‘ ပစ္စည်းတွေပေး နေရီ၊ အစ်ကိုသယ်ပေးမယ် ’





‘ ရပါတယ်အစ်ကိုရယ်၊ နေရီ့ပစ္စည်းနေရီသယ်ပါ့မယ် ’

သူတို့နှစ်ဦး၏ကြင်နာမှုများကို မောင်အေးကမသိသလိုဖြင့် အကဲခတ်နေသည်။ တကယ်တော့ မောင်အေးက သူ့ဆရာနှင့်ဆရာမတို့၏ ကြင်နာယုယမှုများကို မနေ့ကတည်းက မြင်ထားပြီးဖြစ်သည်။ ရှက်သွားမည်စိုး၍ မသိသလိုနေလိုက်သည်။ မောင်အေးက ယုန်ကလေးကိုလက်တွင်ပိုက်ပြီး ရှေ့ကသွားနှင့်လေသည်။ သူရိန်နှင့်နေရီက နောက်မှလိုက်လာကြသည်။ သူတို့သုံးဦး ခရီးနှင်လာကြသည်မှာ မွန်းတည့်ချိန်သို့ပင် ရောက်ရှိလာသည်။

‘ မောင်အေး ... ဒီနားမှာရေသံကြားတယ်ကွ ’

‘ ဟုတ်တယ်ဆရာ၊ ဒီနားလေးတင်ပဲဖြစ်လိမ့်မယ် ’

ထိုအခိုက် မောင်အေးလက်ထဲက ယုန်ကလေးမှာ အမှတ်တမဲ့ လက်ထဲမှခုန်ချကာ ရှေ့မှထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယုန်ကလေး၏နောက်သို့ သူတို့သုံးဦးလိုက်လာခဲ့ကြသည်။ ယုန်ကလေးက ရေများကျဆင်းနေသည့် ကျောက်တောင်တစ်ခု၏ရှေ့တွင်ရပ်ကာ သူတို့ကိုလှည့်ကြည့်နေသည်။

ယုန်ကလေး၏အကြည့်က သူ့နောက်ကိုလိုက်ခဲ့ရန် ခေါ်နေသည့်အကြည့်မျိုးဖြစ်နေသည်ကို နေသူရိန်အကဲခတ်မိသည်။ ယုန်ကလေးက ကျောက်တောင်တစ်ခု၏ကြားမှ ကျလာသောရေများရှိရာ ၂ပေပတ်လည်ခန့်ရှိ ကျောက်ကန်ကလေးထဲမှ ရေများကိုသောက်နေလေသည်။ သူရိန်တို့လည်း ယုန်ကလေးနားရောက်သောအခါ အံ့သြဖွယ်ရာ ထူးခြားမှုတစ်ခုကိုတွေ့ရသည်။ ယုန်ကလေးသောက်နေသော ကန်လေးထဲမှရေမျက်နှာပြင်ပေါ်တွင် အဝါရောင်အမှုန့်များကို တွေ့လိုက်ရသဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။

'အစ်ကို ရေပေါ်မှာအဝါရောင်အမှုန့်တွေ အများကြီး





ပဲ၊ အဲဒါတွေကဘာတွေလဲ ကြည့်ပါဦးအစ်ကို'

သူရိန်သည် ၎င်းအဝါရောင်အမှုန့်များကို အကဲခတ်ကြည့်လိုက်သောအခါ ရွှေမှုန့်များဖြစ်နေသည်ကို တွေ့ရလေသည်။

'ဒါဟာ ကျောက်တောင်ပေါ်က ဂူတစ်ခုထဲကနေ ရေနဲ့မျောပါလာတာဖြစ်နိုင်တယ်၊ ရွှေကြောတစ်ခုခုရဲ့ကြားကနေ စမ်းချောင်းလေးစီးဆင်းရာကနေ ပါလာတာဖြစ်နိုင်တယ်၊ အဲဒီအတွေးမှန်ရင်တော့ မမျှော်လင့်ဘဲရွှေကြောပါ တွေ့နိုင်တယ်၊ တို့ရှာနေတဲ့ရတနာ့ပစ္စည်းတွေလည်း ဒီနားတစ်ဝိုက်မှာပဲ ရှိနိုင်တယ်'

သူရိန်သည် အိတ်ထဲမှမြေပုံလိုလို သားရေပြားလေးကို ထုတ်ကြည့်လိုက်လေသည်။

'မြေပုံအရ တို့ရှာနေတာ ဒီနားတစ်ဝိုက်ပဲဖြစ်နိုင်တယ်၊ လောလောဆယ်တော့ ဒီကျောက်တောင်ပေါ်ရောက်ရ



www.burmeseclassic.com

www.burmeseclassic.com



မအောင် '

နေသူရိန်ကပြောပြီး မြေပုံကိုအိတ်ထဲထည့်ကာ ရှေ့မှနေ၍ ကျောက်တောင်ပေါ်သို့ တက်သွားလေသည်။ ပြီးနောက် အပေါ်မှ နေရီကိုလက်လှမ်းပေးပြီး ခေါ်လိုက်သည်။ နေရီလည်း သူရိန်၏လက်ကိုလှမ်းကိုင်ပြီး အပေါ်သို့ခိုပြီး တက်လိုက်လေသည်။ ပြီးတော့ မောင်အေးကို ဆွဲတင်လိုက်သည်။

သုံးဦးစလုံးကျောက်တောင်ပေါ်ရောက်၍ ရှေ့ကိုကြည့်လိုက်သောအခါ သူတို့ထင်ထားသည့်အတိုင်း ရှေ့တွင် ချောင်းကလေးတစ်ခု ဂူတစ်ဂူထဲမှထွက်လာပြီးစီးဆင်းနေသည်ကိုတွေ့ရသည်။ စမ်းချောင်းလေးမှာ ဂူအမိုးနှင့်ခါးတစ်ဝက်ခန့်၌ရှိနေသည်။ နေသူရိန်သည် စမ်းချောင်းလေးထဲသို့ဆင်းပြီး ဂူထဲသို့ခေါင်းငုံ့ပြီးဝင်သွားလေသည်။ ဂူအဝဖြစ်၍ အလင်းရောင်ရှိနေပြီး ဂူထဲတွင်ဘာမှမရှိကြောင်းတွေ့ရ





သည်။ သို့သော် ရှေ့တွင်အနည်းငယ်မှောင်နေသည်။

သူရိန်က မောင်အေးထံမှလက်နှိပ်ဓာတ်မီးတောင်းယူပြီး ထိုးကြည့်လိုက်သည်။ ဂူကသိပ်ပြီး နက်ပုံမရပါ။ ရေစီးကြောင်းထဲတွင် အဝါရောင်အမှုန့်များ ပါလာသည်ကို တွေ့လိုက်ရသည်။ သူသဘောပေါက်သွားသည်။ ဒီဂူဟာ ရွှေကြောတစ်ခုဖြစ်နိုင်သည်ဟု ...

သူရိန်က နေရီနှင့်မောင်အေးတို့အား

' ဒီဂူကို တခြားလူတွေမတွေ့အောင် ဒီစမ်းချောင်းလေးရဲ့အောက်ပိုင်းကို ရေစစ်လိုလုပ်ထားရအောင်၊ ဒါမှ ရွှေမှုန့်တွေအောက်ကို မျောပါမသွားအောင်၊ တို့လိုပဲ တခြားလူတစ်စုလည်း ဒီနားကိုရောက်မလာဘူးလို့ မပြောနိုင်ဘူး၊ တို့ကတော့တို့ရဲ့လုပ်ငန်းအောင်မြင်ရင် ဒီရွှေကြောကိုနိုင်ငံတော်ကိုအပ်ရမယ်၊တို့ကတော့ တို့ရှာနေတဲ့ ရတနာတွေရရင် စေတီတည်ပြီး ကျန်တာတွေကိုတို့ခွဲဝေယူကြတာပေါ့ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား၊ အစ်ကိုပြောတာကိုလက်ခံကြသလား '

' ဆရာ့သဘောပါ၊ ဆရာပြောတဲ့အတိုင်းလိုက်နာပါ့မယ် '

' နေရီကရော သဘောတူရဲ့လား ... '

' နေရီ့ကို မေးနေစရာလိုသေးလို့လား၊ နေရီ ဒါတွေ မမက်ပါဘူး '

သုံးယောက်သား ကျောက်တောင်ပေါ်မှပြန်ဆင်းကာ မြေပုံပါ အတိုင်းဆက်ပြီးခရီးဆက်ခဲ့ကြလေသည်။ ထိုအချိန်တွင် မောင်အေးက ...

' ဆရာ ... ဆရာ '

' ဘာလဲကွ မောင်အေး '

' ခုမှသတိရတယ်ဆရာ၊ ယုန်လေးပျောက်နေတယ် '

' အေးဟုတ်သားပဲ၊ ဒီနားတစ်ဝိုက်ကိုရှာကြည့်ပါဦး '





သူတို့သုံးဦးလိုက်ရှာကြသော်လည်း ယုန်ကလေးကို မတွေ့ရတော့ပါ။

' ထူးဆန်းလိုက်တာ၊ တစ်ချိန်လုံးဘယ်မှမသွားဘဲ တို့နားမှာနေခဲ့တဲ့ယုန်ကလေး ခုတော့ လုံးဝပျောက်သွားပါလား ... '

သူရိန်က ပါးစပ်ကလည်းပြော ယုန်ကလေးကိုလည်း မျက်စိဖြင့် ရှာကြည့်နေမိသည်။ သို့သော်အစအနပင် မတွေ့တော့ပါ။သူရိန်တို့လည်း လက်လျှော့ကာ ခရီးဆက်ခဲ့ကြသည်။ တဖြည်းဖြည်းလျှောက်လာခဲ့ကြရာ စေတီလေးကိုတွေ့လိုက်ရသည်။ စေတီဟုဆိုသော်လည်း စေတီနှင့်မတူပါ၊ ကျောက်တောင်ပေါ်တွင် အုတ်ပုံလေးပုံထားသလိုသာဖြစ်နေသည်။ နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်သောကြောင့် အကောင်းပကတိ အတိုင်းရှိမနေသည်မှာ မဆန်းတော့ပါ။

' အစ်ကိုတို့ရှာနေတဲ့ တောင်ကိုတွေ့ရပြီ၊ မြေပုံထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပါတဲ့အတိုင်းပဲ၊ တောင်ထိပ်မှာ စေတီလေးတစ်ဆူနဲ့ ဒီတောင်ပဲဖြစ်နိုင်တယ်၊ လာ တောင်နားကိုသွားကြရအောင် '

သူရိန်ကပါးစပ်ကပြောပြီး ရှေ့မှသွားသည်။ သူ့နောက်က နေရီလိုက်လာပြီး မောင်အေးက နောက်မှာရှိနေသည်။ ထိုအချိန်တွင် မောင်အေးက ...

'ဆရာ ... ဆရာ '

နောက်မှ မောင်အေးခေါ်သံကြောင့် သူရိန်နောက်ကိုလှည့်ကြည့်လိုက်သည်။ မောင်အေးက ခေါ်ပြီးတစ်နေရာကိုလက်ညှိုးထိုးပြနေသည်။ သူရိန်နှင့်နေရီတို့ မောင်အေးလက်ညှိုးထိုးပြသည့်နေရာကို ကြည့်လိုက်ကြသည်။ လေးငါးပေခန့်အမြင့်ရှိသော ကျောက်တုံးတစ်တုံးပေါ်တွင် ခြင်္သေ့ခေါင်းပုံစံတစ်ခုကို တွေ့လိုက်ရသည်။ သေသေချာချာ အနားတိုးကပ်ကြည့်လိုက်သောအခါ ခြင်္သေ့ခေါင်း၏နှာခေါင်းတွင်ကွင်းတစ်ခုလိုပုံစံကို တွေ့ရသည်။ သူရိန်သည် မြေပုံကို





တုတ်ကြည့်လိုက်သောအခါ မြေပုံတွင်တောင်နားမရောက်မီကျောက်တုံးလိုလို တောင်လိုလိုပါနေသည်ကို တွေ့ရလေသည်။

'မောင်အေး တို့ရှာနေတဲ့နေရာကတော့ ကျိန်းသေသွားပြီ၊ မြေပုံထဲမှာတော့ ဒီနေရာနဲ့ (၄)ဖာလုံလောက်သွားရင် တို့ရှာနေတဲ့ဂူကို တွေ့ရပြီ၊ ကဲ ... လာဆက်သွားကြရအောင် '

ထိုအချိန်တွင် သူတို့နောက် ၂ဖာလုံခန့်မှ တောတိုးသံလိုလို သစ်ရွက်နင်းသံလိုလို ကြားလိုက်ရသည်။ သူတို့နားလိုက်သောအခါ ခြေသံများကပိုပြီးသိသာလာသည်။ သူတို့နောက်မှ လူတစ်စုလိုက်နေတာသေချာသွားပြီ၊ သူတို့သွားရာလမ်းကို ခြေရာခံပြီးလိုက်နေမှန်း သိသာသွားသည်။

သူရိန်တို့သုံးဦးလည်း ကျောက်တုံးကြီးနောက်သို့ဝင်ရောက် ပုန်းနေလိုက်ကြပြီး နောက်မှလိုက်လာသူများအား



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်နေလိုက်သည်။ သူရိန်တို့ထင်ထားသည့်အတိုင်းပင် လူ၅ဦးခန့်ရှိမည်ထင်ရသည်။ သူတို့နှင့်နီးသည်ထက်နီးလာသည်။သူတို့နှင့် သိပ်မကွာသောနေရာသို့ ရောက်လာသောအခါ မောင်အေးကသူရိန်ကိုလှမ်းပြောလိုက်သည်။

' ရွာထဲကလူတွေပဲဆရာ၊ သူတို့ကိုကျွန်တော်သိတယ်၊ ရှေ့ဆုံးက အမဲလိုက်သမား ကိုရွှေတိုးပဲ၊ သူ့နောက်က သူ့တပည့်တွေ၊ သူတို့ ဘယ်ကိုသွားကြမလဲမသိဘူး၊ မနေ့က စမ်းချောင်းနားမှာ အမဲပစ်လိုက်တာ သူတို့တွေပဲဖြစ်မယ် '

' ဒါဆို တို့ ... သူတို့တွေကိုစောင့်ကြည့်ရအောင် '

အမဲလိုက်သမားများ သူတို့နှင့်နီးလာသည်။ သူရိန်တို့လည်း အသံမကြားရအောင် ငြိမ်သက်စွာစောင့်ကြည့်နေကြသည်။ ရွှေတိုးက ရှေ့ဆုံးမှနေ၍ သူ့တပည့်များကို လှမ်းအော်လိုက်သည်။

' ဟေ့ကောင် ... ကျားကြီးတို့ မြန်မြန်လာကြကွာ၊





တို့အရင်ရောက်မှဖြစ်မယ်၊ မဟုတ်ရင် သူတို့ဦးသွားလိမ့်မယ်'

သူရိန်က စဉ်းစားလိုက်သည်။ အခြေအနေကြည့်ရတာ သူတို့လည်း တစ်ခုခုကိုရှာနေကြတာဖြစ်လိမ့်မည်။ ထိုလူစု သူတို့နှင့်မလှမ်းမကမ်းသို့ ရောက်လာကြသည်။ နီးနီးကပ်ကပ်ကြည့်လိုက်တော့ တောပစ်သမားများဖြစ်ကြသော်လည်း သူတို့ပြောသည့်စကားအရ တစ်ခုခုကိုရှာနေသည်မှာ သေချာသွားသည်။

သူတို့နှင့်များလမ်းကြောင်းတူနေမလားဟု သူရိန်စိုးရိမ်နေမိသည်။ တောပစ်ဘမားများ သူတို့နှင့်ခပ်လှမ်းလှမ်းရောက်သွားမှ ထွက်လာခဲ့ကြသည်။

' ဆရာ သူတို့နဲ့နီးလို့မဖြစ်ဘူးနော် '

မောင်အေးက သတိပေးရင်းလှမ်းပြောလိုက်သည်။

' အေး ဟုတ်တယ်၊ တို့လည်း သတိထားရမယ်၊ သူတို့ဟာ တို့ရန်သူဖြစ်သလို တို့ဟာလည်းသူတို့ရဲ့ ရန်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်၊ သတိတော့ထားရမယ်၊ ဒါနဲ့တို့ရဲ့လမ်းကြောင်းကို ပြန်ကြည့်ပါဦး '

သူရိန်ကသတိပေးစကားပြောသလိုနှင့် နေရီနှင့် မောင်အေးကိုလှမ်းပြောလိုက်သည်။ မောင်အေးက ပတ်ဝန်းကျင်ကို အကဲခတ်သလိုနှင့် သူတို့သွားရမည့်လမ်းကြောင်းကို ရှာနေမိသည်။ လမ်းကြောင်းက ရှေ့မှသွားနေသည့်လူတွေနှင့် တစ်လမ်းတည်းဖြစ်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် သူတို့လည်း ထိုလူစုနောက်မှလိုက်ခဲ့ကြလေသည်။





# အခန်း (၂၀)

## နွယ်ရှင်ဟောင်



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေတိုးတို့အုပ်စု ရှေ့မှသွားနှင့်ရာ ၃နာရီလောက် ကြာသောအခါ စေတီနှစ်ဆူတည်ထားသော ကျောက်တောင် နားသို့ ရောက်လာလေသည်။ ဦးရွှေတိုးက ကျောက်တောင်ကို အကဲခတ်ကြည့်လိုက်သောအခါ နှစ်ပေါင်းများစွာကြာမြင့် လှပြီဖြစ်သဖြင့် ကျောက်တောင်မှာ နွယ်ပင်များဖြင့်ဖုံးလွှမ်း နေပြီး နွယ်တောကြီးတစ်ခုလိုဖြစ်နေသည်။

'ကဲ ... တပည့်တို့၊ တောင်ပေါ်တက်ဖို့လမ်းကြောင်း ရှာကြရအောင်၊ တောင်ပေါ်မှာရှိတဲ့စေတီကို တို့လေ့လာရ မယ် '





ဦးရွှေတိုး၏စကားကြောင့် တပည့်နှစ်ဦးကတောင်ကို ပတ်ပြီးရှာလေသည်။ အနောက်ဘက်သို့ လျှောက်လာသော အခါ အထစ်ကလေးများ သူ့အလိုလိုဖြစ်ပေါ်နေသော လမ်းကလေးကိုတွေ့လိုက်ရသည်။

တပည့်များက ဓားတစ်ယောက်တစ်လက်ဖြင့် ရှေ့မှ ပိတ်ဆီးနေသောနွယ်များကို ခုတ်ထွင်ရှင်းလင်းကြသည်။ ဓားဖြင့်ခုတ်လိုက်သောကြောင့် နွယ်များမှာနောက်သို့ဆုတ် သွားသလိုမျိုးမြင်လိုက်ရသလို တွန့်လိမ်ကောက်ကွေးသွား သည်ကိုလည်း အံ့ဩစွာတွေ့လိုက်ရလေသည်။

ဦးရွှေတိုး၏တပည့်နှစ်ဦးမှာ ဆက်ပြီးမခုတ်ဝံ့တော့ဘဲ ကြောင်ပြီးကြည့်နေမိသည်။ တပည့်တစ်ဦးက ...

'ဟော့ကောင်ကြွက်နီ ဆက်မခုတ်နဲ့တော့၊ အန္တရာယ် ရှိတယ်၊ဒါ နွယ်ရှင်တွေဖြစ်နိုင်တယ်၊ တောင်ပေါ်တက်ဖို့ လွယ်ပုံမလား၊ ဆရာကြီးကို သွားပြောရအောင် '



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် ကြွက်နီနှင့်မောင်ပြူးတို့ ဦးရွှေတိုးဆီ ရောက်လာခဲ့ကြသည်။

'ဆရာကြီး ... ဆရာကြီး၊ တောင်ရဲ့အနောက်ဖက်မှာ လှေကားထစ်လို လမ်းကလေးတွေ့တယ်၊ ဒါနဲ့ ကျွန်တော်တို့လည်း လမ်းကြောင်းရှင်းရင်း နွယ်တွေကိုခုတ်လိုက်တာ နွယ်တွေကနွယ်ရှင်တွေဖြစ်နေတယ်၊ အဲဒါ တောင်ပေါ်ကို ဘယ်လိုတက်ရမလဲ'

'လွယ်ပါတယ်ကွာ လာ ... ငါပြမယ်'

ဦးရွှေတိုးမှာ သူ့တပည့်များထမ်းလာခဲ့သော သေတ္တာနှစ်လုံးမှ တစ်လုံးကိုသော့ဖြင့်ဖွင့်ခိုင်းလိုက်သည်။ ထို့နောက် သေတ္တာထဲမှ 'အက်စစ်' ဟုရေးထားသော သံဗူးအရှည်နှစ်လုံး သုံးလုံးကိုယူလာခဲ့ရန်ပြောလိုက်သည်။

တပည့်များနှင့်ဦးရွှေတိုးသည် နွယ်ရှင်များရှိရာသို့ ရောက်လာခဲ့ကြလေသည်။ ထိုနေရာရောက်သောအခါ





ဦးရွှေတိုးက ကြွက်နီထံသံဗူးတစ်ဗူးပေးလိုက်ပြီး ...

'လမ်းကြောင်းမှာရှုပ်နေတဲ့ သတ္တဝါမှန်သမျှ ဒါနဲ့ ဖြန်းလိုက်ကြ'

ကြွက်နီနှင့်မောင်ပြူးတို့သည် ရှေ့မှသွားကာ အက်စစ်ထည့်ထားသောသံဗူးဖြင့် နွယ်ရှင်များကိုဖြန်းလိုက်လေသည်။ ရှေ့မှနွယ်ရှင်များသည် အက်စစ်နှင့်ထိသောအခါ တွန့်လိမ်ပြီးခြောက်သွေ့သလိုဖြစ်သွားသည်။နွယ်ရှင်များ အတော်ရှင်းသွားသောအခါ စေတီရှိရာကျောက်တောင်ပေါ်သို့တက်ခဲ့လေသည်။တောင်အောက်တွင်တပည့်အချို့ ကျန်ခဲ့လေသည်။

ဦးရွှေတိုးသည် စေတီနှစ်ဆူနားရောက်သောအခါ လှည့်ပတ်ကြည့်ရှုနေသည်။ အမှန်တကယ်မှာ သူ၏တပည့်တစ်ဦးမကောင်းမှုကြောင့် ဒီအကြောင်းတွေကို သိခဲ့ရခြင်းဖြစ်သည်။ သူသိရှိခဲ့သည့် စေတီလေးနှစ်ဆူကတော့ မှန်နေလေပြီ၊ သို့သော်ရတနာပစ္စည်းတွေကတော့ ဘယ်မှာရှိသည်ဟာယ်



www.burmeseclassic.com

www.burmeseclassic.com



လိုယူရမည်ဆိုသည်ကိုမသိဘဲ အကျပ်ရိုက်နေလေသည်။

ဦးရွှေတိုးလည်း သူ့တပည့်ပြောလိုက်သည့်အတိုင်း သူတို့လာသည်အထိစောင့်ပြီး ရတနာတွေရပြီးမှ လုပ်စရာရှိတာတွေဆက်လုပ်ရမှာဘဲဟု စဉ်းစားမိလိုက်သည်။ ထို့ကြောင့် တစ်ချက်ပြုံးလိုက်ကာ တောင်အောက်သို့ပြန်ဆင်းလာခဲ့လေသည်။ သူ့တပည့်များကိုလည်း ကျောက်တောင်နှင့် မနီးမဝေးတွင် စခန်းချစေပြီးအနားယူခိုင်းလိုက်သည်။

သိပ်ကြာကြာမစောင့်လိုက်ရပါ၊ သူရိန်တို့လူစုရောက်လာကြသည်။ သူရိန်တို့ကလည်း သူတို့ရှေ့မှသွားသော ဦးရွှေတိုးတို့ကိုတွေ့လိုက်ရ၍ တစ်မျိုးထင်မိသည်။ သူတို့လမ်းနှင့်မတူဟုယူဆပြီး ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်လိုက်သော်လည်း လူရိပ်လူယောင်ပင်မတွေ့ရ၍ စိတ်ချသွားလေသည်။

အမှန်မှာ ဦးရွှေတိုးတို့လူစုက သူတို့ကိုအဝေးတစ်နေ





ရာမှ မှန်ပြောင်းဖြင့်စောင့်ကြည့်နေသည်။

သူရိန်က မောင်အေးကိုလှမ်းခေါ်လိုက်သည်။

'မောင်အေး'

'ဗျာ ... ဆရာ'

'ဒီနားကို အိတ်ယူလာခဲ့ပါ'

'ဟုတ်ကဲ့ ဆရာ'

မောင်အေးဆီမှ အိတ်ကိုယူလိုက်ပြီး အဝိုင်းပြားလေး ၄ခုကိုထုတ်ယူလိုက်သည်။ သူရိန်၏စိတ်ထဲတွင် အဝိုင်းပြားလေးကို ဘယ်လိုအသုံးပြုရမည်ကို အလိုလိုသိနေသလိုခံစားနေရသည်။ အဝိုင်းပြားလေးများကိုယူလာပြီး ကျောက်တောင်နားသို့ကပ်လာသည်။

'မောင်အေး ဒီကိုခဏလာပါဦး'

မောင်အေးအနားရောက်လာသောအခါ သူရိန်က သူညွှန်ပြသောနေရာကို ဓားတစ်ချောင်းဖြင့်ရှင်းခိုင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူညွှန်ပြလိုက်သည့်နေရာမှာ ကျောက်တောင်၏နံရံ ပေါ်မှ လူဝင်ပေါက်လိုပုံစံမျိုးပေါ်လာလေသည်။ လူဝင်ပေါက်၏အပေါ်ဘက်တွင် လေးထောင့်သဏ္ဍာန် နေရာလေးတစ်ခုကို တွေ့ရလေသည်။ ထိုနေရာလေးကို စုတ်တံဖြင့်သေသေချာချာရှင်းလိုက်သောအခါ လေးထောင့်ပုံ၏ထောင့်လေးထောင့်တွင် အပေါက်ဝိုင်းတစ်ခုစီ တွေ့လိုက်ရလေသည်။ သူရိန်လည်း သူ့လက်ထဲတွင်ပါလာသည့် အဝိုင်းပြားလေးပြားကို အပေါက်ဝိုင်းတစ်ခုစီထဲသို့ထည့်လိုက်လေသည်။ လေးပြားစလုံးထည့်ပြီးသွားသောအခါ အထဲမှအသံတစ်သံကိုကြားလိုက်ရသည်။ အသံမှာ စက်သီးကြိုးများလှည့်ပတ်သွားနေသောအသံဖြစ်ပြီး ခဏအကြာတွင်ရပ်သွားလေသည်။

ထို့နောက် ' ဂျောက် 'ဆိုသည့်အသံကိုကြားလိုက်ရပြီး လူဝင်ပေါက်လိုဖြစ်နေသော ကျောက်တံခါးချပ်ကြီးမှာ တဖြည်းဖြည်းပွင့်လာလေသည်။





' ပွင့်သွားပြီဆရာ .. ဟိုမှာရွှေစေတီလေးနှစ်ဆူ၊ ရွှေစေတီလေးဘေးနားမှာ ရွှေနဲ့လုပ်ထားတဲ့မြွေနှစ်ကောင်လည်းရှိနေတယ်၊ သူ့ရှေ့မှာလည်း သေတ္တာသုံးလုံးကိုတွေ့တယ်၊ ဒါဆို ကျွန်တော်တို့ရှာနေတဲ့ ရတနာတွေတွေ့ပြီပေါ့နော် '

' အေး ဟုတ်တယ် မောင်အေး ... တို့ရဲ့အရင်ဘဝက အမွေတွေပြန်ရပြီဆိုတော့ လုပ်သင့်လုပ်ထိုက်တာတွေလုပ်ရမယ် '

သူရိန်ပြောနေစဉ် တစ်နေရာမှညာသံပေးပြီး ထွက်လာသည့်အသံများကိုကြားလိုက်ရသည်။

'မင်းတို့သုံးယောက်စလုံး ငြိမ်ငြိမ်လေးရပ်နေကြပါ'

သူရိန်သိလိုက်ပြီ၊ ရှေ့ကသွားတဲ့လူတွေဖြစ်နေသည်။ သူတို့ကညာဏ်များပြီး သူတို့၏လုပ်ရပ်ကိုစောင့်ကြည့်နေကြသည်။ ပိုင်မှထွက်လာကြသည်။

' ကဲ တပည့်တို့ သူတို့သုံးယောက်ကို သစ်ပင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးနဲ့တုပ်ထားလိုက် '

ဦးရွှေတိုးက အမိန့်ပေးလိုက်သည်။

'အင်းခုမှပဲ တို့တွေလိုချင်တာကို ရတော့တယ်၊ ရွှေသေတ္တာတွေ လက်တစ်ကမ်းမှာရောက်နေပြီ၊ တို့တွေသူဌေးဖြစ်ပြီကွ '

ဦးရွှေတိုး၏ ဝမ်းသာအားရပြောလိုက်သောစကားကြောင့် သူ့တပည့်များ ပျော်ရွှင်သွားကြသည်။ သူတို့ဆရာ၏ အောင်မြင်စွာကြုံးဝါးလိုက်သံကြောင့်လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပီတိများဖြာနေတော့သည်။

' ကဲ တပည့်တို့၊ ဟိုမှာတွေ့နေရတဲ့ ရွှေသေတ္တာတွေကို သွားသယ်ကြစမ်း '

ဦးရွှေတိုး၏ တစ်ချက်လွှတ်အမိန့်ကြောင့် တပည့်များမှာကျောက်ဂူအတွင်းပိုင်းတွင်ရှိနေသော ရွှေသေတ္တာများဆီသို့ အပြေးတစ်ပိုင်းဖြင့်သွားကြလေသည်။ ကျောက်တောင်





၏အဝမှ သေတ္တာများရှိရာနေရာသို့ ပေ ၇၀ ခန့်ရှိလိမ့်မည်ထင်သည်။

ဦးရွှေတိုးမှာ သူ့တပည့်များဝင်သွားသည့်လမ်းကြောင်းကို မျက်တောင်မခတ်ဘဲကြည့်နေသည်။ သေတ္တာနားသို့ရောက်သွားသောအခါ စေတီနှစ်ဆူ၏ဘေးနားတွင် ပါးပျဉ်းထောင်နေသော ရွှေရောင်အဆင်းရှိမြွေရုပ်နှစ်ရုပ်ကိုကြည့်လိုက်မိသည်။ ဦးရွှေတိုး၏ တပည့်နှစ်ဦးမှာ မြွေရုပ်တုကိုမကြည့်ဘဲမနေနိုင်အောင်ဖြစ်နေမိသည်။

ထိုအခါ မြွေ၏မျက်လုံးများက တပည့်နှစ်ဦး၏မျက်လုံးများကို ညို့ယူဖမ်းစားထားသလားထင်ရသည်။ကြည့်နေရင်းမှပင်ရှုးကနဲအသံတစ်မျိုးကြားရကာ အငွေ့များထွက်လာ ပြီး ဦးရွှေတိုး၏တပည့်နှစ်ဦးမှာ ထိုအငွေ့များကို ရှူရှိုက်မိလေသည်။တပည့်နှစ်ဦးမှာ ဘာမှမလုပ်နိုင်ဘဲ ခွေကနဲလဲကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချင်းအရာကို အပြင်ဘက်မှဦးရွှေတိုး၏တပည့်တစ်ဦးက မြင်လိုက်လေသည်။

'ဟိုနှစ်ကောင် ဘာဖြစ်သွားလဲမသိဘူး၊ တို့ သွားကြည့်ကြရအောင်'

BURMESE CLASSIC .com

ဦးရွှေတိုးဦးဆောင်ကာ ဂူထဲသို့ဝင်သွားလေသည်။ ဂူပြင်၌ သုံးယောက်သာကျန်တော့သည်။ ဦးရွှေတိုးနှင့် သူ့တပည့်များ သေတ္တာများရှေ့သို့ရောက်သောအခါ စေတီနောက်မှ မြွေများထွက်လာကြသည်။ ကျောက်တောင်အကြိုအကြားများမှလည်း မြွေများထွက်လာကြသည်။

နေရာအားလုံးမှမြွေများထွက်လာကြသောကြောင့် ဂူအတွင်းပိုင်းတွင်ရောက်နေကြသော ဦးရွှေတိုးတို့လူစုမှာ ထိတ်လန့်တုန်လှုပ်ကာ အပြင်သို့ထွက်ပြေးရန်စိတ်ကူးနေသည်။ ရွှေသေတ္တာများကိုသယ်ရန်ပင် သတိရဟန်မတူတော့ပါ။





ဦးရွှေတိုးက သူ့တပည့်များကို လက်ထဲမှာပါလာသည့်ဓားများဖြင့် မြွေတွေကိုခုတ်သတ်ရန် အမိန့်ပေးလိုက်သော်လည်း မြွေများမှာပိုမိုများပြားလာလေသည်။ အချို့မှာ မြွေကိုက်၍လဲကျကုန်သည်။ ဦးရွှေတိုးနှင့် တပည့်နှစ်ဦးသာကျန်တော့သည်။ နောက်ဆုံးတွင် ဦးရွှေတိုးလည်းကျန်တပည့်နှစ်ဦးနှင့်အတူ မြွေများ၏ဝိုင်းဝန်းကိုက်မှုကြောင့် သေဆုံးကုန်ကြလေသည်။ အပြင်ဘက်တွင်ကျန်ရစ်ခဲ့သော တပည့်သုံးဦးမှာလည်း သူတို့လူအားလုံးသေကုန်ကြသည်ကို မြင်လိုက်ရသဖြင့် ကြောက်လန့်ကာထွက်ပြေးကြလေသည်။

နေသူရိန်တို့လည်း အဖြစ်အပျက်များကို မြင်လိုက်ရသောအခါ မှင်တက်မိပြီးကြောင်ကြည့်နေကြလေသည်။ သို့သော် သူတို့ကို ကြိုးဖြင့်ချည်ထားသောကြောင့် မလှုပ်သာဖြစ်နေသည်။ ကြိုးကိုဘယ်လိုဖြေရမလဲဟု စဉ်းစားနေစဉ်မှာပင် ချုံပုတ်တစ်ခုထဲမှ ယုန်ကလေးထွက်လာသည်ကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

'ဆရာ ... ဟိုမှာယုန်ကလေး၊ ဘယ်လိုကနေဘယ်လိုပေါ်လာသလဲမသိဘူး၊ ကျွန်တော်တို့ဆီလာနေတယ် '

ယုန်ကလေးသည် သူတို့နားသို့ရောက်လာပြီး ချည်ထားသောကြိုးများကို သွားဖြင့်ကိုက်ဖြတ်ပေးနေသည်။မကြာခင်မှာကြိုးကပြတ်လုပြတ်ခင်ဖြစ်သွားသည်။မောင်အေးနှင့်နေသူရိန်က အတင်းရုန်းလိုက်သဖြင့် ကြိုးပြတ်သွားသည်။ ထို့နောက် နေရီကိုချည်ထားသောကြိုးများကို ဖြတ်ပေးလိုက်သည်။ ကြိုးများအားလုံး ပြေသွားသောအခါ ကျောက်တောင်နားသို့ကပ်လာကြလေသည်။ အထဲသို့ကြည့်လိုက် သောအခါ စောစောကမြွေများမှာမရှိကြတော့ဘဲ ဘယ် ရောက်သွားသည်မသိပါ၊ သစ်ရွက်ခြောက်များသာ ပြန့်ကျဲနေသည်ကို တွေ့လိုက်ရသည်။

သို့သော် အထဲသို့မဝင်ရဲသေးဘဲ ခဏကြာသည်





အထိ ကြည့်နေလိုက်သည်။ ထိုအခါ ယုန်ကလေးကရှေ့မှနေ၍ ကျောက်ဂူထဲသို့ဝင်သွားလေသည်။ ယုန်ကလေး ရွှေသေတ္တာနားသို့ရောက်မှပင် နေသူရိန်တို့တစ်တွေလိုက်ဝင်ခဲ့သည်။

'လာ ... နေရီ၊ အစ်ကိုတို့ စေတီလေးနားသွားရအောင် '

နေသူရိန်ကပြောရင်း ရှေ့မှသွားလေသည်။ သူတို့သုံးယောက် စေတီလေးနားသို့ရောက်သောအခါ နေသူရိန်နှင့်နေရီမှာစေတီလေးကိုကြည့်ရင်း စိတ်ထဲတွင်အလိုလိုဝမ်းနည်းလာသလိုခံစားရသည်။ စေတီလေးကို သေသေချာချာကြည့်ရင်း နေသူရိန်ကလက်နှစ်ဖက်ဖြင့် မ,လိုက်လေသည်။ ထိုအခါ စေတီလေးအောက်ခြေတွင် အရည်လဲ့နေသော ကြက်ဥခန့်ပမာဏရှိသည့် ပတ္တမြားကြီးတစ်လုံးထွက်လာသည်။

နေရီကလည်း ဒုတိယစေတီလေးကို မ,လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ စိန်တုံးတစ်တုံးထွက်လာလေသည်။ အမှန်တကယ်မှာ သူရိန်နှင့်နေရီတို့သည် အရင်ဘဝကအကြောင်းအရာများကို စိတ်ထဲတွင်ခံစားသိရှိနေကြပြီး စေတီအောက်တွင် တစ်ခုခုရှိနေလိမ့်မည်ကို စိတ်ထဲတွင်ကြိုတင်သိနေကြခြင်းဖြစ်သည်။

တကယ်တမ်းတွင် နေသူရိန်နှင့်နေရီတို့မှာ အရင်ဘဝကတော်စပ်ခဲ့သော မင်းသားလေးနန္ဒသူနှင့် နယ်စားမလေးမနော်ဟာရီတို့ပင်ဖြစ်လေသည်။ ရွှေစေတီနှစ်ဆူမှာ ၎င်းတို့နှစ်ဦး၏ အဓိဋ္ဌာန်ဖြင့်ထားခဲ့ကြခြင်းဖြစ်သည်။ ကျောက်တောင်ပေါ်ရှိ စေတီလေးနှစ်ဆူကိုလည်း ချစ်သူနှစ်ဦးတည်ထားခဲ့သည့် လွမ်းစေတီလေးဖြစ်သည်။

'အစ်ကို... ဒီစေတီလေးနှစ်ဆူကိုကြည့်ရင်းနဲ့ ငိုချင်လာသလိုခံစားရတယ်၊ ဘာကြောင့်လဲမသိဘူး၊ ဒီစေတီလေးနှစ်ဆူကိုလည်း တွေ့ဖူးသလိုခံစားရတယ်'

'အစ်ကိုလည်း ဒီအတိုင်းပါပဲနေရီရယ်၊ လာ နေရီ၊





အစ်ကို သတိရလာပြီ၊ ကျောက်တောင်ပေါ်တက်ကြရအောင်'

နေသူရိန်က ပါးစပ်ကပြောပြီး နေရီ့လက်ကိုဆွဲကာ ဂူအပြင်သို့ ထွက်လာခဲ့ကြသည်။ ကျောက်တောင်၏ဘေးရှိ လှေကားထစ်များမှ ကျောက်တောင်ပေါ်သို့တက်လာကြသည်။ ကျောက်တောင်ပေါ်တွင် လွမ်းစေတီလေးနှစ်ဆူကို တွေ့ရသည်။ စေတီလေးနှစ်ဆူမှာ ထီးတော်ပျက်စီးနေပြီး အုတ်များကွာကာ ရေညှိများတက်နေသည်။

BURMESE CLASSIC .com

'နေရီ ...'

'ပြောလေ အစ်ကို ...'

'ဒီစေတီလေးကို မှတ်မိရဲ့လား'

'မှတ်မိတာပေါ့'

'ဒါဆိုရင် ဒီစေတီရဲ့ထူးခြားချက်တစ်ခုကိုလည်း မှတ်မိမှာပေါ့'

'အင်း ... နေရီ စဉ်းစားဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း နေရီစဉ်းစားနေလေသည်။

' ဟာ ...မှတ်မိပြီ၊ အတိတ်ဘဝက စေတီရဲ့အုတ်တစ်ချပ်မှာ နေရီနာမည်ထိုးထားတယ်၊ ရှာကြည့်ရအောင် '

နေရီကပြောပြီး စေတီလေးကိုလှည့်ပတ်ပြီး ရှာလေသည်။

BURMESE CLASSIC .com

' တွေ့ပြီ အစ်ကို၊ ဒီမှာ မနော်ဟာရီ ' တဲ့

နေသူရိန်က နေရီပြလိုက်သော အုတ်ချပ်လေးကို ကြည့်လိုက်သောအခါ မနော်ဟာရီဆိုသည့် နာမည်လေးကို တွေ့လိုက်ရသည်။

' ဒါဆိုရင် နေရီက အရင်ဘဝက မနော်ဟာရီမင်းသမီးလေးပေါ့၊ ဟုတ်တယ်မဟုတ်လား၊ ဘဝဟောင်းက အမှတ်အသားတွေ ဒီဘဝမှာလာပြီးမှတ်မိနေတာက ရေးဘဝရေစက်ကြောင့်လား၊ မိမိဉစ္စာရင်းမှန်လို့ ပြန်ရတယ်လို့ပဲ ဆိုရမလား '





' ဒါနဲ့ အစ်ကိုလည်း ဘာမှတ်မိသလဲ ရှာကြည့်ပါဦး'

နေရီက သူရိန်၏စကားကို ဖြတ်ပြောလိုက်သည်။

' အစ်ကို စောစောကတည်းက ဒီစေတီလေးကို တွေ့တွေ့ချင်းမှတ်မိလာတယ်၊ ဒါကြောင့်လည်း နေရီ့ကိုဒီခေါ်လာတာပေါ့၊ ဒီစေတီလေးနှစ်ဆူဟာ အရင်ဘဝတုန်းက အစ်ကိုတို့အမိဋ္ဌာန်ပြီး တည်ထားတာဆိုတာ သိလိုက်ရတယ်၊ နောက်ပြီး အစ်ကိုမှတ်သားထားတာလည်းရှိတယ်ဆိုတာသိလိုက်တယ် '

နေသူရိန်ကပြောရင်း မနော်ဟာရီဟု နာမည်ထိုးထားသော စေတီလေးနှင့်မျက်နှာချင်းဆိုင်နေရာတွင်ရှိသော စေတီလေး၏တစ်နေရာတွင် နန္ဒသူဟုရေးသားထားသည်ကို ပြလိုက်သည်။ နေရီမှာအံ့ဩစိတ်ဖြင့် နေသူရိန်ကို ကြည့်မိသည်။ ပြီးမှ ...

' ဒါဆို အစ်ကိုက နန္ဒသူပေါ့ ...'



www.burmeseclassic.com

www.burmeseclassic.com



'အင်း ... ဒါကြောင့်လည်း နေရီကိုစတွေ့တွေ့ချင်း အရမ်းခင်မင်တဲ့စိတ်ဖြစ်မိတာကိုး၊ အရင်ဘဝက အစ်ကိုနဲ့ နေရီတို့ ဇနီးမောင်နှံတော်စပ်ခဲ့ဘူးတော့ ဒီဘဝမှာလည်း နေရာတစ်ခုထဲမှာ အတူလာပြီးနေရတယ်နော်၊ ဒီနေရာလေးကိုလည်း အစ်ကိုနဲ့နေရီတို့အတူတူလာချင်တဲ့စိတ်ဖြစ်မိတာလည်း မဆန်းတော့ဘူးပေါ့၊ ကဲ နေရီ အောက်ပြန်ဆင်းရအောင်၊ အောက်မှာ မောင်အေးတစ်ယောက်တည်းကျန်ခဲ့တယ်'

နေသူရိန်နှင့် နေရီတို့အောက်သို့ ပြန်ဆင်းလာကြလေသည်။ ဂူထဲပြန်ဝင်လိုက်သောအခါ မောင်အေးတစ်ယောက်မရှိ တော့ပါ။နေသူရိန်စိုးရိမ်သွားပြီး ပတ်ဝန်းကျင်ကိုလိုက်ရှာကြည့်သည်။ ဂူအပြင် သစ်ပင်တစ်ပင်အောက်တွင် မောင်အေးမှာ သူ့ဆရာနှင့်ဆရာမအလာကိုစောင့်နေသည်ကို တွေ့လိုက်ရသည်။





'ဟာ ... မောင်အေး၊ ငါ့မှာစိုးရိမ်လိုက်ရတာကွာ၊ ဒါနဲ့ ဒီမှာဘာလုပ်နေတာလဲ'

'ဆရာတို့ကို စောင့်နေတာလေ'

'ဆရာလည်း အပေါ်မှာရှိတဲ့စေတီလေးကို သွားကြည့်တာပါ၊ ပြင်ဆင်ဖို့လေ ...လာ ...တို့အထဲမှာရှိတဲ့ ရွှေသေတ္တာထဲကရွှေတွေကို နိုင်သလောက်သယ်ပြီး ကျန်တာတွေကို တစ်နေရာမှာမြှုပ်ထားကြမယ်'

နေသူရိန်နှင့် မောင်အေးတို့နိုင်သမျှရွှေတွေကိုသယ်ဆောင်ပြီး မိမိတို့နေထိုင်ရာရွာလေးဆီသို့ပြန်လာခဲ့ကြသည်။

နောက်မကြာမီ ...

ကျောက်တောင်လေးပေါ်တွင် စေတီသစ်လေးနှစ်ဆူမှာ တင့်တယ်သပ္ပါယ်စွာ တည်ရှိနေလေတော့သည်။ အစိုးရထံသို့လည်း ရွှေကြောရှိရာနေရာကို သတင်းပေးခဲ့၍လည်း ဆိုက်တန်သည့်ဆုများရရှိခဲ့ကြသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှစ်ဦးမှာ အရင်ဘဝကပစ္စည်းဥစ္စာများ ယခုဘဝတွင်ရရှိခံစားရ၍ ဝမ်းသာပီတိများဖြစ်နေတော့သည်။ နေသူရိန်နှင့်နေရီတို့ဘဝရေစက်ဟုပင် ပြောရမည်၊ ဒီဘဝမှာလည်းပေါင်းဖက်ကာ နှစ်ဘဝစလုံးမှာချစ်သူများအဖြစ်ဆုတောင်းပြည့်ခဲ့၍ ပျော်မဆုံးဖြစ်ကာ ချစ်သူနှစ်ဦးစလုံး၏ ဘဝလမ်းခရီး သာယာဖြောင့်ဖြူးလျက်ရှိနေမည် မဟုတ်ပါလား ...။ ။

*အစဥ်ကြိုးစားလျက်*

**မင်းစက္ကာ**

BURMESE CLASSIC .com



www.burmeseclassic.com